# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ငြိမ်းအေးသောစိတ်ရှိ

အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း မရှိ၊ ငြိမ်သက်သော ဣန္ဒြေ၊ ငြိမ်းအေးသောစိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့်ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၆)**


၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်နေ့ | ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်၊ စနေနေ့ | အတွဲ (၅၈)၊ အမှတ် (၀၈၃)


# NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၀)ဖွဲ့နှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲမှုခိုင်မာရေး၊ နိုင်ငံရေးသဘောတူညီချက်များရရှိရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန**
**သတင်းထုတ်ပြန်ချက်**
**(၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၄ ရက်)**
**(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)**

၁။ နှစ်ပေါင်းများစွာ အမြစ်တွယ်ခဲ့သော ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲစေရေးသာမက နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းဖြေရှင်းနိုင်ပြီး တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တလျက်ရှိသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းနိုင်ရန် အလေးထား၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးပြီးဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၀)ဖွဲ့နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲမှုခိုင်မာစေရန်၊ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ဖြင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သော အခြေခံမှုများရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် အဆိုပါနိုင်ငံရေးဆွေးနွေးပွဲ စားပွဲဝိုင်းများသို့ NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၈) ဖွဲ့လုံး အမြန်ဆုံးရောက်ရှိလာရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၃။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် စစ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား အပြန်အလှန် စိုးရိမ်မှုများ ပြေပျောက်စေရန်အတွက် အပြန်အလှန် ဆွေးနွေးညှိနှိုင်းနိုင်ရန် အရေးကြီးသဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့ ထုတ်ပြန်ချက်ကို ကြိုဆိုပါသည်။

၄။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအနေဖြင့် NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၁၀) ဖွဲ့နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲမှုခိုင်မာရေး၊ နိုင်ငံရေးသဘောတူညီချက်များ ရရှိရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သလို NCA လက်မှတ်မထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈) ဖွဲ့လုံး NCA လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံစားပွဲဝိုင်းများသို့ အမြန်ဆုံးရောက်ရှိလာရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ခရစ္စမတ်ပွဲတော်နှင့် ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားသို့ တက်ရောက်



**နေပြည်တော် ဒီဇင်ဘာ ၂၁**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် ယနေ့ညနေ ၅ နာရီခွဲတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ နေအိမ်၌ ကျင်းပသည့် ခရစ္စမတ်ပွဲတော်နှင့် ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊

*စာမျက်နှာ ၃ ကော်လံ ၁* ✣




မြန်မာ့အလင်း

# နှလုံးရည်ဖြင့် အဖြေရှာ

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးခဲ့ပြီး နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ခဲ့သည့် လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုမှ ခေါင်းဆောင်တစ်ဦးက ဤသို့ဆိုခဲ့ဖူးသည်။ NCA သည် မိမိတို့အတွက် အားသာချက်ဖြစ်ကြောင်း၊ NCA တွင် လက်မှတ်ရေးထိုးခဲ့သည့်အတွက် ရလာသည့် ရလဒ်အနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနှင့် ဖြေရှင်းရန် လမ်းစရလာခဲ့ကြောင်း၊ အထူးသဖြင့် တိုင်းပြည်တွင် အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တိုင်းရင်းသားအင်အားစု အားလုံးကရော ပြည်သူတစ်ရပ်လုံးကပါ လိုလားကြကြောင်း၊ အနာဂတ်ပြည်ထောင်စုကို မည်သို့မည်ပုံဖွဲ့စည်းသွားမည်ကို ယခင်က ပြောဆိုခွင့်မရှိခဲ့သော်လည်း ယခုအခါ တစ်နိုင်ငံလုံးတွင် လွတ်လွတ်လပ်လပ်ဆွေးနွေးတိုင်ပင်ညှိနှိုင်းမှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့ခြင်းဖြစ်သည်။

စစ်ရေးသည် နိုင်ငံရေးကို အခြားနည်းလမ်းဖြင့် ဖြေရှင်းခြင်းဖြစ်သည်ဟု ဆိုကြသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်ရေးပဋိပက္ခမှာ ဆယ်စုနှစ်များစွာ သက်တမ်းရှည်ကြာခဲ့ပြီဖြစ်သည်။ စစ်ရေးနည်းလမ်းဖြင့် ဆက်လက်ဖြေရှင်းနေမည်ဆိုပါက နှစ်ပေါင်း ၁၀၀ ကြာသည့်တိုင် အဖြေပေါ်မည်မဟုတ်။ ဖြေရှင်းနိုင်ဖွယ်မမြင်။ သို့ဖြစ်သည့်အလျောက် လက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့တို့က NCA တွင် ပါဝင်လက်မှတ်ရေးထိုးကာ နိုင်ငံရေးစားပွဲဝိုင်းဆီသို့ ရောက်ရှိလာကြသည်။ လက်ရုံးရည်ကိုစွန့်ကာ နှလုံးရည်သို့ မျက်နှာမူလာကြသည်။ သို့ရာတွင် လက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့တို့မှာ အကြောင်းကြောင်းကို အကြောင်းပြု၍ NCA တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းမပြုသေး။ အဖွဲ့အစည်းတစ်ခုချင်းစီအနေဖြင့် မည်သည့်အကြောင်းကို အရင်းခံသည်ဖြစ်စေကာမူ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် မပါဝင်ခြင်းဟူသော အကြောင်းတရားကြောင့် နိုင်ငံ၏ နယ်မြေဒေသအချို့တွင် ပစ်ခတ်တိုက်ခိုက်မှုများ၊ တိုက်ပွဲများက မလွှဲမရှောင်သာ ဆက်လက်ဖြစ်ပွားနေခဲ့သည်။ တိုက်ပွဲဖြစ်ပွားရာ နယ်မြေများအတွင်းမှ မြေစာပင်ဖြစ်သော အပြစ်မဲ့ပြည်သူများမှာ စစ်ဘေးဒုက္ခသည်များဘဝ ကျရောက်ခဲ့ရပြီး စစ်ရှောင်စခန်းများတွင် အနေကြာနေခဲ့ရသည်။ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ ကလေးငယ်များမှာ ပိုမို၍ ထိခိုက်ခံစားကြရသည့် သဘောသဘာဝရှိသည့်အလျောက် အတိဒုက္ခရောက်ကြရသည်။ လူငယ်လူရွယ်များ၏ အနာဂတ်များ ပျက်စီးပျောက်ဆုံးကြရသည်။ နိုင်ငံအနေဖြင့် ထိခိုက်နစ်နာမှုများမှာလည်း ဆိုဖွယ်ရာမရှိအောင် ဆုံးရှုံးရသည်။ စစ်ကြောင့် ပျက်စီးဆုံးရှုံးမှုများတွင် ရုပ်ပိုင်း စိတ်ပိုင်းထိခိုက်ဆုံးရှုံးမှုများ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံ့ဂုဏ်သိက္ခာတို့၏ တန်ဖိုးများက ကိန်းဂဏန်းဖြင့် တွက်ချက်ရန်ပင် လွယ်ကူမည်မဟုတ်။

မည်သို့ပင်ဆိုစေ စစ်ရေးပဋိပက္ခနှင့် နိုင်ငံရေးပြဿနာများကို တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ဖြေရှင်းရန် ဆန္ဒရှိကြောင်း (MNTJP/ MNDAA)၊ (PSLF/ TNLA)၊ (ULA/AA) အဖွဲ့တို့၏ ပြီးခဲ့သည့် ဒီဇင်ဘာ ၁၂ ရက်နေ့တွင် ထုတ်ပြန်သည့် ကြေညာချက်သည်လည်းကောင်း၊ အဆိုပါကြေညာချက်အား လှိုက်လှဲစွာ ကြိုဆိုထောက်ခံကြောင်း ယင်းနေ့တွင်ပင် ငြိမ်းချမ်းရေးကော်မရှင်က ထုတ်ပြန်ကြေညာခဲ့ခြင်းသည်လည်းကောင်း၊ NCA လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံးနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် တစ်ဖွဲ့ချင်းအလိုက် ညှိနှိုင်းဆွေးနွေးသွားနိုင်ရန် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၁၉ ခုနှစ် ဧပြီလ ၃၀ ရက်အထိ စစ်ဆင်ရေးနယ်မြေအလိုက် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများအားလုံးကို ရပ်ဆိုင်းပေးမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ထုတ်ပြန်ချက်သည်လည်းကောင်း၊ အဆိုပါထုတ်ပြန်ချက်ကို ကြိုဆိုသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ သတင်းထုတ်ပြန်ချက်သည်လည်းကောင်း ငြိမ်းချမ်းရေးကို မျှော်လင့်တောင့်တနေကြသည့် ပြည်သူတို့အတွက် သတင်းကောင်းများပင် ဖြစ်သည်။

ပြည်သူတို့၏ မျှော်လင့်ချက်များကို ဆက်လက်ရှင်သန်စေပြီး လက်နက်ကိုင်ပဋိပက္ခများကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် စားပွဲဝိုင်းတွင် အဖြေရှာပြီး ထာဝရငြိမ်းချမ်းရေးနှင့် အနာဂတ်ပြည်ထောင်စုကြီးကို ထူထောင်နိုင်ကြပါစေကြောင်း။ ။

# ကိုရီးယား-မြန်မာချစ်ကြည်ရေး (ဒလ) မြစ်ကူးတံတားတည်ဆောက်ရေးစီမံကိန်း ပန္နက်တော်တင်မင်္ဂလာအခမ်းအနား ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်မြို့ရှိ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းမကြီးနှင့် ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းမကြီးတို့ကို ဆက်သွယ်ပေါင်းကူး တည်ဆောက်မည့် ကိုရီးယား-မြန်မာချစ်ကြည်ရေး (ဒလ)မြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်း ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက်တွင် ဒလတံတားစီမံကိန်းဧရိယာဖြစ်သည့် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းမကြီး အာဇာနည်ကျောက်တိုင်ရှေ့ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသွားဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ သိရသည်။

အဆိုပါအခမ်းအနားတွင် တက်ရောက်လာကြမည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများကို မြန်မာ့ရိုးရာ ဆင်အက၊ ဒေါင်းအက၊ ရိုးရာသိုင်းအကတို့ဖြင့် ဧည့်ခံဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်းပြုလုပ်သွားမည်ဖြစ်ပြီး ကျွေးမွေးရေးအစီအစဉ်များအနေဖြင့် မုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ကြောင်း မြို့မိမြို့ဖ ဦးအောင်ကျော်မြင့်က ပြောကြားခဲ့သည်။

ဒလမြစ်ကူးတံတားတည်ဆောက်မည့် စီမံကိန်းလုပ်ငန်းခွင်ဧရိယာအတွင်းရှိသည့် မလွတ်ကင်းသော ကမာကဆစ်အနောက်ကျောင်းတိုက်ရှိ အောင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ကျန်စစ်သားရပ်ကွက် မြဝတီမင်းကြီးလမ်းဘေးရှိ တရားကွင်းမြေနေရာတွင် တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း၊ ထို့အတူ ကမာကဆစ်ရပ်ကွက် စက်တပ်သမွန်ဆိပ် လက်မှတ်ရုံနှင့် ကူးတို့ဆိပ်တို့ကို ရာဇသင်္ကြန်လမ်းမကြီးဘေး ယခင်ကူးတို့ဆိပ်နေရာဟောင်းတွင် ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့ (၂)မှ တာဝန်ယူတည် ဆောက်ပေးလျက်ရှိကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးမင်းသူထံမှ သိရသည်။

တံတားတည်ဆောက်ရေးစီမံကိန်း စတင်တော့မည်ဖြစ်ရာ တံတားအူကြောင်းနှင့် မလွတ်ကင်းသဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းက မြေယာလျော်ကြေးနှင့် မြေငှားရမ်းခများ ပေးချေခဲ့ပြီးဖြစ်သော ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းမကြီးပေါ်ရှိ မြေကွက် ၆၅ ကွက်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မြေငှားရမ်းခ၊ မြေယာလျော်ကြေးနှင့် ကရုဏာကြေးများ ပေးချေခဲ့ပြီးသော မြေကွက်များ၊ ဆိုင်ခန်းများ၊ နေအိမ်များနှင့် အဆောက်အအုံများကို ပြောင်းရွှေ့ဖယ်ရှားပြီး ယခုအခါ စီမံကိန်းခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တံတားဦးစီးဌာနမှ သိရသည်။

စီးပွားရေးမြို့တော် ရန်ကုန်မြို့နှင့် ရန်ကုန်မြစ်တစ်ဖက်ကမ်း ဒလမြို့နယ်တို့သို့ ပေါင်းကူးဆက်သွယ်တည်ဆောက်သွားမည့် တံတားအမျိုးအစားမှာ သံမဏိကြိုးဆိုင်းတံတားဖြစ်ပြီး မြန်မာနိုင်ငံ၌ သံမဏိကြိုးတံတားများထဲတွင် ဒလမြစ်ကူးတံတားသည် အမြင့်ဆုံးနှင့် အရှည်ဆုံး ကြိုးတံတားတစ်စင်းဖြစ်ကြောင်း၊ တံတားပေါ်တွင် ၅၀၀ မီလီမီတာ အချင်းရှိသည့် ရေချိုပိုက်လိုင်းနှစ်ခု ပါဝင်မည်ကြောင်း သိရသည်။ မြစ်ကူးတံတားကြီး ပြီးစီးအောင်မြင်သွားပါက ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ပြည်သူများစွာတို့၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပေသည်။

**နိုင်လင်းကျော် (ဒလ)**

# YBS ယာဉ်လိုင်းများအနက် ၂၄ နာရီ ဝန်ဆောင်မှုဖြင့် ယာဉ်လိုင်းလေးလိုင်း တိုးမြှင့်ပြေးဆွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော YBS ခရီးသည်တင်ယာဉ်လိုင်း ၂၀/၈၃/ ၉၈/ ၉၉ ယာဉ်လိုင်းများသည် လှိုင်သာယာမြို့နယ် ဒဂုံ-ဧရာအဝေးပြေးမှ စတင်ထွက်ခွာ၍ ရန်ကုန်မြို့တွင်းလမ်းများကို ကွေ့ပတ်ကာ လိုင်းအမှတ် ၂၀ နှင့် ၉၈ တို့သည် သခင်မြပန်းခြံအရောက်သွားလမ်းအတိုင်း ဒဂုံ-ဧရာအဝေးပြေးမှုလထွက်ခွာရာဂိတ်သို့ ပြန်လည်ဝင်ရောက်လာမည်ဖြစ်သည်။

လိုင်းအမှတ် ၉၉ မှာ လှိုင်သာယာမြို့နယ် မှ ရန်ကုန်မြစ်ကူး ကြိုးတံတားကို ဖြတ်ကာ အင်းစိန်-မရမ်းကုန်း-ရန်ကင်း-တောင်ဥက္ကလာပ-တောင်မြောက်လမ်းဆုံ-တောင်ဒဂုံမြို့နယ် ရွှေလီအိမ်ရာ/ ရွှေလီလမ်းဂိတ် မှ အသွားလမ်းအတိုင်း ပြန်လာ၍ ဒဂုံဧရာ အဝေးပြေးဂိတ်ဆုံးကို ပြန်လည်ဝင်ရောက်လာမည် ဖြစ်သည်။ လိုင်းအမှတ် ၈၃ သည် ဒဂုံဧရာအဝေးပြေးဂိတ်မှစတင်ကာ လှိုင်သာယာ-မရမ်းကုန်း- ရန်ကင်း- တောင်ဥက္ကလာပ-တောင်ဒဂုံ-ရွှေလီအိမ်ရာ/ ရွှေလီလမ်းဂိတ်မှ အသွားလမ်းအတိုင်းပြန်လာကာ ဒဂုံ-ဧရာ အဝေးပြေးဂိတ်ဆုံးကိုပြန်လည်ဝင်ရောက်လာမည် ဖြစ်သည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စတင်ထွက်ခွာသည့် (Airport -Shuttle) ပြေးဆွဲနေသည့်ယာဉ် နေ့ပိုင်းပြေးဆွဲနေကျအတိုင်း ၂၄ နာရီ ဝန်ဆောင်မှုပေးကာ ညပိုင်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၁၉ ရက်ညမှ စတင်၍ ပြေးဆွဲမည့် အစီအစဉ်ကို Omni Focus General Services Public Co.,Ltd မှ အဆိုပါ ကုမ္ပဏီဝင်းအတွင်း ဖွင့်လှစ်ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ ညပိုင်းပြေးဆွဲသည့် OMNI-YBS ယာဉ်များသည်လည်း နေ့ပိုင်းပြေးဆွဲနေသည့် ယာဉ်စီးခနှုန်းထားအတိုင်း ပေးဆောင်ရမည်ဖြစ်ကြောင်းနှင့် ယာဉ်ပေါ်တွင် လုံခြုံရေးကင်မရာများ တပ်ဆင်ထားပြီး ဝတ်စုံပြည့် လုံခြုံရေးတစ်ဦး ပါရှိကြောင်း အဆိုပါကုမ္ပဏီ၏ ဦးဆောင်ဒါရိုက်တာထံမှ သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# မန္တလေးမြို့ အောင်မြေမန္တလာ ဝန်ထမ်းအိမ်ရာတိုက်ခန်းများကို မတ်လအတွင်း နေရာချထားပေးရန် စီစဉ်သွားမည်

**မန္တလေး ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာအနီးရှိ အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာစီမံကိန်းအတွင်း တည်ဆောက်နေသည့် ဝန်ထမ်းအိမ်ရာ တိုက်ခန်း ၂၄၀ မှာ လက်ရှိအချိန်တွင် ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ခြင်းကြောင့် လာမည့်မတ်လအတွင်း နေရာချထားပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်နိုင်က ပြောသည်။

အဆိုပါတိုက်ခန်းများကို မြေဧက ၃၃ ဒသမ ၂၂ ဧကပေါ်တွင် ပြည်ထောင်စုအစိုးရရန်ပုံငွေကျပ် သန်းပေါင်း ၃၆၀၀ သုံးစွဲ၍ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း (မန္တလေး) မှ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်းမှစ၍ တစ်ခန်းလျှင် ၆၅၀ စတုရန်းပေ အကျယ်အဝန်းရှိ လေးခန်းတွဲ ငါးထပ်တိုက်လုံးရေ ၁၂ လုံး စုစုပေါင်း တိုက်ခန်း ၂၄၀ ကို တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“တိုက်ခန်း ၂၄၀ က ရာနှုန်းပြည့်ပြီးစီးသွားပေမယ့် လျှပ်စစ်မီးမသွယ်နိုင်သေးဘူး။ မီးရရှိဖို့ ဓာတ်အားခွဲရုံတစ်ခုတည်ဆောက်ရဦးမယ်။ တည်ဆောက်ဖို့အတွက်လည်း တင်ဒါခေါ်ယူထားပြီးဖြစ်ပါတယ်။ တင်ဒါတော့ မဖွင့်ရသေးဘူး။ ဒီလုပ်ငန်းတွေပြီးရင်တော့ ၂၀၁၉ ခုနှစ် မတ်လထဲမှာ နေရာချထားပေးနိုင်တော့မှာပါ။ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းကလည်း ဒီအိမ်ရာစီမံကိန်းကို လာရောက်ကြည့်ရှုပြီး ဝန်ထမ်းတွေ နေချင်စဖွယ်ဖြစ်အောင် ပန်းခြံတွေ၊ ကစားကွင်းတွေ၊ ဓမ္မာရုံတွေ၊ သွားလာရေးလွယ်ကူအောင် ကွန်ကရစ်လမ်းတွေ ခင်းပေးဖို့၊ မီးတိုင်တွေ တပ်ဆင်ဖို့ လမ်းညွှန်သွားတယ်။ ဒါကြောင့် ကျွန်တော်တို့က Master Plan ကို ပြန်ဆွဲပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြဖို့ စီစဉ်နေပါတယ်” ဟု ၎င်းက ပြောသည်။

လက်ရှိတွင် အဆိုပါစီမံကိန်းဧရိယာအတွင်း၌ တိုင်းဒေသကြီးအစိုးရရန်ပုံငွေ ၁၀ ဘီလီယံဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် ဝန်ထမ်းအိမ်ရာ အခန်းပေါင်း ၂၆၀ တွင် မန္တလေးတိုင်းဒေသကြီးအတွင်း လက်ရှိ တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအား ပြီးခဲ့သည့် ဇွန်လအတွင်းက နေရာချထားပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တွင် ဝန်ထမ်းအိမ်ရာတိုက်အလုံးပေါင်း ၃၆ လုံး အခန်းပေါင်း ၅၇၆ ခန်းကို ၂၀၁၈-၂၀၁၉ တိုင်းဒေသကြီးအစိုးရဘဏ္ဍာငွေမှ ငွေ ၈ ဒသမ ၈ ဘီလီယံသုံးစွဲ၍ တည်ဆောက်သွားမည်ဖြစ်ပြီး ယခုလ ၂၆ ရက်နေ့တွင် လုပ်ငန်းအပ်နှံနိုင်ရန် စီစဉ်နေကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဝန်ထမ်းအိမ်ရာ တိုက်အလုံးပေါင်း ၃၆ လုံးကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မတ္တရာ၊ မြစ်သား၊ စဉ့်ကိုင်၊ သာစည်၊ မလှိုင်၊ ဝမ်းတွင်း၊ မြင်းခြံ၊ ငါန်းဇွန်၊ ပျော်ဘွယ်၊ ပုသိမ်ကြီး၊ ပြင်ဦးလွင်၊ တံတားဦး၊ အမရပူရနှင့် ချမ်းမြသာစည်မြို့နယ်များတွင် ၂၀၁၉ ခုနှစ် စက်တင်ဘာလအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**



အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာစီမံကိန်းအတွင်း တည်ဆောက်ပြီးစီးနေသည့် ဝန်ထမ်းအိမ်ရာများကို တွေ့ရစဉ်။

✣ *ရှေ့ဖုံးမှ*

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၏ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ဇနီး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းနှင့်ဇနီး၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဝင်များ၊ လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရစ်ယာန်အသင်းတော်များမှ သင်းအုပ်ဆရာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလှမ်းတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

အခမ်းအနားကို Rev. M.D. Chang Hkaw က ခရစ္စမတ်ဆုမွန်ကောင်းတောင်း၍ ဖွင့်လှစ်ပေးပြီး ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ခရစ္စမတ်ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် Sang Pi က ခရစ္စမတ်ဓမ္မတေး သီဆိုချီးမွမ်းသည်။

**ဆုတောင်းစကားပြောကြား**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ခရစ္စမတ်နှုတ်ခွန်းဆက် ဆုတောင်းစကား ပြောကြားသည်။

ယင်းနောက် Jesse Van Bawi က ခရစ္စမတ်ဓမ္မတေးသီချင်းသီဆိုသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ခရစ္စမတ်နှုတ်ခွန်းဆက် ဆုတောင်းစကား ပြောကြားသည်။

**ဆုတောင်းမေတ္တာပို့သ**

ယင်းနောက် Rev.Dr. Toe Toe က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံသူ နိုင်ငံသားများနှင့် နိုင်ငံအကြီးအကဲများအတွက် ဆုတောင်းမေတ္တာပို့သသည်။

ထို့နောက် Monsignor Basilio Soe Lin Aung က ခရစ်ယာန်ဂိုဏ်းပေါင်းစုံများကိုယ်စား နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ဓမ္မတေးသီချင်းသီဆို**

ယင်းနောက် Jennifer Ngun Sui Par က ခရစ္စမတ်ဓမ္မတေးသီချင်း သီဆိုသည်။

ထို့နောက် သိက္ခာတော်ရဆရာ Dr. Aye Min က ခရစ္စမတ်ဒေသနာတော်ကို ဟောကြားပြီး ခရစ္စမတ်နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ခရစ်တော်မွေးနေ့ မိတ်သဟာယညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ သုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက ခရစ္စမတ် တေးသီချင်းများကို သီဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် ခရစ္စမတ်အထိမ်းအမှတ်ကိတ်ကို အတူတကွ လှီးဖြတ်ကြသည်။

**ဖယောင်းတိုင်ထွန်းညှိ**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလှမ်းတို့က ခရစ္စမတ် အထိမ်းအမှတ် ဖယောင်းတိုင်ကို ထွန်းညှိပေးကြသည်။

ယင်းနောက် The Most Revd. Stephen Than Myint Oo က ခရစ္စမတ် ဆုမွန်ကောင်းတောင်းပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ခရစ္စမတ်တေးသီချင်း သီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ခရစ္စမတ်နှုတ်ခွန်းဆက် ဆုတောင်းစကားပြောကြားစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခရစ္စမတ်နှုတ်ခွန်းဆက် ဆုတောင်းစကား ပြောကြားစဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ခရစ်တော်မွေးနေ့ မိတ်သဟာယညစာ သုံးဆောင်ကြစဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ခရစ္စမတ်ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ သတင်းစဉ်

## ညအပူချိန်များ အနည်းငယ် လျော့နည်းနေမည်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနေမည်။

**မိုး/ဇလ**





ဒုတိယသမ္မတ ဦးမြင့်ဆွေ အဋ္ဌမအကြိမ်မြောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းများ (MSMEs Products) ပြပွဲနှင့်ပြိုင်ပွဲ (မော်လမြိုင်) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

❖ *ကျောဖုံးမှ*

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်၊ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမိုးအောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့မှ ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အသင်းအဖွဲ့များ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ အလှူရှင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အောင်မြင်စွာကျင်းပနိုင်**

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်း ပြပွဲ၊ ပြိုင်ပွဲများကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ကျင်းပခဲ့ရာ ပထမအကြိမ်ကို မန္တလေးမြို့တွင် လည်းကောင်း၊ ဒုတိယအကြိမ်ကို မကွေးမြို့တွင် လည်းကောင်း၊ တတိယအကြိမ်ကို ပုသိမ်မြို့တွင် လည်းကောင်း၊ စတုတ္ထအကြိမ်ကို တောင်ကြီးမြို့တွင် လည်းကောင်း၊ ပဉ္စမအကြိမ်ကို မုံရွာမြို့တွင် လည်းကောင်း၊ ဆဋ္ဌမအကြိမ်ကို ပဲခူးမြို့နှင့် သတ္တမအကြိမ်ကို ရန်ကုန်မြို့တွင် လည်းကောင်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါကြောင်း။

ယနေ့ မော်လမြိုင်မြို့တွင် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ ပူးပေါင်းကျင်းပသည့် ပြပွဲ၊ ပြိုင်ပွဲသည် အဋ္ဌမအကြိမ်မြောက် ဖြစ်ပါကြောင်း၊ ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီးတွင် ယခုကဲ့သို့ ပြပွဲ၊ ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ပြီး နောက်ဆုံးအဆင့်အနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးပါဝင်သည့် နိုင်ငံတော်အဆင့် ထုတ်ကုန်ပစ္စည်းများ ပြပွဲ၊ ပြိုင်ပွဲကို ကျင်းပပြုလုပ်၍ National Award ဆုများ ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း။

**ရည်ရွယ်ချက်**

ဒေသတွင်း ထုတ်ကုန်ပစ္စည်းများ ပြပွဲ၊ ပြိုင်ပွဲ ကျင်းပရသည့် ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံအတွင်း သွင်းကုန်အစားထိုးထုတ်ကုန်များ ပိုမိုများပြားလာစေရန်၊ ဒေသအသီးသီးတွင်ရှိသည့် ထုတ်လုပ်မှုကဏ္ဍများနှင့် ရောင်းဝယ်မှုကဏ္ဍများအချင်းချင်း ချိတ်ဆက်မှုဖြစ်လာစေရန်၊ MSMEs လုပ်ငန်းများအနေဖြင့် မိရိုးဖလာ စီးပွားရေးလုပ်ငန်းမှ ဆန်းသစ်တီထွင် စွန့်စားဖန်တီးမှုများဖြင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော ကမ္ဘာ့အဆင့်မီထုတ်ကုန်များနှင့် ဝန်ဆောင်မှုအသွင်သို့ ပြောင်းလဲလာနိုင်စေရန်နှင့် ဈေးကွက်ချဲ့ထွင်ပြီး ကမ္ဘာ့အဆင့် တန်ဖိုးမြှင့်ထုတ်လုပ်မှုကွင်းဆက် (Global Value Chain)အတွင်း ပူးပေါင်းဆောင်ရွက်လာစေရေးတို့ကို မျှော်မှန်းပြီး ကျင်းပပြုလုပ်ပေးနေခြင်း ဖြစ်ပါကြောင်း။

**အထူးအခွင့်အရေးတစ်ရပ်**

ယခုကဲ့သို့ ထုတ်ကုန်ပစ္စည်းများ ပြပွဲ၊ ပြိုင်ပွဲ ကျင်းပသည့်ကာလအတွင်း ပြည်တွင်း MSMEs လုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းအမျိုးအစား အရည်အသွေးကို လာရောက်လေ့လာကြည့်ရှုကြသည့် လုပ်ငန်းရှင်များ၊ ဘဏ်လုပ်ငန်းရှင်များ၊ လက်လီရောင်းဝယ်ရေးအသင်းမှ အဖွဲ့ဝင်များ၊ စားသုံးသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တစ်နေရာတည်းတွင် စုံစုံညီညီစုဝေးနေကြသည့်အတွက် ဒေသတွင်း MSMEs လုပ်ငန်းရှင်များအတွက် အထူးအခွင့်အရေးတစ်ရပ် ဖြစ်ပါကြောင်း။

**ထုပ်ပိုးမှုပုံစံအသစ်များ ပြောင်းလဲ**

ထို့ကြောင့် MSMEs လုပ်ငန်းကော်မတီအနေဖြင့် MSMEs လုပ်ငန်းရှင်များကို ဈေးကွက်ဆိုင်ရာ အသိပညာရှင်တို့နှင့်တွေ့ဆုံကာ ၎င်းတို့၏ထုတ်ကုန်များအပေါ် လိုအပ်သည်များ အကြံပြုဆွေးနွေးပေးနိုင်အောင် ပြပွဲကျင်းပရာနေရာတွင် စီစဉ်ပေးထားပါကြောင်း၊ ပြီးခဲ့သည့် ပြပွဲ၊ ပြိုင်ပွဲများတွင် ယခုကဲ့သို့ စီစဉ်ပေးခဲ့သည့်အတွက် MSMEs လုပ်ငန်းရှင်များအနေဖြင့် ပညာရှင်များ၏ အကြံပြုချက်အတိုင်း ပြုပြင်ထုတ်လုပ်ခြင်း၊ ထုပ်ပိုးမှုပုံစံအသစ်များ ပြောင်းလဲနိုင်ခဲ့ခြင်းကြောင့် ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်မှ လုပ်ငန်း ၂၅ ခု၊ စစ်ကိုင်းတိုင်းဒေသကြီးမှ လုပ်ငန်း ၂၂ ခု၊ ပဲခူးတိုင်းဒေသကြီးမှ လုပ်ငန်း ၁၆ ခု၊ ရန်ကုန်တိုင်းဒေသကြီးမှ လုပ်ငန်း အခု ၃၀၊ MSMEs လုပ်ငန်း စုစုပေါင်း ၉၃ ခုတို့၏ ထုတ်ကုန်ပစ္စည်းများကို နာမည်ကျော် အဆင့်မြင့်အရောင်းဆိုင်ကြီးများတွင် ထပ်မံတင်ပို့ရောင်းချခွင့်ရရှိသည်ကို တွေ့ရပါကြောင်း။

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်တွေ့ရှိရသည့် ဒေသဆိုင်ရာ စီးပွားရေး အခွင့်အလမ်းများအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် ရော်ဘာ၊ မင်းကွတ်၊ ကြက်မောက်၊ ကျွဲကော၊ ဒူးရင်းနှင့် အုန်းသီးစသည့် အဓိကထုတ်ကုန်များ ထွက်ရှိပြီး သတ္တုကဏ္ဍအနေဖြင့် ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ကျောက်သင်ပုန်းစသည့်သယံဇာတများ ထွက်ရှိပါကြောင်း၊ ထို့ကြောင့် အဆိုပါထွက်ကုန်များကို ပြည်တွင်းတွင် သုံးစွဲနိုင်ရုံသာမက ပြည်ပသို့ တင်ပို့နိုင်ရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မွန်ပြည်နယ်သည် ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် ထိစပ်နေသည့်အတွက် ငါး၊ ပုစွန်နှင့် အအေးခန်း လုပ်ငန်းများသည် အလွန်အရေးပါကြောင်း။

**ခေတ်မီနည်းပညာများကိုအသုံးပြု**

MSMEs လုပ်ငန်းများအနေဖြင့် အထူးဂရုပြုရမည့်အချက်မှာ အဆင့်မြင့်ထုတ်ကုန်ပစ္စည်း ထုတ်လုပ်ရေးနှင့် ထုတ်လုပ်မှုလုပ်ငန်းခွင် မြှင့်တင်ရေးတွင် လိုအပ်သည့်အထောက်အကူပစ္စည်း၊ စက်ကိရိယာများနှင့် ခေတ်မီနည်းပညာများကိုအသုံးပြု၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**သင်တန်းများ ဖွင့်လှစ်ပေးရန်လို**

ဒေသတွင်း အလားအလာကောင်းသော စီးပွားရေးလုပ်ငန်းများနှင့် အကောင်အထည်ဖော်မည့် စီမံကိန်းများလုပ်ငန်းများအတွက် လိုအပ်သည့် သွင်းအားစုများကို ကြိုတင်ပြင်ဆင်ဖြည့်ဆည်းရန်နှင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် သင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်ပါကြောင်း၊ ကရင်ပြည်နယ် ဘားအံမြို့တွင် စက်မှုဝန်ကြီးဌာနက ဦးစီးပြီး အခြေခံလျှပ်စစ်ကျွမ်းကျင်မှု ရွှေလျားသင်တန်းဖွင့်ပြီး ကျွမ်းကျင်လုပ်သား ၈၀ ကို ရက်သတ္တလေးပတ်ကြာ လေ့ကျင့်သင်ကြားပေးသွားမည် ဖြစ်ပါကြောင်း။

MSMEs လုပ်ငန်းများအတွက် လိုအပ်သည့်ငွေကြေး အရင်းအနှီးရရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ဂျပန်နိုင်ငံအစိုးရတို့ ချိတ်ဆက်ပြီး JICA Two Step Loan Phase II ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းတွင်ရှိသည့် MSMEs လုပ်ငန်းများအနေဖြင့် ချေးငွေရရှိရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များနှင့် ဆက်သွယ်ရမည့်ဘဏ်များကို ကြိုတင်သိရှိနိုင်ရန် JICA နှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် မော်လမြိုင်မြို့၌ ချေးငွေဆိုင်ရာ Seminar ကို ကျင်းပပြုလုပ်ပေးခဲ့ပါကြောင်း။

**ဈေးကွက်တွင် ရေရှည်ရပ်တည်နိုင်**

ဒေသတွင်း MSMEs များအနေဖြင့် ပေးလာသည့်အခွင့်အရေးကို မိမိရရ ရယူနိုင်ရန်လိုပါကြောင်း၊ မိမိလုပ်ငန်း၏အားသာချက်ကို နည်းဗျူဟာများ အသုံးပြုပြီး ဖော်ပြနိုင်သည့် အရည်အချင်းရှိရန် လိုအပ်သကဲ့သို့ စားသုံးသူကြိုက်နှစ်သက်မှုနှင့် လိုအပ်ချက်များအရ ဆွဲဆောင်နိုင်စွမ်းရှိသည့် ကုန်ပစ္စည်းများကို ဝန်ဆောင်မှုကောင်းများဖြင့်လည်း ပံ့ပိုးကြရမည် ဖြစ်ကြောင်း၊ ဈေးကွက်ကတုံ့ပြန်လာသည့် သတင်းအချက်အလက်များ၊ အကြံပြုချက်များကိုလည်း လက်ခံကာ စဉ်ဆက်မပြတ်တိုးတက်ရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် လုပ်ငန်းများဖြစ်အောင် ကြိုးပမ်းကြမှသာ ဈေးကွက်တွင် ရေရှည်ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း။

**အလုပ်အကိုင်အခွင့်အလမ်းများ**

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၏ နောက်အားသာချက်တစ်ခုမှာ ထူးခြားသည့် တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးများ၊ သဘာဝတောတောင် အလှအပများ၊ ပင်လယ်ကမ်းခြေ၊ ရေတံခွန် စိမ့်စမ်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကလည်း ပြည်တွင်းပြည်ပ ခရီးသွားများကို ဆွဲဆောင်နိုင်ပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများနှင့်အတူ ဒေသတွင်း အစားအသောက်နှင့် ထုတ်ကုန်ပစ္စည်း၊ ဝန်ဆောင်မှု၊ သယ်ယူပို့ဆောင်ရေးကဏ္ဍများပါ ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း၊ ဒေသတွင်း MSMEs လုပ်ငန်းများ တိုးတက်အောင်မြင်မှသာ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာပြီး ပြည်ပတွင်သွားရောက်လုပ်ကိုင်နေသည့် Skill Labour များ ဒေသတွင်း ပြန်လည်လုပ်ကိုင်လာနိုင်သည့် ဝန်းကျင်ကိုလည်း တည်ဆောက်လာနိုင်မည်ဖြစ်ပါကြောင်း။

**ဆက်လက်ကြိုးပမ်းဆောင်ရွက်**

MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာရာမှတစ်ဆင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဈေးကွက် လိုအပ်ချက်များ၊ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးနိုင်သော အောင်မြင်သည့် MSMEs လုပ်ငန်းများ ပိုမိုပေါ်ပေါက်လာစေရေး ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ အဋ္ဌမအကြိမ်မြောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းများ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။
သတင်းစဉ်

*စာမျက်နှာ ၆ သို့*




**"လူမျိုးဆိုသည်မှာ သုခဒုက္ခ အတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်း ထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာ ဖြစ်ပေသည်။ အမျိုးအနွယ်၊ ကိုးကွယ်သည့် ဘာသာတရား၊ ပြောဆိုသည့် စကားတို့ကို အရေးထားရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူပူအမျှ၊ ကောင်းတူဆိုးဖက် ပူးပေါင်းနေလိုသော အစဉ်အလာ ဆန္ဒအပေါ်တွင် ဝံသာနုရက္ခိတ တရားသည် တည်နေပေ၏"**

*[ ၁၉၄၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့ ရွှေတိဂုံအလယ်ပစ္စယံညီလာခံ၌ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက် ]*

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဟံသာဝတီဦးအုန်းကြိုင် ဦးဆောင်သည့် ကောင်စီဝင်များနှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ တွေ့ဆုံကြသည်။



**သတင်းမီဒီယာများမှ ဝိုင်းဝန်းကူညီ**

တွေ့ဆုံမှုအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ တပ်မတော်နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ ထိတွေ့ဆက်ဆံမှုများကို တိုးမြှင့်သွားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါကြောင်း၊ တပ်မတော်အနေဖြင့် သတင်းမီဒီယာကောင်စီအပါအဝင် မည်သည့်အဖွဲ့အစည်းနှင့်မဆို ရင်းရင်းနှီးနှီးနေရန် အဆင်သင့်ရှိပါကြောင်း၊ မိမိအနေဖြင့် သတင်းမီဒီယာကို တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်အဖြစ် အမြဲတမ်းခံယူထားပါကြောင်း၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် သတင်းမီဒီယာများ၏ အခန်းကဏ္ဍသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို ပိုမိုခိုင်မာအောင် ဆောင်ရွက်ပေးနိုင်မည်ဟု မိမိယုံကြည်ပါကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုသည် အရေးကြီးပြီး မှန်မှန်ကန်ကန် ဖွံ့ဖြိုးတိုးတက်ရန်နှင့် ခိုင်ခိုင်မာမာဖြစ်စေရန်အတွက် သတင်းမီဒီယာမှ ဝိုင်းဝန်းကူညီပေးရန် လိုအပ်ပါကြောင်း၊ မည်သို့သောဖိအားများ ရှိသည်ဖြစ်စေ တိုင်းပြည်ကောင်းအောင် လုပ်ပေးရန် မြန်မာနိုင်ငံသားတိုင်းတွင် တာဝန်ရှိပါကြောင်း၊ ထို့အတူ မြန်မာနိုင်ငံသားဖြစ်သည့် တပ်မတော်အနေဖြင့် တာဝန်ရှိသကဲ့သို့ မြန်မာနိုင်ငံသားများဖြစ်သည့် သတင်းမီဒီယာများအနေဖြင့်လည်း တာဝန်ရှိပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

**ထုတ်ပြန်ချက်ဖတ်ကြား**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တာဝန်ရှိသူတစ်ဦးက ဖတ်ကြားသည်။

တွေ့ဆုံပွဲနှင့် ပတ်သက်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဟံသာဝတီဦးအုန်းကြိုင်က တပ်မတော်နှင့် တွေ့ဆုံမှုတွင် ကောင်းမွန်သည့် သဘောတူညီချက်များကို ရရှိပါကြောင်း၊ ပုဂ္ဂလိကမီဒီယာများ၏ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သတင်းရယူနိုင်ရေးနှင့် စပ်လျဉ်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သက်ဆိုင်ရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများထံမှ သတင်းရယူနိုင်ရန် စီစဉ်ပေးသွားမည်ဟု ပြောကြားသဖြင့် သတင်းရယူခွင့်နှင့် စပ်လျဉ်း၍ ပိုမိုအခွင့်အလမ်းများ ရရှိလာမည်ဖြစ်ပါကြောင်း၊ ထို့အပြင် တပ်မတော်အနေဖြင့် စစ်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များမှအပ ပြောသင့်ပြောထိုက်သည်များကို သတင်းထုတ်ပြန်ပေးသွားမည်ဟု သိရှိရပါကြောင်း၊ ပုဂ္ဂလိကသတင်းစာများ၌ တပ်မတော်ပိုင်းဆိုင်ရာ ကြော်ငြာများကို ထည့်သွင်းပေးသွားမည်ဟု တပ်မတော်ဘက်မှ ပြောကြားခဲ့ပါကြောင်း၊ လာမည့် ဇန်နဝါရီလအတွင်း တပ်မတော်နှင့် သတင်းမီဒီယာများအကြား သတင်းထုတ်ပြန်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ရန်ကုန်မြို့တွင် ကျင်းပသွားရန် စီစဉ်ထားပါကြောင်း၊ တပ်မတော်အနေဖြင့် သတင်းစာရှင်းလင်းပွဲများကို မကြာခဏ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့တွေ့ဆုံမှုသည် တပ်မတော်နှင့် သတင်းမီဒီယာကောင်စီတို့၏ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများကို တိုးတက်ခိုင်မြဲစေခဲ့ပါကြောင်း ပြောကြားသည်။

**သူရဇော်၊ ဓာတ်ပုံ-ကျော်ရဲဆွေ**

❊ ***ကျောဖုံးမှ***

အဖွဲ့တစ်ဖွဲ့ချင်းအလိုက် ညှိနှိုင်းဆွေးနွေးသွားရန် လိုအပ်မည်ဟု ယူဆပါသည်။

၃။ တပ်မတော်အနေဖြင့် ယင်းသို့ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်နိုင်ရန် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်အထိ စစ်ဆင်ရေးနယ်မြေအလိုက် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများအားလုံးကို ရပ်ဆိုင်းပေးပါမည်။ တပ်လှုပ်ရှားမှုရပ်ဆိုင်းထားသည့်ကာလအတွင်း စစ်ဆင်ရေးနယ်မြေအလိုက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအပါအဝင် ငြိမ်းချမ်းရေးဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးသွားရန်ဖြစ်ပြီး လိုအပ်ပါက တပ်မတော်အနေဖြင့် အောက်ပါအတိုင်း ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးစီးသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိကြီးများနှင့် သက်ဆိုင်ရာနယ်မြေအလိုက် တိုင်းမှူးများပါဝင်သော ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ဖြင့် ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် | ဥက္ကဋ္ဌ။ |
| (ခ) | ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် | အဖွဲ့ဝင်။ |
| (ဂ) | ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး | အဖွဲ့ဝင်။ |
| (ဃ) | ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း | အဖွဲ့ဝင်။ |
| (င) | ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး | အဖွဲ့ဝင်။ |
| (စ) | ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး | အဖွဲ့ဝင်။ |
| (ဆ) | သက်ဆိုင်ရာတိုင်းမှူး | အဖွဲ့ဝင်။ |
| (ဇ) | ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း | အတွင်းရေးမှူး။ |

၄။ တစ်ဆက်တည်းမှာပင် NCA လက်မှတ်ရေးထိုးပြီးဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နှင့်လည်း NCA သဘောတူစာချုပ်ပါ အချက်အလက်များအတိုင်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ပြီး လိုအပ်ပါက ညှိနှိုင်းဆွေးနွေးရေးအဖွဲ့မှ တစ်ဖွဲ့ချင်းအလိုက် ဆွေးနွေးပေးမည်ဖြစ်ပါသည်။

၅။ ယင်းသို့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးသည့်နည်းတူ တစ်ဖက်တွင်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးအနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်အနက်မှ အောက်ဖော်ပြပါအချက် (၄)ချက်ကို အလေးအနက်ထား လိုက်နာရန် လိုအပ်မည်ဖြစ်ပါသည်-

(က) သဘောတူစာချုပ်များအတိုင်း ကတိတည်ရန်။

(ခ) ငြိမ်းချမ်းရေးသဘောတူညီချက်များအပေါ် အမြတ်မထုတ်ရန်။

(ဂ) ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်။

(ဃ) နိုင်ငံတော်ကထုတ်ပြန်ထားသည့် တည်ဆဲဥပဒေများကို လိုက်နာရန်။

၆။ ၎င်းအပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချင်းချင်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် အင်အားအသုံးပြု၍ တိုက်ခိုက်ခြင်း၊ ဒေသခံတိုင်းရင်းသားများအပေါ် အနိုင်ကျင့်ခြင်းများကို မပြုလုပ်ရေး တာဝန်ယူထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

၇။ အလားတူ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားအဆင့်ဆင့်တွင်လည်းကောင်း၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးတွင် လည်းကောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကိုလည်းကောင်း ထိခိုက်မှု မဖြစ်စေရန်အတွက် တာဝန်ယူရပါမည်။

၈။ အထက်အပိုဒ်(၅)၊ (၆)နှင့် (၇)ပါ ဖြစ်စဉ်ဖြစ်ရပ်များ ဖြစ်ပေါ်လာပါက တပ်မတော်အနေဖြင့် လိုအပ်သလို တားဆီးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၉။ တစ်ချိန်တည်းမှာပင် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့သော နယ်မြေများအတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် ယင်းတို့၏ မူလနေရပ်များသို့ အမြန်ဆုံးပြန်လည်ရွှေ့ပြောင်းနေရာချပေးနိုင်ရေး ဆောင်ရွက်ရန်ဖြစ်ပြီး တပ်မတော်က လိုအပ်သလို ပူးပေါင်းကူညီစောင့်ရှောက်ပေးသွားပါမည်။

၁၀။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာဆွေးနွေးမှုများ တိုးတက်ကောင်းမွန်မှုနှင့်အတူ တိုင်းရင်းသားနယ်မြေများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်မှုတွင်လည်း တပ်မတော်အနေဖြင့် စွမ်းအားရှိသမျှ ပါဝင်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၁၁။ အလားတူ NCA လက်မှတ်ရေးထိုးပြီးနှင့် လက်မှတ်ရေးထိုးရန် ကြိုးပမ်းဆဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က NCA သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်း(၃)နှစ်မြောက်နှစ်ပတ်လည်နေ့ သီးသန့်တွေ့ဆုံပွဲအခမ်းအနား၌ ပြောကြားခဲ့ပြီးဖြစ်သည့် **"၂၀၂၀ ပြည့်နှစ်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များပြီးမြောက်စေရေး သန္နိဋ္ဌာန်ချထားကြောင်းနှင့် တပ်မတော်အနေဖြင့် သန္နိဋ္ဌာန်အတိုင်းဖြစ်မြောက်အောင်ဆောင်ရွက်ပြီး တိုင်းရင်းသားပြည်သူလူထု လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးကို ပြည်သူ့လက်သို့ အရောက် အပ်နှင်းမည်ဟူသည့် သန္နိဋ္ဌာန်"**ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကလည်း ကတိကဝတ်ပြုပြီးနောက် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေး သတ်မှတ်လုပ်ငန်းစဉ်များအတိုင်း ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

# နိုင်ငံတော်သမ္မတအိမ်တော်၌ နှစ်ပတ်လျှင် တစ်ကြိမ်ပြုလုပ်သည့် သတင်းမီဒီယာ ရှင်းလင်းပွဲကျင်းပ




နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၁**

နိုင်ငံတော်သမ္မတအိမ်တော်၌ နှစ်ပတ်လျှင် တစ်ကြိမ်ပြုလုပ်သည့် သတင်းမီဒီယာ ရှင်းလင်းပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သတင်းစာရှင်းလင်းခန်းမ၌ ကျင်းပသည်။

သတင်းမီဒီယာရှင်းလင်းပွဲ၌ နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ဒီဇင်ဘာလ ၂၁ ရက် စွဲဖြင့် ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်ကို ဖတ်ကြားသည်။

ထို့နောက် သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြန်လည် ရှင်းလင်းဖြေကြားသည်။

ပင်စင်လစာများကို ၁၀ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်း မည်သည့်အတွက်ကြောင့် တိုးပေးသည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက“ ပင်စင်လစာတွေ တိုးတဲ့ကိစ္စမှာ အဓိကအနေနဲ့ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၂ ရက်မှာ ပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး(ကက်ဘိနက်)ကနေ အတည်ပြုပေးလိုက်တာပါ။ ကက်ဘိနက်က အတည်ပြုပြီးမှ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁၉ ရက်မှာ အမိန့်ကြော်ငြာစာထွက်တာဖြစ်ပါတယ်။

### အနည်းဆုံးလုပ်ခ အခကြေးငွေ ၄၈၀၀ နှုန်းနဲ့ လိုက်လျောညီထွေဖြစ်ရန်

“ ဘာကြောင့်တိုးရသလဲဆိုတော့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ၂၀၁၈ ခုနှစ် ဧပြီလ ၁၈ ရက်၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့မှာ နှစ်သစ်ကူးမိန့်ခွန်းပြောပါတယ်။ အဲဒီမိန့်ခွန်းမှာ အလုပ်သမားတစ်ဦးရဲ့တစ်နေ့အတွက် အနည်းဆုံးလုပ်ခ အခကြေးငွေ ၄၈၀၀ နှုန်းနဲ့ လိုက်လျောညီထွေဖြစ်ရန် အမှုထမ်းလစာများကို ၂၀ ရာခိုင်နှုန်း၊ အရာထမ်းလစာများကို ၁၀ ရာခိုင်နှုန်း တိုးမြှင့်ပေးနိုင်ဖို့ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် စီစဉ်တွက်ချက်ပြီး ဖြစ်ပါတယ်လို့ ပြောခဲ့ပါတယ်။

“အဆိုပါ ပြောကြားချက်နဲ့အညီ ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ ဝန်ထမ်းလစာကို ၂၀ ၊ ၁၀ တိုးပေးလိုက်ပါတယ်။ တစ်ချိန်တည်းမှာပဲ ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်နေ့ နောက်ပိုင်းအငြိမ်းစားယူတဲ့ နိုင်ငံ့ဝန်ထမ်းတွေကိုလည်း ၂၀၊ ၁၀ နှုန်းထားနဲ့ ပင်စင်လစာတွေ တိုးပေးလိုက်ပါတယ်။ ဒါပေမယ့် ၂၀၁၈ ခုနှစ် ဧပြီလ ၁၀ ရက်နေ့နောက်ပိုင်း အငြိမ်းစားယူတဲ့သူ စုစုပေါင်းနှစ်သောင်းနဲ့ သုံးထောင်ကျော်ကို တိုးမြှင့်လစာ လက်ရှိနှုန်းထားအတိုင်း ပင်စင်လစာကိုတွက်ချက်ပြီးပေးလိုက်ပြီဖြစ်တယ်။

“ အဲဒီမတိုင်ခင် အငြိမ်းစားယူခဲ့တဲ့ ပင်စင်စားဝန်ထမ်းပေါင်း ရှစ်သိန်း တစ်သောင်းကျော်ကို မတိုးရသေးဘူး၊ မတိုးရသေးတဲ့အတွက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့မှာ အမိန့်ကြော်ငြာစာထုတ်ပြီး တိုးမြှင့်ပေးတာဖြစ်ပါတယ်။ ဒါက နိုင်ငံတော်သမ္မတ ပြောကြားခဲ့တဲ့မိန့်ခွန်းမှာပါတဲ့ ကတိကဝတ်အတိုင်း ဆောင်ရွက်ရမယ့်၊ လုပ်ငန်းစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်တာ ဖြစ်ပါတယ်။ ကျန်တဲ့အကြောင်းအရာတွေနဲ့ ပတ်သက်ခြင်း မရှိပါဘူး” ဟု ဖြေကြားသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပြောင်းရွှေ့မည့် အစီအစဉ် မှန်/ မမှန်၊ ပြောင်းရွှေ့ရန် မှန်ကန်ပါက တစ်စုံတစ်ဦး၏ တိုက်တွန်းချက်၊ အကြံပြုချက်နှင့် ဆောင်ရွက်ခဲ့ခြင်း ရှိ/မရှိ၊ မည်သည့်အတွက် ပြောင်းရွှေ့ရသည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက “အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား အခြားကို ပြောင်းရွှေ့ဖို့ ဆိုတာဟုတ်ပါတယ်။ အရင်ပတ် BBC က ကိုအောင်သူရ မေးတာက နိုင်ငံတော်သမ္မတရုံးလို့မေးတဲ့အတွက် မဟုတ်ဘူးလို့ ဖြေတာ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတရုံးအောက်ကို ရွှေ့တာမဟုတ်ပါဘူး။ အခု ပြည်ထဲရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအောက်ကို ရွှေ့ဖို့ လမ်းညွှန်ချက်နဲ့ မူကျပြီးပါပြီ။ အဲဒါကို ရွှေ့ပြောင်းနိုင်ဖို့အတွက် ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ပြီးဆောင်ရွက်နေပါတယ်။

“ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ပထမဆုံးပြည်ထောင်စုဝန်ကြီး ဦးမင်းသူကို ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီး ခန့်အပ်တာလည်းပါပါတယ်။ ဘာကြောင့်ပြောင်းရသလဲဆိုရင် နိုင်ငံတော် သမ္မတရဲ့ ၂၀၁၈ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ မိန့်ခွန်းမှာ ပြည်ထောင်စုအစိုးရ ရှေ့ဆက်လျှောက်လှမ်းမယ့် ပြုပြင်ပြောင်းလဲရေးကို အချုပ်အခြာအာဏာရဲ့မူလပိုင်ရှင်ဖြစ်တဲ့ ပြည်သူလူထုနဲ့နီးစပ်တဲ့ အောက်ခြေကနေစတင်မှာ ဖြစ်တယ်။ အနာဂတ်မှာ ပေါ်ထွန်းလာမယ့် ဖက်ဒရယ်ပြည်ထောင်စုအုပ်ချုပ်ရေး စနစ်အတွက် ကြိုတင်စီမံဆောင်ရွက်တဲ့အနေနဲ့ ဗဟိုချုပ်ကိုင်မှုကို လျှော့ချပြီး တိုင်းဒေသကြီးနဲ့ပြည်နယ်တွေရဲ့တင်ပြချက်တွေကို အခြေခံပြီး ပြောင်းလဲသင့်တာတွေ ပြောင်းလဲဖို့လည်း ရှိပါတယ်လို့ ပြောထားပါတယ်။ ပြောတာတွေက ဒါတွေလုပ်ဖို့ ရည်ရွယ်ချက်ရှိတဲ့အတွက် ပြောခဲ့တာဖြစ်ပါတယ်။

### တစ်စုံတစ်ဦး၊ အစုအဖွဲ့တစ်ဖွဲ့ ရဲ့တိုက်တွန်းချက်၊ အကြံပြုချက်လုံးဝမပါ

“နောက်ဆက်တွဲမေးခွန်းက တစ်စုံတစ်ဦးရဲ့ တိုက်တွန်းချက်၊ အကြံပြုချက် ပါသလားဆိုရင် ကျွန်တော်တို့ ရှင်းရှင်းလင်းလင်းဖြစ်အောင် ပြောချင်တာက တစ်စုံတစ်ဦး၊ အစုအဖွဲ့တစ်ဖွဲ့ ရဲ့တိုက်တွန်းချက်၊ အကြံပြုချက် လုံးဝမပါပါဘူး။

“ ဒါကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂၂၇)မှာ ပြည်ထောင်စုအစိုးရသည် ဥပဒေနှင့်အညီ ပြည်ထောင်စုဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။ ယင်းသို့ ဖွဲ့စည်းရာတွင် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်ဆိုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂၂၇)(က)မှာ ပါပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂၂၇) (ခ)က လိုအပ်သော ဝန်ထမ်းများ ခန့်အပ်နိုင်သည်ဆိုတာ ပါပါတယ်။

“ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြန်ပြီးရှင်းပြရရင် ပြည်ထောင်စုအစိုးရမှာ ကက်ဘိနက်ကို ဦးဆောင်တာက နိုင်ငံတော်သမ္မတ ဖြစ်ပါတယ်။ အဲဒီတော့ ပြည်ထောင်စုအဆင့်မှာ နိုင်ငံတော်သမ္မတ ဦးဆောင်တဲ့ ပြည်ထောင်စုအစိုးရ အဖွဲ့ရှိတယ်။ အောက်ကို ဒေါင်လိုက်ကြည့်လိုက်မယ်ဆိုရင် တိုင်းဒေသကြီး/ပြည်နယ်တွေမှာ ဝန်ကြီးချုပ်တွေနဲ့ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ ဝင်ဝန်ကြီးတွေ ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်တွေ က နိုင်ငံတော်သမ္မတကို တိုက်ရိုက်တာဝန်ခံရပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှာ ရှိတဲ့ ဝန်ကြီးတွေက ဝန်ကြီးချုပ်တွေက တစ်ဆင့် နိုင်ငံတော်သမ္မတကို တာဝန်ခံရတာ ဖြစ်ပါတယ်။

“အုပ်ချုပ်ရေးမဏ္ဍိုင်ကို ကြည့်လိုက်ရင် နိုင်ငံတော်သမ္မတနဲ့ ကက်ဘိနက် ရှိတယ်။ အဲဒီကနေ ဒေါင်လိုက်သွားရင် တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်ကောင်စီပေါ့။ ဝန်ကြီးချုပ်တွေ ရှိတယ်။ ဝန်ကြီးချုပ်တွေနဲ့အတူ တိုင်းဒေသကြီး/ပြည်နယ် ကက်ဘိနက်တွေ ရှိတယ်။ ပြီးရင် ခရိုင်မြို့နယ်စတဲ့ အုပ်ချုပ်ရေးဖွဲ့စည်းပုံ ရှိပါတယ်။

“ဖွဲ့စည်းပုံအခြေခံဥပဒေအရဆိုရင် သမ္မတ၊ ဝန်ကြီးချုပ်၊ အုပ်ချုပ်ရေးမှူး စသည်ဖြင့် အဆင့်ဆင့်သွားတဲ့ ပုံစံဖြစ်ပါတယ်။ ဒီမူအတိုင်း သမ္မတအောက်မှာရှိဖို့၊ ဒါတွေကို ပြန်သုံးသပ်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနအောက်ကို ရွှေ့လိုက်တာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့မှာလည်း နိုင်ငံတော်သမ္မတ၊ ကက်ဘိနက် ဝန်ကြီးတွေ ပါပါတယ်။ ဒါက ပြည်ထောင်စုအစိုးရအဖွဲ့ ဖြစ်ပါတယ်။

### မျှော်မှန်းချက်မဟာဗျူဟာတွေနဲ့အညီ ဆောင်ရွက်တာဖြစ်

“အဲဒီတော့ Constitution အရ၊ ဒေါင်လိုက် Structure အရလည်း အုပ်ချုပ်မှုအရ နိုင်ငံတော်သမ္မတကနေပြီး တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်/မြို့နယ်၊ ရပ်/ကျေးအထိ အုပ်ချုပ်ရေးယန္တရားက တိုက်ရိုက်သက်ရောက်မှာ ဖြစ်ပါတယ်။ အဲဒီအတွက်လည်း နိုင်ငံတော်သမ္မတရဲ့နှစ်သစ်ကူးမိန့်ခွန်းမှာထည့်ပြီး ပြောကြားသွားတာ ဖြစ်ပါတယ်။ နောက်ဒီလိုမျိုး Constitution အရရှိနေတဲ့ မူတွေ၊ နိုင်ငံတော်သမ္မတရဲ့ မိန့်ခွန်းမှာပါတဲ့ မျှော်မှန်းချက်မဟာဗျူဟာတွေနဲ့အညီ ဆောင်ရွက်တာဖြစ်တဲ့အတွက် တစ်စုံတစ်ယောက်ရဲ့ တိုက်တွန်းချက်၊ အကြံပြုချက်လုံးဝမပါဘူးဆိုတာကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ပြောချင်ပါတယ်။

“ဘာကြောင့်လဲဆိုတော့ တချို့က ဒီအပေါ်မှာ ဘယ်သူ့ရဲ့အကြံပေးချက်ကြောင့်လုပ်တာ၊ ဘယ်ဝါရဲ့အကြံပေးချက်ကြောင့်လုပ်တာဆိုတဲ့ ပြောကြားချက်တွေရှိပါတယ်။ ကျွန်တော်တို့လည်း ကြားပါတယ်။ အဲဒီတော့ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ပြောချင်တာက အဲဒီဟာတွေ မဟုတ်ဘူး။ အခုနက ကျွန်တော်ပြောပြတဲ့ အခြေခံမူတွေ၊ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာတွေနဲ့ အုပ်ချုပ်ရေးယန္တရားကို ပိုမိုခိုင်မာတောင့်တင်းအောင်၊ ထိရောက်အောင် ဆောင်ရွက်တာဖြစ်တယ်”ဟု ဖြေကြားသည်။

**သူရဇော်**

---

*စာမျက်နှာ ၄ မှ*

ထို့နောက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင်များ ဖြစ်ကြသည့် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံတို့က ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်း MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် အဌမအကြိမ်မြောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းများ (MSMEs Products) ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်၊ ဒုတိယဝန်ကြီး ဦးအောင်ထူးတို့က လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

### ချေးငွေများပေးအပ်

ထို့နောက် သမဝါယမဘဏ် လီမိတက်ဘဏ်မှ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား ချေးငွေများပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ ကမ်းနားလမ်း၌ ကျင်းပသည့် အဌမအကြိမ်မြောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန်ပစ္စည်းများ (MSMEs Products) ပြပွဲနှင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မွန်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်တို့က ပြပွဲနှင့်ပြိုင်ပွဲမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

### လှည့်လည်ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အဌမအကြိမ်မြောက် အသေးစား၊ အငယ်စား နှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဒေသတွင်းထုတ်ကုန် ပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေး ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မော်လမြိုင်မြို့အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ် (SMIDB) မော်လမြိုင်ဘဏ်ခွဲ၌ ကျင်းပသည့် SME Center ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမိုးအောင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (SMIDB) အမှုဆောင် အရာရှိချုပ် ဒေါက်တာ ဇေယျာညွှန့်တို့က SME Center ဆိုင်းဘုတ်ကို Global Ball နှိပ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်(SMIDB) အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ''The Straight Story'' ရုပ်ရှင်ဇာတ်ကား ပြသပြီး ခွဲခြမ်းစိတ်ဖြာလေ့လာကြမည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

"The Straight Story" ရုပ်ရှင်ဇာတ်ကားကိုပြသ၍ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းကို ဒီဇင်ဘာ ၂၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်း၏ ရုပ်ရှင်ပြခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ထိုသို့ ကျင်းပရာတွင် ဒါရိုက်တာ Divid Lynch ၏ Drama အမျိုးအစားဖြစ်သည့် "The Straight Story" ရုပ်ရှင်ဇာတ်ကားကို ပြသမည်ဖြစ်ပြီး ၎င်းဇာတ်ကားသည် ၂၀၀၀ ပြည့်နှစ်တွင် Independent Spirit Award for Best Male Lead ကိုလည်းကောင်း၊ European Film Award for Best NonEuropean Film also Known as Prix Screen International ကို လည်းကောင်း၊ Bodil Award for Best Non- American Film ကို လည်းကောင်း ရရှိခဲ့ကြောင်း၊ ၎င်းအစီအစဉ်ကို ဇာတ်ညွှန်းရေးဆရာ ဒေါက်တာ အောင်မင်းက ဦးဆောင်၍ သုံးသပ်ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေး စင်တာတို့ ပူးပေါင်းကျင်းပပြုလုပ်ခြင်း ဖြစ်ပြီး Cinematheque Program ၏ ကဏ္ဍခွဲတစ်ခုဖြစ်သည့် ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းအစီအစဉ်ကို ပြုလုပ်ခြင်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁)ရက် မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က **ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး** အဖြစ် ဦးစိုင်းပန်းဆိုင် (ခ) ဦးစိုင်းထွန်းစိန် (ခ) ဦးကျော်စိန်အား ခန့်အပ်တာဝန်ပေးခြင်းကို တင်ပြ၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က **နိုင်ငံတော်သမ္မတရုံးမှ ပေးပို့ထားသော ချင်းပြည်နယ်အတွင်းရှိ မြို့နှင့် ကျေးရွာအုပ်စု ပြင်ဆင်ဖွဲ့စည်းခြင်း**ကို တင်ပြ၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းက **ကော်မရှင်၏ လပေါင်း ၃၀ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ** နှင့် စပ်လျဉ်း၍ ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော်က **ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့၏ (၆)လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ**အပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် အဖွဲ့၏ (၆)လတာ အစီရင်ခံစာအပေါ်တွင် စိတ်ဝင်စားစွာ ဝေဖန်အကြံပြုကြသည့် လွှတ်တော်ကိုယ်စားလှယ်များကို ကျေးဇူးတင်ရှိပါကြောင်း၊ အကြံပေးချက်များကိုလည်း မိမိတို့အဖွဲ့အနေဖြင့် တလေးတစားထည့်သွင်းမှတ်သား၍ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများကို ယခုထက်ပိုမို၍ အချိန်နှင့်တစ်ပြေးညီ တိုးတက်ဆောင်ရွက်နိုင်ရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဋ္ဌေးက ဆက်လက်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါ အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် **လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၏ အပိုဒ်များ**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဦးဇော်ဝင်းက အဆိုတင်သွင်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

## နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော Vienna Convention on Road Traffic 1968 နှင့် Vienna Convention on Road Signs and Signals 1968 တို့ကိုလက်ခံကျင့်သုံးခြင်းဆောင်ရွက်ရန် ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော Vienna Convention on Road Traffic 1968** နှင့် **Vienna Convention on Road Signs and Signals 1968 တို့ကို လက်ခံကျင့်သုံးခြင်းဆောင်ရွက်ရန်ကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်က Vienna Convention on Road Traffic and Convention on Road Signs and Signals နှစ်ခုကို တစ်ပြိုင်နက် ပါဝင်လက်မှတ်ရေးထိုးကျင့်သုံးခြင်းအားဖြင့် မိမိတို့နိုင်ငံတွင် ရရှိမည့် အကျိုးကျေးဇူးများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အချက်လေးချက်ကောက်နုတ်တင်ပြသွားသည်မှာ နိုင်ငံဖြတ်ကျော်ယာဉ်များသွားလာမှု လျင်မြန်ချောမွေ့လာခြင်း၊ အပြည်ပြည်ဆိုင်ရာ ယာဉ်သွားလာမှုကိစ္စရပ်များကို အထောက်အကူပြုခြင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းမှု တိုးတက်လာခြင်းနှင့် လမ်းညွှန်မှုများ၊ အချက်ပြများ၊ သင်္ကေတများ၊ အမှတ်အသားများသည် အပြည်ပြည်ဆိုင်ရာ ယာဉ်သွားလာမှုစံနှုန်းများနှင့် တစ်ပြေးညီဖြစ်လာခြင်း စသည်တို့ဖြစ်ပါကြောင်း။

ယင်းအချက်များကို ယခုအချိန်ထိ ပါဝင်လက်မှတ်ရေးထိုးခြင်းမရှိသည့် နိုင်ငံများရှိနေသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ မိမိတို့၏ အိမ်နီးချင်း တရုတ်နိုင်ငံနှင့် ကမ္ဘာ့အင်အားကြီး အမေရိကန်နိုင်ငံသည် ယခုအချိန်အထိ ယင်းသဘောတူညီချက်များ ပါဝင်လက်မှတ်ရေးထိုးခြင်းမရှိသေးပါကြောင်း၊ အိမ်နီးချင်းနိုင်ငံ တစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံသည်လည်း Convention on Road Signs and Signals တစ်ခုတည်းသာ လက်မှတ်ရေးထိုးသည့်အတွက် အဓိကအိမ်နီးချင်း နှစ်နိုင်ငံလက်မှတ်ရေးထိုးထားခြင်းမရှိသည့် အကြောင်းရင်းများကိုလည်း မိမိတို့လေ့လာကြည့်သင့်သည်ဟု ထင်မိပါကြောင်း ဆွေးနွေးပြောကြားသည်။




အဆိုပါ ကိစ္စနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်းနှင့် အလုံမဲဆန္ဒနယ်မှ ဦးရဲလွင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က Vienna Convention on Road Traffic 1968 နှင့် Vienna Convention on Road Signs and Signals 1968 တို့နှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် လျာထားမည်ဖြစ်ကြောင်း အသိပေးကြေညာသည်။

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော Memorandum of Association (MoA) on the Establishment of BIMSTEC Technology Transfer Facility ကို လက်မှတ်ရေးထိုးရေးနှင့် နှစ်စဉ်ကြေးထည့်ဝင်ရေးကိစ္စ** တို့နှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း၊ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦးနှင့် ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်တို့က ဆွေးနွေးကြသည်။

အဆိုပါ ကိစ္စတို့နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် လက်မှတ်ရေးထိုးပြီးပါက နည်းပညာလွှဲပြောင်းမှုမှ ရရှိလာသည့် အကျိုးကျေးဇူးများကို နိုင်ငံတော်နှင့်လူမျိုးအတွက် အကျိုးအရှိဆုံးအသုံးပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် Memorandum of Association (MoA) on the Establishment of BIMSTEC Technology Transfer Facility ကို လက်မှတ်ရေးထိုးနိုင်ရေးနှင့် နှစ်စဉ်ကြေးအမေရိကန်ဒေါ်လာ ၁၃၃၅၆ ဒေါ်လာထည့်ဝင်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန်နှင့် လွှတ်တော်၏ အဆုံးအဖြတ်ကို နာခံမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါကိစ္စတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

## ၂၀၁၇ - ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်အစီရင်ခံစာ (၁၀/၂၀၁၈) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ ရှင်းလင်းဆွေးနွေး

ဆက်လက်၍ **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၇ - ၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာနှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁၀/၂၀၁၈) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ** အပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စီမံကိန်းများ ထိရောက်အကျိုးရှိရေးအတွက် Development Assistance Policy နှင့်အညီ ချေးငွေရယူခြင်း၊ နှစ်ဖက်ညှိနှိုင်းခြင်းတို့ကို အစီအစဉ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ရရှိသော ချေးငွေများကို ထိရောက်မှုရှိစေရန် ကြီးကြပ်စီမံအကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အစီရင်ခံစာ (၁၀/၂၀၁၈) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့က ဆက်လက် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးခင်မောင်သန်းက အဆိုပါ အစီရင်ခံစာ (၁၀/၂၀၁၈)ကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အစိုးရ၏ ကြွေးမြီဆိုင်ရာနှစ်ပတ်လည် အစီရင်ခံစာကို မှတ်တမ်းတင်ကြောင်းနှင့် ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၀/၂၀၁၈) ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၇ - ၂၀၁၈ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၃/၂၀၁၈) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ**အပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က သူဌေးချောင်းရေအားလျှပ်စစ်စီမံကိန်းကဲ့သို့ ပြည်ပမှ ချေးငွေများရယူဆောင်ရွက်နေသော်လည်း ပြီးစီးမှုမရှိသေးသည့် စီမံကိန်းများကို ပြီးစီးအောင် ဆက်လက်အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ သူဌေးချောင်းရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ တည်ဆောက်ရေးလုပ်ငန်းများကို ငါးနှစ်တာ ရပ်ဆိုင်းခဲ့ခြင်း မရှိပါကြောင်း၊ သို့သော် ယခင်နှစ်များက ဘတ်ဂျက်ခွဲဝေမှု အားနည်းသွားခဲ့သည့်အတွက် လုပ်ငန်းပြီးစီးမှုနှေးကွေးသွားခဲ့ခြင်း ဖြစ်ပါကြောင်း၊ ချေးငွေများ အချိန်မီထုတ်ယူသုံးစွဲခြင်းနှင့် လုပ်ငန်းပြီးစီးမှုနှောင့်နှေးခြင်းမရှိစေရန် မြို့ပြတည်ဆောက်ရေးလုပ်ငန်းများအတွက် မြန်မာ့ကျပ်ငွေဘတ်ဂျက်များကို အပြည့်အဝခွင့်ပြုပေးနိုင်ပါရန် လိုအပ်ပါကြောင်း ပြောကြားသည်။

အဆိုပါ အစီရင်ခံစာ (၁၃/၂၀၁၈) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့က ဆက်လက်ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဝင် ဒေါ်ရွှေရွှေစိန်လတ်က အဆိုပါ အစီရင်ခံစာ (၁၃/၂၀၁၈) ကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အဆိုကိုအတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာကို မှတ်တမ်းတင်ကြောင်းနှင့် ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၃/၂၀၁၈)ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၇ - ၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့် ၎င်းအစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၄/၂၀၁၈)**တို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဖြင့် ကျပ်ဘီလီယံ ၂၄၇၄ ဒသမ ၁၀၆ ကို ထပ်မံဖြည့်စွက်ပေးခဲ့ရသည်ကို တွေ့ရှိရပါကြောင်း၊ ထပ်မံဖြည့်စွက်ရန်ပုံငွေတောင်းခံသော ဌာနများအနေဖြင့် ဘတ်ဂျက်ရေးဆွဲအကောင်အထည်ဖော်ခြင်း၏ အနှစ်သာရကိုမထိခိုက်စေရန်အတွက် ဖြစ်နိုင်သမျှ ဖြည့်စွက်ရန်ပုံငွေတောင်းခံခြင်းမရှိစေရန် မူလခွဲဝေလျာထားတွက်ချက်စဉ်ကပင် ညွှန်ကြားချက်များကို တိကျစွာလိုက်နာ၍ အနီးစပ်ဆုံးခန့်မှန်းသွားရန် လိုအပ်ကြောင်းကို အကြံပြုလိုပါကြောင်း။

## ပြည်ပချေးငွေများ ထုတ်ယူသုံးစွဲရာ၌လည်း သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် နှောင့်နှေးကြန့်ကြာမှုမရှိအောင် စီမံချက်ပါအတိုင်း ထုတ်ယူသုံးစွဲကြရန်လို

ပြည်ပချေးငွေများ ထုတ်ယူသုံးစွဲရာ၌လည်း သက်ဆိုင်ရာအဖွဲ့အစည်းများ အနေဖြင့် နှောင့်နှေးကြန့်ကြာမှုမရှိအောင် စီမံချက်ပါအတိုင်း ထုတ်ယူသုံးစွဲကြရန် လိုအပ်ပါကြောင်း၊ ချေးငွေသဘောတရားအရ ***စာမျက်နှာ ၈ သို့***

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Phan Tam နှင့် အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် ဝန်ကြီးရုံးညှော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံသတင်းမီဒီယာအဖွဲ့များ အပြန်အလှန် သတင်းဖလှယ်ရေးနှင့် လေ့လာရေးခရီးစဉ်များ ဆောင်ရွက်ရေး၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များ ဖလှယ်ရေး၊ မြန်မာနိုင်ငံတွင် ဗီယက်နမ်သတင်းဌာန ရုံးခန်းဖွင့်လှစ်နိုင်ရေးနှင့် လူမှုမီဒီယာများနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများ၊ ပြန်ကြားရေးဆိုင်ရာ ရေးဆွဲပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက် မင်္ဂလာဒုံ(ဝါယာလက်) ဘဏ်ခွဲဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက်၊ မင်္ဂလာဒုံ (ဝါယာလက်)ဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘဏ်ခွဲ



ပရဝဏ်၌ကျင်းပရာမြန်မာစီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်ဆွေ၊ စီမံကိန်းများ ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးနှင့် အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ဝဲပုံ)** ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် သက်ပုံက အင်းဝဘဏ်လီမိတက်၊ မင်္ဂလာဒုံ (ဝါယာလက်) ဘဏ်ခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးကာ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက်၊ မင်္ဂလာဒုံ (ဝါယာလက်) ဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ ၅၅ ခုမြောက်ဘဏ်ခွဲဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တပ်မတော်အထည်ချုပ်စက်ရုံဝင်းတွင် ဖွင့်လှစ်ထားရှိကာ အပ်ငွေများ လက်ခံခြင်း၊ ငွေစုဘဏ်လုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေများ ထုတ်ချေးပေးခြင်း၊ ငွေပေးအမိန့်လွှာ (Payment Order) များ ထုတ်ပေးခြင်း၊ ဘဏ်အာမခံ (Bank Guarantee) အမျိုးမျိုးထုတ်ပေးခြင်း၊ Debit Card များ ထုတ်ပေးခြင်းစသည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် ပြည်တွင်းငွေလွှဲဝန်ဆောင်မှု လုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ကိုးရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက်စုဆောင်းသည့် အချိန်ကာလအပိုင်းအခြားအပေါ်မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများ ပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်း မတည်ရင်းနှီးလုပ်ကိုင်လိုသူများအတွက် ချေးငွေများထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၇ မှ*

ထုတ်ယူသုံးစွဲမှုနောက်ကျပါက ဈေးနှုန်းပိုပေးရခြင်းကို လုပ်ငန်းအဖွဲ့အစည်းများအနေဖြင့် သိရှိအောင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနအဖွဲ့အစည်းများအနေဖြင့် ချေးငွေကို မြန်မြန်ထုတ်ယူနိုင်အောင် ဆောင်ရွက်ပြီးစီမံကိန်းများ အမြန်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ပေးပါရန် တိုက်တွန်းအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါ အစီရင်ခံစာတို့နှင့် စပ်လျဉ်း၍ လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်နှင့် ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က အဆိုပါ အစီရင်ခံစာ (၁၄/၂၀၁၈) အပါအဝင် လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဝင် ဒေါ်ချိုချိုဝင်းက အဆိုပါအစီရင်ခံစာ (၁၄/၂၀၁၈) ကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

## ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁၄/၂၀၁၈)ကို လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာ

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၇ - ၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကို မှတ်တမ်းတင်ကြောင်းနှင့် ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၄/၂၀၁၈) ကိုလွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေးကာလဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ဒသမပုံမှန်အစည်းအဝေး ကာလအတွင်း တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေအပါအဝင် ဥပဒေ ၄ ခု ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး လွှတ်တော်က အတည်ပြုပြီးဖြစ်သည့် ဥပဒေကြမ်း ၂ ခုကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရန်အတွက် ပေးပို့ထားပါကြောင်း၊ ထို့အပြင် ယနေ့လွှတ်တော်တွင် အတည်ပြုလိုက်သည့် မြန်မာ့သတ္တုတွင်း နည်းဥပဒေများကိုလည်း ပြင်ဆင်ထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လွှတ်တော်အစည်းအဝေးကျင်းပရက် ၁၁ ရက်အတွင်းဥပဒေများ အတည်ပြုပြဋ္ဌာန်းနိုင်ရေးသာမက အခြားလွှတ်တော်ဆိုင်ရာလုပ်ငန်းများဖြစ်သည့် ပြည်ထောင်စုဝန်ကြီးဌာနတစ်ခု တိုးချဲ့ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုဝန်ကြီးတစ်ဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦး ခန့်အပ်တာဝန်ပေးနိုင်ရန် လွှတ်တော်၏ သဘောတူညီချက် ရယူပေးခြင်း၊ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူရန်လိုအပ်သည့် ပြည်ပချေးငွေဆိုင်ရာကိစ္စရပ် ၃ ခု၊ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စရပ် ၅ ခု၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် အစိုးရ၏ ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ၊ ဒုတိယ၆ လပတ် အခွန်ကောက်ခံရရှိမှုအစီရင်ခံစာ၊ အမျိုးသားစီမံကိန်း နှစ်ပတ်လည်အစီရင်ခံစာ၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ၆ လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာတို့ကို လွှတ်တော်က ဆွေးနွေးမှတ်တမ်းတင်ခြင်း၊ အတည်ပြုခြင်းနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့၏ လပေါင်း ၃၀ ကာလလုပ်ငန်း ဆောင်ရွက်ချက်အစီရင်ခံစာတို့ကို မှတ်တမ်းတင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် မြို့နယ်အလိုက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် စပ်လျဉ်းပြီး လက်ရှိအချိန်ထိ သုံးစွဲခွင့် ပုံစံ(၁) တင်ပြထားသည့် မြို့နယ် ၂၁၂ မြို့နယ်ရှိပြီး ၈၉ မြို့နယ်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်များ၏ တင်ပြချက်အရ အဆိုပြုချက်ပုံစံ(၁)များကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အစား ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နောက်ဆုံးထားပေးပို့ကြရန်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ အသိပေးထားပြီးဖြစ်ပါကြောင်း။

ကျန်ရှိသည့် မြို့နယ်များအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘဏ္ဍာနှစ်အတွင်းပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် သတ်မှတ်ရက်အမီ ပုံစံ(၁) တင်ပြနိုင်ရေးကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်ဖော်ဆောင်နိုင်မည့် ဥပဒေများပေါ်ပေါက်လာစေရေးအတွက် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်အလိုက်ဖွဲ့စည်းထားသည့် ကော်မတီများအနေဖြင့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ လုပ်ငန်းစဉ်များကို လက်ကိုင်ထားပြီး လွှတ်တော်သို့ တင်သွင်းလာသည့် ဥပဒေကြမ်းများကို ဥပဒေပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၏ အကြံအလည် ညှိနှိုင်းဆွေးနွေးအတည်ပြုခြင်း၊ လိုအပ်ပါက ဥပဒေအသစ်ရေးဆွဲခြင်း၊ ဖြည့်စွက်ပြင်ဆင်ခြင်းတို့ကို အလေးထားဆောင်ရွက်နိုင်ကြရန် လိုအပ်ပါကြောင်း၊ ဥပဒေတစ်ခုပြုတော့မည်ဆိုပါက တရားဥပဒေ၏ အခြေခံသဘောတရားများဖြစ်သည့် တရားမျှတမှု၊ သာတူညီမျှမှုနှင့် မွန်မြတ်သည့်စိတ်ထားတို့ကို အရင်းခံပြီး ပြဋ္ဌာန်းထားသည့် စံပြုရမည့် ဥပဒေများဖြစ်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် ဆောင်ရွက်ဆဲ ဥပဒေကြမ်းအနေဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ၄ ခု၊ ပြည်သူ့လွှတ်တော်တွင် ၁၈ ခုနှင့် အမျိုးသားလွှတ်တော်တွင် ၈ ခု စုစုပေါင်း ဥပဒေကြမ်း ၃၀ ခု ကျန်ရှိနေပါကြောင်း။

## ကျန်ရှိသည့် ကာလအတွင်း ဆောင်ရွက်ရန်ကျန်ရှိသည့် ဥပဒေကြမ်းများကို ဦးစားပေးအလိုက် အချိန်ကာလသတ်မှတ်ချက်နှင့် ဆောင်ရွက်စေလို

ဒုတိယအကြိမ် လွှတ်တော်များ၏ သက်တမ်းကာလသည် မကြာမီ ၃နှစ် ပြည့်မြောက်တော့မည်ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် ကာလအတွင်း ဆောင်ရွက်ရန်ကျန်ရှိသည့် ဥပဒေကြမ်းများကို ဦးစားပေးအလိုက် အချိန်ကာလသတ်မှတ်ချက်နှင့် ဆောင်ရွက်စေလိုပါကြောင်း၊ ဥပဒေပြုရေးလုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်နိုင်ရန် ၂၀၁၉ ခုနှစ်အတွင်း လွှတ်တော်ပုံမှန်အစည်းအဝေးများ ကျင်းပပြုလုပ်မည့် ကာလနေ့ရက်လျာထားသတ်မှတ်ချက်ကိုလည်း ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ ယခုကဲ့သို့ လျာထားနေ့ရက်များ ထုတ်ပြန်ထားရှိခြင်းသည် လာမည့်ပုံမှန်အစည်းအဝေးကာလများတွင် ဆောင်ရွက်ရန်ရှိသည့် လွှတ်တော်ဆိုင်ရာလုပ်ငန်းများအတွက် အထောက်အကူရရှိနိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း။

ပြည်သူများအတွက် အမြဲတမ်းတာဝန်ရှိသည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအတွက် ပြည့်စုံခိုင်မာသည့် ဥပဒေများ ထွက်ပေါ်လာရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်မြေဒေသအလိုက် အခြေခံလိုအပ်ချက်များ တိုးတက်ကောင်းမွန်ရေးတို့အတွက် ဆောင်ရွက်ပေးနိုင်ကြပါစေကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာသည်။

**အောင်မော်၊**

**အေးအေးသန့် (သတင်းစဉ်)**

## သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)နှင့် ဂျပန်နိုင်ငံ ပညာရှင်များ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ သွားဖုံးအရိုးအစားထိုး လူနာများအား အခမဲ့ခွဲစိတ်ကုသပေး

**ရန်ကုန် ဒီဇင်ဘာ ၂၁**

နှစ်နိုင်ငံ ပညာရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ်အနေဖြင့် ဂျပန်နိုင်ငံ Nilgata တက္ကသိုလ်၊ မေးရိုးနှင့်ခံတွင်းခွဲစိတ်ကုပညာဌာနမှ ပါမောက္ခ Ritsuo Takagi ဦးဆောင်သောအဖွဲ့သည် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၊ မေးရိုးနှင့်ခံတွင်း ခွဲစိတ်ကုပညာဌာနမှ ဆရာ ဆရာမများနှင့်ပူးပေါင်းပြီး ဒီဇင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ နှုတ်ခမ်းကွဲလူနာ ကိုးဦး၊ အာခေါင်ကွဲလူနာ ကိုးဦး၊ သွားဖုံးအရိုးအစားထိုးလူနာ တစ်ဦးနှင့် အပေါ်မေးရိုးနှင့် အောက်မေးရိုးချိတ်ဆက်မှုကြောင့် ပါးစပ်မဟနိုင်သောလူနာ တစ်ဦး စုစုပေါင်း ၂၀ တို့အား အခမဲ့ခွဲစိတ်ကုသမှုပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်-မန္တလေးလမ်းဟာ ၃၈၆ မိုင်ရှိတယ်။ အင်မတန်အရေးကြီးတဲ့ လမ်းကြောကြီးဖြစ်တယ်။ ၂၀၁၅ ခုနှစ်ကတည်းက JICA နဲ့ သဘောတူခဲ့တယ်။ အဲဒါတွေကို ကျွန်တော်တို့ အကောင်အထည်ဖော်နေပါတယ်

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှတ်တမ်း

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၃ ရက်
( ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် )

**မြန်မာ့မီးရထားကဏ္ဍ အောင်မြင်ဦးမော့လာနိုင်စေရေးအတွက် လက်ရှိရင်ဆိုင်နေရသော အရှုံးများနှင့် ကျဆင်းနေရမှုတို့ကို ရပ်တန့်ကျော်လွှားပြီး ရှေးယခင် အစဉ်အလာကောင်းများ ရရှိခဲ့သည့် မြန်မာ့မီးရထားကို ပြည်သူများ နှစ်ခြိုက်ချမ်းမြေ့စွာ ပြန်လည်အားပေးလာကြစေရေးအတွက် အစီအစဉ်ကောင်းများ ပြုလုပ်ဆောင်ရွက်ပေးရန် စီမံကိန်းများ ရှိ၊ မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ယခု မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဖေတင်က မြန်မာ့မီးရထားကဏ္ဍ အောင်မြင်ဦးမော့လာနိုင်စေရေးအတွက် လက်ရှိရင်ဆိုင်နေရသော အရှုံးများနှင့် ကျဆင်းနေရမှုတို့ကို ရပ်တန့်ကျော်လွှားပြီး ရှေးယခင် အစဉ်အလာကောင်းများရရှိခဲ့သည့် မြန်မာ့မီးရထားကို ပြည်သူများ နှစ်ခြိုက်ချမ်းမြေ့စွာ ပြန်လည်အားပေးလာကြစေရေးအတွက် အစီအစဉ်ကောင်းများ ပြုလုပ်ဆောင်ရွက်ပေးရန် စီမံကိန်းများ ရှိ၊မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဖေတင်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)** ။ ဥက္ကဋ္ဌကြီးနှင့် တကွ ကြွရောက် လာသူ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေတင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီး ဖတ်ကြားသွားတဲ့ အတိုင်းပါပဲ။ ကျွန်တော့်ရဲ့ မေးခွန်းက တစ်ချိန်တုန်းက အောင်မြင်ဦးမော့လာတဲ့ မြန်မာ့ရထား ကျရှုံးသွားတဲ့အကြောင်းကို ပြန်လည်ဦးမော့လာစေဖို့အတွက် ရည်ရွယ်ချက်အကြောင်းခံပြီး မေးရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ခေတ်တစ်ခါတုန်းက ပြည်သူများက မြန်မာ့ရထားကို လွန်စွာအားကိုးပြီး မြန်မာ့မီးရထားဌာနကလည်း ခေတ်မီစက်ကောင်းခဲ့ပြီး တွဲသစ်ကြီးတွေ၊ ကြံ့ခိုင်တဲ့လမ်း၊ ဇလီဖားတုံးများဖြင့် ခရီးသွားများ သက်သာချောမွေ့ငြိမ့်ညောင်းတဲ့လမ်းကို ဖြစ်ပေါ်စေဖို့အတွက် ဝန်ဆောင်မှုကောင်းတွေ အထူးပေးခဲ့ပါတယ်။ ဂရုစိုက်ပြီး ပြေးဆွဲပေးခဲ့ပါတယ်။ တာဝန်ကျေပွန်မှု၊ လမ်းကို ချောမွေ့စေမှုတို့နှင့် မီးရထားများကိုလည်း ရွှေမန်းမေ၊ ဒဂုံမေ၊ ဒဂုံမန်း၊ ရွှေဒုံလေး အစရှိတဲ့ နာမည်လှလှ၊ တွဲလှလှများနှင့် မြန်မာ့မီးရထားကဏ္ဍ ဂုဏ်ယူဖွယ်ရာကောင်းတဲ့ အောင်မြင်တဲ့ ခေတ်တစ်ခေတ် ရှိခဲ့ဖူးပါတယ်။ ခေတ်အဆက်ဆက် ပြောင်းလဲလာခြင်းနှင့်အတူ တစ်ဖက်က လမ်းပန်းဆက်သွယ်ရေးလုံခြုံ ကောင်းမွန်လာခြင်း၊ လမ်းတံတားတွေ တည်ဆောက်လာခြင်း၊ ခရီးလမ်းအလိုက် သယ်ယူပို့ဆောင်ရေး ယာဉ်လိုင်းများ အပြိုင်အဆိုင်ပြေးဆွဲလာကြတဲ့အခါမှာ ပုဂ္ဂလိကယာဉ်များရဲ့ဝန်ဆောင်ပေးမှု၊ အချိန်မှန်ကန်မှုနှင့် တခြားသောအကြောင်းများအရ ပုဂ္ဂလိကယာဉ်လိုင်းများ တိုးတက်များပြားလာတဲ့အချိန်မှာ ကျွန်တော်တို့ မြန်မာတို့ရဲ့မီးရထားက မီးရထားကဏ္ဍက တွဲများ မကောင်းတော့ဘူး။ စက်ခေါင်းတွေ မကြာခဏပျက်တယ်၊ လမ်းတစ်လျှောက် ငြိမ့်ညောင်းစွာ မစီးရတော့ဘဲနဲ့ ချိုင့်ဆောင့်သလို စီးနေရတယ်၊ တွဲတွေမိုးယိုနေတယ်၊ မီးပျက်တယ်စတဲ့ စိတ်မသက်သာ၊ လူမသက်သာ စီးနင်းနေရတဲ့ ဒီဒုက္ခကို ခရီးသွားတွေက အလွန်တရာ ကြောက်ရွံ့လို့လာပါတော့တယ်။

### နိုင်ငံရဲ့ယန္တရားဒေါက်တိုင် အကျခံလို့မဖြစ်

ဒီအတွက်ကြောင့် မြန်မာ့မီးရထားကို မှေးမှိန်သွားစေတဲ့ အချက်အလက်တွေကတော့ မီးရထားအောက်ခြေက ဝန်ထမ်းတွေ ရထားလက်မှတ် မှောင်ခိုရောင်းတာတို့၊ တွဲတွေကောင်းကောင်း မပြင်တာတို့၊ တွဲကို ပစ်စလက်ခတ်ထားတာတို့၊ အထက်တန်းမှာ သာမန်ခရီးသည်တွေ တက်ခိုင်းတာတို့ အစရှိသဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်လာတာကို ဝမ်းနည်းစရာတွေ့ကြုံရပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက နိုင်ငံတော်မှာ အဓိကကျတဲ့ ဌာနကြီးတစ်ခုအပါအဝင် ဖြစ်ပါတယ်။ နိုင်ငံရဲ့ယန္တရားဒေါက်တိုင် အကျခံလို့မဖြစ်ပါဘူးခင်ဗျား။ ဒေါက်တိုင်ယိုင်နေခြင်းအားဖြင့် နိုင်ငံတော်အတွက် ထိခိုက်နိုင်တာတွေ၊ ပြည်သူတွေအားကိုးရာ သယ်ယူပို့ဆောင်ရေး ရထားလမ်းမဟုတ်တော့ဘဲနဲ့ မီးရထားစီးဖို့ ဝန်လေးနေကြတဲ့ အဖြစ်မျိုးကို အဖြစ်မခံတော့ဘဲနဲ့ မီးရထားနှင့် ခရီးသွားခြင်းအားဖြင့် ခရီးသည်များ သက်သောင့်သက်သာ ချောင်ချောင်ချိချိ လေကောင်းလေသန့်များ ရှူရှိုက်ရပြီးတော့ လိုရာခရီးကို လုံခြုံချောမွေ့စွာနှင့် ရှေးယခင်က ခေတ်များကဲ့သို့ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေကို ကောင်းစွာရှာဖွေပေးခဲ့တဲ့ ခေတ်တစ်ခေတ်ကို ပြန်လည်ရောက်ရှိနိုင်ဖို့အတွက် ပုံဖော်ပေးနိုင်ဖို့ အစီအစဉ်ကောင်းများ ရှိ၊ မရှိ ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်။ (ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးများ ခင်ဗျား။ ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေကြောင်း ပထမဦးစွာ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေတင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ မြန်မာ့မီးရထားကဏ္ဍ အောင်မြင်ဦးမော့လာနိုင်စေရေးအတွက် လက်ရှိ ရင်ဆိုင်နေရသော အရှုံးများနှင့်ကျရှုံးနေရမှုတို့ကို ရပ်တန့်ကျော်လွှားပြီး ရှေးယခင်အစဉ်အလာကောင်းများရရှိခဲ့တဲ့ မြန်မာ့မီးရထားကို ပြည်သူများ နှစ်ခြိုက်ချမ်းမြေ့စွာ ပြန်လည်အားပေးလာကြစေရေးအတွက် အစီအစဉ်ကောင်းများ ပြုလုပ်ဆောင်ရွက်ပေးရန် စီမံကိန်းများ ရှိ၊ မရှိနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ ဖြေကြားသွားမှာဖြစ်ပါတယ်။

### အလျင်အမြန်ပြုပြင်ဖို့ လိုအပ်နေပါတယ်လို့ သုံးသပ်

မေးခွန်းက အင်မတန်ကြီးမားကျယ်ပြန့်ပြီးတော့ ပြောရမယ့်၊ ရှင်းပြရမယ့် အချက်အလက်တွေ အများကြီးဖြစ်တဲ့အတွက်ကြောင့် ကျွန်တော် အချိန်အနည်းငယ်ပိုမိုပြီးတော့ ယူပါရစေ။ ဒီဟာအတွက်လည်းပဲ လျင်မြန်စေခြင်းအကျိုးငှာ Power Point သုံးစွဲခွင့်ပြုပါရန် မေတ္တာရပ်ခံပါတယ်။ တကယ်တမ်း ဒီရထားရဲ့လက်ရှိအချိန်၊ ကျွန်တော်တို့ တိုးတက်အောင်လုပ်မယ်ဆိုရင် ပေးထားတဲ့ ပေးထားချက်က Given Condition တွေက ဘာတွေလဲ၊ ဘာတွေလဲဆိုတာ ကျွန်တော်တို့ မပြောတော့ပါဘူး။ အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ ပညာရှင်တွေရဲ့ လေ့လာသုံးသပ်ချက်ပါ။ အာရှဖွံ့ဖြိုးရေးဘဏ်ဟာ ၂၀၁၂ ခုနှစ်မှာ ကျွန်တော်တို့နိုင်ငံကို ပြန်လည်ပြီးတော့ ဆက်သွယ်ကူညီ ထောက်ပံ့လာခဲ့တယ်။ အဲဒီအခါမှာ ၂၀၁၄ - ၂၀၁၅ ခုနှစ်မှာ လုပ်တဲ့ Rail Sector Assessment Report မှာ ဘယ်လိုရေးထားလဲဆိုတော့ ရထားလမ်းအားလုံးဟာ အလျင်အမြန်ပြုပြင်ဖို့ လိုအပ်နေပါတယ်လို့ သူက သုံးသပ်တာ။ Urgently needed For Rehabilitation ဆိုပြီးတော့ သူက ပြတ်ပြတ်သားသား ရေးထားပါတယ်။ ရထားလမ်းအားလုံးပါ။ အဲဒီမှာ သူပြောတဲ့ လုပ်ငန်းစဉ် (၅)ချက်ထဲမှာ လမ်းမကြီးမဟုတ်တဲ့ သိပ်ပြီးတော့ အရေးသိပ်မပါသေးတဲ့ Tertiary လမ်းတွေကို ပြန်ပြီးတော့ Rationalize လုပ်ပါ။ ရထားပြေးဆွဲမှု အခြေအနေကို စိစစ်တွက်ချက်ပါလို့ နံပါတ်(၁)ပြောပါတယ်။ အဲဒီနောက်မှာ လမ်းပိုင်း၊ စက်ခေါင်း၊ တွဲ၊ အချက်ပြစနစ်တွေကို အကျိုးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ပါ။ အရင်တုန်းက Targeted Investment တွေ မရှိလို့ပါလို့ သူကဆိုပါတယ်။ စီမံခန့်ခွဲမှုမှုလည်း IT နည်းပညာကို သုံးပါ။ Reorganize ဖွဲ့စည်းမှုကို ပြင်ပါ။ ဘဏ္ဍာရေးစီမံမှုကို ပြင်ပါ ဆိုပြီးတော့ အဓိကလုပ်ငန်းကြီး (၅)ချက်ကို ပြောပါတယ်။

ဒီနေရာမှာ ဒီလိုဆိုရင် ကျွန်တော်တို့ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း Economic Entity ကိုယ့်ဘာကိုယ် ရပ်တည်နိုင်သော၊ နိုင်ငံအပေါ်မှာ ဝန်ထုပ်ဝန်ပိုး မဖြစ်စေသော Economic Entity ကြီး ဖြစ်လာအောင်လို့ ဘယ်တော့များဖြစ်မှာလဲ ဆရာရယ်ဆိုပြီးတော့ ကျွန်တော် ဩစတြေးလျက ADB Consultant Dickbullock ကို တွေ့တဲ့အခါ မေးပါတယ်။ မေးတော့ မင်းတို့ နိုင်ငံကတော့ အနည်း ၂၀ အထက် ကြာနိုင်တယ် ဆိုပြီးတော့ သူက အဲဒီလို သုံးသပ်ခဲ့ပါတယ်။ ဒီနေရာမှာ သူ့ရဲ့သုံးသပ်ချက်က ဈေးကွက်မှာ ကျွန်တော်တို့ ဘယ်လောက်ဆုံးရှုံးသွားလဲဆိုတော့ ၁၉၉၀ ပြည့်နှစ်တုန်းက ရထားဟာ ၄၄ ရာခိုင်နှုန်းရှိပါတယ်။ ဒီဈေးကွက်မှာ သယ်ယူပို့ဆောင်မှု ဈေးကွက်ကြီးတစ်ခုလုံးရဲ့ ၄၄ ရာခိုင်နှုန်းရှိပါတယ်။ ၂၀၁၃ ခုနှစ်ကျတော့ ၁၀ရာခိုင်နှုန်းပဲ ကျန်တော့တယ်။ ခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းပဲ ကားလမ်းတွေက ကောင်းလာတယ်။ ပုဂ္ဂလိကကားတွေရဲ့ကဏ္ဍ ဖွံ့ဖြိုးလာတဲ့အတွက်ကြောင့် သူက ၈၆ ရာခိုင်နှုန်း ယူသွားပါတယ်။ အဲဒီမှာ ရေကြောင်းတို့၊ လေကြောင်းတို့ အကုန် ကျဆင်းသွားပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ ဒီအတိုင်းသာသွားရင်၊ ဒီအတိုင်း ဘာမှမလုပ်ဘူးဆိုရင် ၂၀၂၅ ခုနှစ်ကျရင် ရထားက နှစ်ရာခိုင်နှုန်းပဲ ကျန်ပြီးတော့ ရေကြောင်းက မရှိသလောက်ဖြစ်သွားပြီး လေကြောင်းကတော့ ပြန်တက်လာနိုင်သေးတယ်။ သုံးရာခိုင်နှုန်းဆိုပြီးတော့ သူတို့တွက်ပါတယ်။ အဲဒီမှာ ကုန်စည်ပို့ဆောင်ရေးကဏ္ဍ ဆိုရင်လည်းပဲ ၂၀၁၃ ခုနှစ်တုန်းကတော့ ငါးရာခိုင်နှုန်း ရှိသေးတယ်။ ၂၀၃၀ ပြည့်နှစ်မှာ ဒီအတိုင်းသာနေရင် ဘာမှမလုပ်ရင် ၁ ဒသမ ၅ ရာခိုင်နှုန်း ကုန်စည်ဈေးကွက်က ရမှာဖြစ်ပြီးတော့ တကယ်တမ်း ကောင်းအောင်လုပ်မယ်ဆိုရင် ၂၀၃၀ ပြည့်နှစ်မှာ ခုနစ်ရာခိုင်နှုန်းနှင့် ၁၅ ရာခိုင်နှုန်း အကြား ရရှိလာနိုင်တယ်ဆိုပြီးတော့ ဒါ ADB ရဲ့ ပေးထားချက်ကို ကျွန်တော် ပြောတာပါ။

### ADB နဲ့ ညှိနှိုင်းပြီး ဆောင်ရွက်နေ

နောက်တစ်ချက်ကတော့ National Transport Master Plan ကို ဂျပန်နိုင်ငံ Assitance နဲ့ နှစ်နှစ်တိတိ အချိန်ယူပြီးတော့ National Transport Master Plan ကို အရင်အစိုးရလက်ထက်မှာ ဆွဲခဲ့ပါတယ်။ အဲဒီအခါမှာ ပုံမှာပြထားတဲ့အတိုင်းပဲ အဓိကကျတာကတော့ Corridor Based Development ဒီ စင်္ကြံတစ်ခုချင်းတစ်ခုချင်းကို ကောင်းအောင်လုပ်ပြီးတော့ သွားရတယ်။ အဲဒီမှာ စင်္ကြံက အရေးကြီးဆုံးက တောင်-မြောက်ဗဟိုစင်္ကြံ အားလုံးသိတဲ့အတိုင်း ရန်ကုန် - မန္တလေး၊ မန္တလေး - မြစ်ကြီးနားဆိုတဲ့ တကယ့်ကျောရိုးလမ်းမကြီးကို ကောင်းအောင်လုပ်၊ ရထားလမ်းလည်း ကောင်းအောင်လုပ်၊ ကားလမ်းလည်း ကောင်းအောင်လုပ်၊ ရေကြောင်းလည်း ကောင်းအောင်လုပ် ဆိုတဲ့ဟာမျိုး သူပြောပါတယ်။ နောက် အရှေ့-အနောက်စင်္ကြံ။ အရှေ့-အနောက်စင်္ကြံကတော့ Regional Connectivity ကျွန်တော်တို့ GMS နိုင်ငံတွေနဲ့ ဟိုဘက်ဒါနန်းကနေပြီးတော့ ဗီယက်နမ်နိုင်ငံ ဒါနန်းကနေပြီးတော့ လာအို Savvanket ဆက်လာတဲ့ အရှေ့-အနောက် စင်္ကြံကြီးဟာ အခု မဲဆောက်အထိရောက်ပြီး မဲဆောက် - မြဝတီကနေပြီးတော့ သထုံ -ပဲခူး -သီလဝါအထိ လာအောင်လုပ်ရမယ်ဆိုတာ၊ အဲဒါကတော့ ကျွန်တော်တို့ ကားလမ်းလုပ်ဖို့ ခက်သေးတဲ့အတွက်ကြောင့်မို့ အားလုံးကို ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတော့ အရှေ့-အနောက်စင်္ကြံ အခုသီလဝါအထိလုပ်ဖို့ရာ ADB နဲ့ ညှိနှိုင်းပြီးတော့ အခုဆိုရင် F/S တွေလုပ်နေတယ်။ ခုနက ADB ရဲ့ အထောက်အပံ့နဲ့ အိန္ဒိယ-ကော့ကရိတ်ကို ဖောက်နေတာ ဖြစ်ပါတယ်။ တစ်ခါ မြောက်ပိုင်းစင်္ကြံကတော့ မူဆယ်-လားရှိုး-မန္တလေး လမ်းပိုင်း ဖြစ်ပါတယ်။ ဒါကလည်း Regional Connectivity အတွက် အရေးကြီးတယ်။ Border Trade လည်း အရေးကြီးတယ်။ ဒါကြောင့် မူဆယ်-မန္တလေးမြောက်ပိုင်းစင်္ကြံကို တတိယဦးစားပေးလုပ်တယ်။ အဲဒီအတွက်လည်းပဲ မော်တော်ကားလမ်းလုပ်ဖို့ တကယ့် Chinese - Myanmar Economics Corridor နဲ့လည်း တစ်ဆက်တည်းဖြစ်တဲ့အတွက်ကြောင့် မြောက်ပိုင်းစင်္ကြံကို လုပ်ဖို့ဖြစ်ပါတယ်။

### ကြိုးစားဆောင်ရွက်နေ

တစ်ခါ မြစ်ဝကျွန်းပေါ် စင်္ကြံလုပ်သင့်တယ်။ အနောက်ပိုင်း တောင်-မြောက်စင်္ကြံကလည်းပဲ ဧရာဝတီရဲ့အနောက်ဘက်ခြမ်းရော၊ ဒီဘက်က အရှေ့ဘက်ခြမ်းရောကိုလည်း လုပ်သင့်တယ်ဆိုပြီးတော့ လုပ်ထားပါတယ်။ ဒါပေမဲ့ အဲဒီမှာ ရထားလမ်းသက်သက် ဒီဟာတွေအတိုင်း လုပ်မယ်ဆိုရင် ဌာနအတွက် ၆ ဒသမ ၉ ဘီလီယံ အမေရိကန်ဒေါ်လာ ကုန်ကျပါမယ်ဆိုပြီးတော့ သူက လုပ်ငန်းပေါင်း ၁၄ ခု ဖော်ပြခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ရှိနေတဲ့ ဘတ်ဂျက်အခြေအနေ၊ ရှိနေတဲ့ ဘဏ္ဍာရေးအခြေအနေတွေနဲ့ အားလုံးညှိပြီးတော့ ဒီမှာ ဖော်ပြထားတဲ့အတိုင်းပဲ စီမံကိန်းနှင့် ကျွန်တော်အခု ဆောင်ရွက်နေပါတယ်။ အဲဒီတော့ ကျွန်တော် ဇယားကို မဖတ်တော့ဘဲနဲ့ မြန်မြန် တစ်ခုချင်းသွားပါမယ်။ ရန်ကုန်-မန္တလေးလမ်းဟာ ၃၈၆ မိုင်ရှိတယ်။ အင်မတန်အရေးကြီးတဲ့ လမ်းကြောကြီးဖြစ်တယ်။ အဲဒီမှာ ဒီ ၂၀၁၅ ခုနှစ်ကတည်းက အရင်အစိုးရလက်ထက်ကတည်းက ဒီ သဘောတူခဲ့တယ်။ JICA နဲ့ သဘောတူခဲ့တယ်။ အဲဒါတွေကို ကျွန်တော်တို့ အကောင်အထည်ဖော်နေပါတယ်။ အဲဒီအခါ ဒီဟာ ပြီးသွားရင် ရှစ်နာရီနဲ့ ရောက်မယ်။ ကီလိုမီတာ ၁၀၀ မောင်းနိုင်မယ်။ ဝင်ရိုးဝင်ချိန်ဟာ အခုဆိုရင် ၁၂ ဒသမ ၅ တန် အဲဒီလို ဝင်ရိုးတစ်ချောင်းပေါ်မှာ ၁၂ ဒသမ ၅ တန်ပဲ တင်နိုင်ရာကနေပြီး တန် ၂၀ တင်နိုင်ရမယ်ဆိုရင် ဒါ ထိုင်းနိုင်ငံရဲ့ Standard၊ Trans Asia Rail တကယ့် ကမ္ဘာ့အဆင့် သတ်မှတ်ထားတဲ့ Standard နဲ့ လာကိုက်တဲ့ လမ်းမျိုးလာပြီးတော့ဖြစ်မှာဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာ ကျွန်တော်တို့ အဲဒီလမ်းကြောင်းဖြစ်အောင် ၁၉၉၇ ခုနှစ်က သူတို့အဆိုပြုခဲ့တာ အခု ကျွန်တော်တို့ ၂၀၁၇ ခုနှစ်မှာ စနိုင်တဲ့ဘဝရောက်တယ်။ ကျွန်တော်တို့ဘက်ကတော့ ကျွန်တော်တို့ မြန်မာဘက်က တာဝန်ဖြစ်သော လမ်းခင်းကျောက်တွေ စုပြီးပြီ။ ကွန်ကရစ်ဇလီဖားတွေ အခုထုတ်ထားတယ်။ ကျွန်တော်တို့ကြောင့် နောက်ကျတာ မဖြစ်ရအောင် ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေပါတယ်။ သံလမ်း သူတို့ထုတ်နေတယ်။ သံလမ်းတွေ မတ်လ ရောက်မယ်။ ရောက်တဲ့အခါမှာ စပြီးတော့ အမြန်ဆုံးသံလမ်းတွေကလည်း ဆက်ရတယ်။ အဲဒီအခါမှာ သုံးတဲ့ဟာကို Continuous Welded Rail ဘူတာတစ်ခုကနေ ဘူတာတစ်ခု သံလမ်းမှာ အဆက်တွေ မဟုတ်တော့ဘူး။ အဆက်တွေ မရှိတော့ဘူး။ တစ်ခါတည်းဆက်ထားတဲ့လမ်း Continuous Welded Rail ကို သုံးမှာဖြစ်ပါတယ်။



မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဖေတင် မေးမြန်းစဉ်

### ညှိနှိုင်းတဲ့အဆင့် ပြီးသွားပြီဖြစ်

နောက် ဒုတိယ မန္တလေး - မြစ်ကြီးနားရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်း ကျွန်တော်ပိုက်ဆံတွေကို အားလုံး မချေးရအောင် ဒီလောလောဆယ် မြန်မြန်ဆန်ဆန် အကျိုးရှိအောင် မန္တလေး - မြစ်ကြီးနားမှာ နမ့်ခန်း - မဲဇာနှင့် မော်ဟန် - ကာဒူ အားလုံးသိပါတယ်။ တကယ့် အကျပ်အတည်းတွေ Sharp Curve တွေဟာ ဒီဂရီများတဲ့ အချိုးအကွေ့တွေ ရှိတယ်။ အဆင်းကလည်းပဲ Steep Gradient ပေါ့။ ဒီလျှောစောက်က ကြီးနေတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ အဲဒီနေရာတွေကို လုပ်ဖို့ရာအတွက် ကိုရီးယားတွေနဲ့ Survey လုပ်တဲ့အခါမှာ သူတို့ အခြား Alignment ကို ရှာတယ်။ အဲဒီအခါမှာTunnel တစ်ခု ဖောက်ရမယ်။ တံတားအသစ်ဆောက်ရမယ်။ အဲဒီဟာအတွက် ကျွန်တော်တို့ ဘူတာလေးခု လုပ်ရမယ်။ အဲဒီမှာ သူက ဒေါ်လာသန်း ၁၀၀ တောင်းတော့ ကျွန်တော်တို့ ပြန်ပြီးတော့ ညှိပါတယ်။ ညှိတဲ့အခါကျတော့ မော်ဟန် - ကာဒူ Section ပါလုပ်ပေးမှ ဒေါ်လာသန်း ၁၀၀ နဲ့ ဖြစ်အောင် လုပ်ပါဆိုပြီးတော့ ကျွန်တော်တို့ ညှိနှိုင်းတယ်။ အဲ့ဒါ အခု ပြီးပါပြီ။ ကျွန်တော်တို့ သူတို့နဲ့ စာချုပ်ချုပ်ရမယ်။ တင်ဒါ ရွေးချယ်ရမယ့်အဆင့် ဒီညှိနှိုင်းတဲ့အဆင့် ပြီးသွားပြီ ဖြစ်ပါတယ်။

*စာမျက်နှာ ၁၀*

စာမျက်နှာ ၉ မှ

နောက် ပဲခူး - မော်လမြိုင် ဒါက ကိုယ့်ဘတ်ဂျက်နဲ့ကိုယ် လုပ်ပါတယ်။ သူများချေးငွေနဲ့မပါဘဲနဲ့ ကျွန်တော်တို့ ရှိနေတဲ့ဟာလေးကို ဒီလမ်းလေးကို ပုံပြီးတော့အောလိုက်မယ်ဆိုပြီးတော့ ကျွန်တော်တို့ ၂၀၁၆ ခုနှစ်ကတည်းက လုပ်လိုက်တာ အခု မော်လမြိုင်အထိ ရောက်သွားပါပြီ။ အဲဒီမှာလည်းပဲ ကျွန်တော် SWR (Short Welded Rail) ဒါက ကမ္ဘာမှာ သိပ်ပြီးတော့ အမှန်ပြောရင် သိပ်ပြီးတော့ အကောင်းဆုံး မဟုတ်ပါဘူး။ သံလမ်းကို ကိုးချောင်းဆက်ပြီးတော့ ကျောက်အပြည့်နဲ့ လုပ်တာဖြစ်ပါတယ်။ တကယ်တမ်းဆိုရင် မိုင် ၅၀ နှုန်းအထိ သွားနိုင်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ အချက်ပြစနစ် မကောင်းသေးတဲ့အတွက်ကြောင့် အရှိန်ကို မမြှင့်ရဲသေးပါဘူး။ အားလုံးကောင်းအောင် လောလောဆယ် ဆောင်ရွက်နေပါတယ်။ ဒီကြားထဲ မနှစ်ကတုန်းက ဘီးလင်းချောင်းရေကြီးတော့ တံတားတစ်စင်းပါသွားပြီး နောက်ထပ် တံတားအသစ်တစ်စင်း ထပ်ဆောက်ရမယ့်ဘဝ ရောက်သွားပါတယ်။

နောက်တစ်ချက် ရန်ကုန် - ပြည်။ ရန်ကုန် - ပြည်ကတော့ ကျွန်တော့်ရဲ့ဒီအခက်အခဲတွေကို ADB က နားလည်တယ်။ ဒါကြောင့် သူတို့ကပဲ စတင်ပြီးတော့ ကမ်းလှမ်းတာပါ။ ADB က ရန်ကုန်-ပြည်လမ်းရဲ့ လမ်းပိုင်းအခြေအနေကိုတော့ သူတို့ကူညီပါ့မယ်ဆိုပြီးတော့၊ အဲဒီတုန်းက ကျွန်တော်တို့ ဒေါ်လာသန်း ၆၀ နဲ့ပဲလုပ်ဖို့ ကျွန်တော် မှန်းခဲ့တာပါ။ ဒါပေမယ့် မနေ့ကပဲ သူတို့ထပ်ပေးမှ ဖြစ်မယ်ဆိုပြီးတော့ လုပ်ပါတယ်။ အဲဒီမှာလည်း ကျွန်တော်တို့ Pre F/S ကို ဩစတြေးလျကုမ္ပဏီနဲ့ သူတို့ ADB က ကုန်ကျစရိတ်နဲ့ Pre F/S လုပ်ပါတယ်။ အဲဒီမှာ တံတားပေါင်း ၄၃၄ ခု ရှိပါတယ်။ ဒီ ၁၆၁ မိုင်မှာ အဲဒီမှာ ၄၃၄ ခုလုံးကို အသေးစိတ် ဘယ်ဟာတွေကိုတော့ အသစ်ပြင်မယ်။ ဘယ်ဟာတွေကိုတော့ Strengthen လုပ်မယ်။ ဘယ်ဟာတွေကိုတော့ အစားထိုးမယ်ဆိုတာမျိုး ကျွန်တော်တို့ လေ့လာပြီးဖြစ်ပါတယ်။ အခု F/S ကိုလည်းပဲ ဩစတြေးလျကုမ္ပဏီနဲ့ လုပ်နေတာဖြစ်ပါတယ်။ အဲဒီမှာ တကယ့် EIA, SIA နဲ့ တကယ့်ကို အကောင်းဆုံးဖြစ်အောင် လုပ်ရမှာ ဖြစ်ပါတယ်။

**ရန်ကုန်မြို့ပတ်၊ အားလုံးသိကြတဲ့အတိုင်းပဲ ဂျပန်အစိုးရက ကျွန်တော်တို့ကို သန်း ၆၆၀ ပေးတယ်။ ပေးပြီးတော့ ရန်ကုန် မြို့ပတ်ကြီးမြှင့်တင်ဖို့ အဆိုပြုခဲ့**

ရန်ကုန်မြို့ပတ်၊ အားလုံးသိကြတဲ့အတိုင်းပဲ ဂျပန်အစိုးရက ကျွန်တော်တို့ကို သန်း ၆၆၀ ပေးတယ်။ ပေးပြီးတော့ ရန်ကုန်မြို့ပတ်ကြီးမြှင့်တင်ဖို့ အဆိုပြုခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က ၂၀၇ သန်းကိုပဲ ယူပါ့မယ်။ ကျွန်တော်တို့ မလုပ်တတ်တဲ့ Signalling System နဲ့ ကျွန်တော်တို့ မလုပ်တတ်တဲ့ Rolling Stock ကိုပဲ ယူပါ့မယ်။ လမ်းကိုတော့ ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ ပြင်ပါ့မယ်။ ပြင်တဲ့အခါမှာ ဂျပန် အင်ဂျင်နီယာတွေ ကြီးကြပ်ပေးပါဆိုတော့ အခု ဂျပန် အင်ဂျင်နီယာတွေ ကြီးကြပ်ပေးတယ်။ တကယ့်ကို တံတား Approach မှာ၊ ဥပမာပြောရရင် တံတားကိုချဉ်းကပ်တဲ့ နေရာမှာ သံလမ်းတစ်ဆက်ကို သုံးပေခွဲထိတူးပြီးတော့ တကယ့် CBR တွေတိုင်းပြီးတော့ တကယ့်ကျောက်တွေကို တစ်လွှာချင်း တစ်လွှာချင်း ကြိတ်ပြီးတော့ ပြီးပြီဆိုမှ ဒီကွန်ကရစ်အလွှာလေး ပါးပါးလေးလောင်းပြီးတော့မှ အဲဒီပေါ်မှာ Sub ballast ၊ ballastဖြည့်တယ်။ တကယ့်တစ်သက်စာပဲ။ ကျွန်တော်တို့ကတော့ တစ်ခါတစ်ရံ နှစ်နှစ်၊ သုံးနှစ် တစ်ကြိမ်လောက်တော့ ပြင်နေရတယ်။ သူတို့ကတော့ လုံးဝအပြီးနီးပါးကို လုပ်သွားတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အခုဆိုရင် အပိုင်းတွေခွဲပြီးတော့၊ အရှေ့ပိုင်း၊ အနောက်ပိုင်းတွေ ခွဲပြီးတော့ လုပ်နေပါတယ်။

နောက်တစ်ခု ပြောချင်တာက Yangon Urban Mass Rapid Transit System ဒီကိစ္စကလည်းပဲ ဒီ ၂၀၁၆ ခုနှစ် ဧပြီလမှာ ကျွန်တော် တာဝန်ယူတယ်။ ၂၀၁၆ ခုနှစ် ဩဂုတ်လမှာ ဒီရန်ကုန်မြို့ကြီးရဲ့ Traffic Conjunction ကို ဖြေရှင်းဖို့ရာ မော်တော်ကားလမ်းနဲ့ပဲ အဆင်ပြေလို့ မရဘူး။ ရထားလမ်းကောင်းအောင် လုပ်မှဖြစ်မယ်။ အဲဒီအခါမှာ သူတို့ အဆိုပြုထားတဲ့ YUTRA ဆိုတဲ့ Yangon Urban Transport Master Plan မှာပါတဲ့ UMRT ပါ။ ဒီ UMRT ပါ ဒီ (1)၊ (2) ကို လေ့လာပေးပါဆိုပြီးတော့ ကျွန်တော်က မေတ္တာရပ်ခံတယ်။ ၂၀၁၆ ခုနှစ် ဩဂုတ်လမှာ မေတ္တာရပ်ခံတယ်။ စတယ်။ ၂၀၁၇ ခုနှစ် ဩဂုတ်လမှာ သူတို့ရဲ့ Pre F/S ပြီးပါတယ်။ Pre F/S ပြီးတဲ့အခါမှာ သူတို့ဟာ ဒီနှစ်မျိုး တင်ပြပါတယ်။ အရှေ့ - အနောက်လမ်းနဲ့ တောင်-မြောက်လမ်းပါ။ အဲဒီမှာ အရှေ့- အနောက်လမ်းဟာ တစ်နာရီကို လူ ၂၇၀၀၀ Passengers ဟာသွားလိမ့်မယ်။ ၂၀၃၀ ပြည့်နှစ်ကျော်ရင် ဒါကြီးက Mega City ကြီး ဖြစ်လာမယ်။ ဒီလိုဆိုခဲ့ရင် ၂၇၀၀၀ သွားခဲ့ရင် ဘယ်လိုရထားမျိုး ပြေးရမှာလဲဆိုတော့ ခြောက်တွဲ ပါတဲ့တွဲဆိုင်း သုံးမိနစ်ခြားပြေးမှ တွက်ခြေကိုက်မှာပါလို့ အဲဒီလောက်ထိ ကျွန်တော်တို့ အသေးစိတ်တွက်ရပါတယ်။ ပေါ့တိပေါ့ဆ လုပ်လို့မရပါဘူး။



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရှင်းလင်းတင်ပြစဉ်

ရထားလမ်းဆိုတာ တစ်သက်စာစဉ်းစားရမှာ ဖြစ်ပါတယ်။ အဲဒီတော့ အဲဒါကို ကျွန်တော်တို့ ဆောင်ရွက်တဲ့အခါမှာ တစ်နှစ်တိတိကြာတဲ့အခါမှာ ၂၀၁၇ ခုနှစ် ဩဂုတ်လမှာ ကျွန်တော်တို့ Report ပေးပါတယ်။ ပေးတာကို ကျွန်တော်တို့ လုပ်ကြဖို့ဆိုတဲ့အခါမှာ ငွေကိုလည်းပဲ ဂျပန်အစိုးရကနေပြီးတော့ ဂျပန်ဝန်ကြီးချုပ်ရဲ့ အတိုင်ပင်ခံကနေပြီးတော့ သူတို့ပေးပါ့မယ်။ အဲဒီမှာ ကျွန်တော်တို့သည် သိပ်ပြီးတော့ ချေးငွေတွေများအောင် လုပ်မှာလား။ အဲဒီမှာ G to G လုပ်မှာလား။ PPP လုပ်မှာလား ဆိုတာ။ PPP မှာ တချို့သောနိုင်ငံတွေမှာ PPP လုပ်တဲ့အခါမှာ အဲဒီထည့်တဲ့ Private ကုမ္ပဏီက တကယ်တမ်းကျတော့ တန်းလန်းကြီးဖြစ်ပြီးတော့ အခုဆိုရင် (၄)၊ (၅)၊ (၁၀)နှစ် ကြာနေတဲ့ Case တွေ ကျွန်တော်တို့က ဥပမာတွေတွက်ရပါတယ်။

ဒီနေရာမှာ G to G ယူပြီးတော့မှ Operation ကို Private နဲ့ပြန်ပြီး ဆပ်ခိုင်းမှာလားပေါ့။ ဥပမာ ကျွန်တော်ဆိုလိုသည်မှာ ဆိပ်ကမ်းမှာ ကျွန်တော်တို့ (25) (26) ပေါ့။ မီတာ ၄၀၀ Jetty ကိုလုပ်တဲ့အခါမှာ ဒေါ်လာသန်း ၁၈၀ ကုန်တယ်။ အဲဒီ ဒေါ်လာသန်း ၁၈၀ ကို Private ကုမ္ပဏီကနေပြီးတော့ ၃၈ နှစ်အတွင်း ပြန်ဆပ်တယ်။ သူ့ကို ၃၈ နှစ် ကျွန်တော်တို့ ဘာမှဆပ်စရာမလိုဘူး။ ၃၈ နှစ် Operation ပေးတဲ့အခါမှာ Revenue ရှယ်ယာလည်း ရတယ်။ ဒီလိုနည်းနဲ့သွားရင်တောင်မှ ရထားဆိုတာတော့ အင်မတန်ခက်တဲ့အကြောင်း ပြောတာပါ။

**လိုင်သာယာကနေပြီးတော့ ပါရမီထိ ဒီမြို့ပတ်ရဲ့ လမ်းနှစ်လမ်းနဲ့ ချိတ်ဆက်နိုင်တဲ့ Exchange Station နှစ်ခုဖြစ်နိုင်တဲ့ ပါရမီအထိ ၁၃ ဘူတာရှိတဲ့နေရာကို စတင်ပြီးတော့ Phase (1) အဖြစ်နဲ့ ဦးစားပေး ဆောင်ရွက်ဖို့ဆိုတာ ကျွန်တော်တို့ လုပ်နေပါတယ်**

UMRT စနစ်။ အဲဒီမှာ ဒီနှစ် ကျွန်တော်တို့ နောက်ထပ် F /S လုပ်ပါတယ်။ တကယ့် Detail F/S လုပ်တယ်။ F/S လုပ်တဲ့အခါမှာ ခုနတုန်းက ခရီးသည် ၂၇၀၀၀ အစား တစ်နာရီကို ၃၀၀၀၀ လောက်ထိ ဖြစ်သွားနိုင်တယ်။ ဒီ တောင် - မြောက်ပေါ့။ အဲဒီအခါမှာ သူတို့က ရွေးခိုင်းပါတယ်။ တောင် - မြောက်ကို လုပ်မှာလား။ အရှေ့ - အနောက်ကိုလုပ်မှာလား ဆိုပြီးတော့။ ကျွန်တော်က လိုင်သာယာက Traffic Demand များတဲ့အတွက်ကြောင့် လိုင်သာယာကနေ တိုးကြောင်ကလေးမှာ အရေးကြီးတဲ့ Section တွေ၊ လိုင်သာယာကနေပြီးတော့ ပါရမီထိ ဒီမြို့ပတ်ရဲ့လမ်းနှစ်လမ်းနဲ့ ချိတ်ဆက်နိုင်တဲ့ Exchange Station နှစ်ခုဖြစ်နိုင်တဲ့ ပါရမီအထိ ၁၃ ဘူတာရှိတဲ့နေရာကို စတင်ပြီးတော့ Phase (1) အဖြစ်နဲ့ ဦးစားပေးဆောင်ရွက်ဖို့ဆိုတာ ကျွန်တော်တို့ လုပ်နေပါတယ်။ အသေးစိတ်တိုင်းရပါတယ်။ အသေးစိတ်အချက်အလက်တွေ အခုပြီးပါပြီ။ ကျွန်တော့်ဘက်မှ ပေးမယ့်ဟာတွေရော၊ သူတို့လုပ်ရမယ့်ဟာတွေပါ ဘယ်နေရာမှာ Transit Oriented Development လုပ်မယ်ဆိုတာထိ အသေးစိတ် ဒီဟာတွေဟာ ညှိနှိုင်းပါတယ်။ နောက်တစ်ခါ ဒါအကြမ်းပဲ ကျွန်တော်ပြောတာပါ။

မူဆယ် - မန္တလေး။ မူဆယ် - မန္တလေးမှာ တကယ်တမ်း ၄၃၁ ကီလိုမီတာ၊ ဒီ အကြမ်းဖျင်း ကျွန်တော် လာအိုမှာ ဆောက်တဲ့လမ်းသည် ဒီလိုပဲ ကျွန်တော်တို့ ၄၃၀ ကျော်လောက်ပဲ။ အဲဒီမှာ ၅ ဘီလီယံ အမေရိကန်ဒေါ်လာ ကုန်ပါတယ်။ အဲဒါကို တရုတ်ဆီက တရုတ်နဲ့ပေါင်းပြီးတော့ ဆောင်ရွက်ပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့က အဲဒီကိစ္စကိုရောပေါ့။ ခုနတုန်းက ပြောတဲ့အတိုင်းပဲ သူသည် National Transport Master Plan မှာ ဦးစားပေးထဲမှာပါတယ်။ တရုတ် - မြန်မာ စီးပွားရေး လမ်းကြောင်းမှာလည်းပဲပါတယ်။ တစ်ခါ Trans Asia Rail Link (UNESCAP) ကနေပြီးတော့ အဆိုပြုတဲ့ ဥရောပကနေပြီးတော့ အာရှအထိဆက်တဲ့ လမ်းကြောင်းကြီး Tran Asia Rail Link ရဲ့ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်တယ်။ ဒါကြောင့် ဒီကြားထဲမှာလည်းပဲ တကယ့် Traffic Demand က တအားများတယ်။ ကုန်ကားက တစ်နေ့ကို ၃၀၀၀ နဲ့ ၅၀၀၀ ကြားကို မန္တလေးနဲ့ လားရှိုးကြားမှာ ရှိနေတယ်။ ရှိနေပြီးတော့ ဂုတ်တွင်းတို့၊ ဂုတ်ထိပ်တို့မှာ အလွန်ကျပ်နေတယ်။ ဒါ့ကြောင့် ဒီဟာသာသွားခဲ့ရင် သူ့ရဲ့ဒီဇိုင်း အတိုင်းဆိုရင် အကြာဆုံး ၅ နာရီပဲကြာမယ်။ ဒါဆိုရင် ဒီရထားဟာ ကားထက်လည်း ခုနကပြောတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ပိုပြီးတော့ Familier ဖြစ်တယ်။ အဲဒါကြောင့် ကျွန်တော်တို့ အခု F/S လုပ်နေတာဖြစ်ပါတယ်။ အရင်လက စပြီးတော့ လုပ်နေပါပြီ။ နောက်ထပ်ဟာတွေကို ဒီ Plan နဲ့ သွားပြီးတော့ F/S လုပ်နေတာဖြစ်ပါတယ်။

အဓိကအကျဆုံးကတော့ အချက်ပြစနစ် တပ်ဆင်ဖို့ပါ။ ကျွန်တော်တို့ရဲ့အချက်ပြစနစ်ကြီးက တကယ့် ဟိုးရှေးအကျဆုံး Very Primitive Method ပေါ့။ တကယ့် ရှေးအကျဆုံး Signalling System ၊ ကြိမ်ကွင်းကြီးနဲ့ ကြိမ်ကွင်းကြီးနဲ့ ထောင်ပြီးတော့ လုပ်နေရတဲ့ဟာ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီဟာကို ဖျောက်မှဖြစ်မယ်။ လူပေါ်မှာမူတည်တဲ့၊ Secure မဖြစ်တဲ့၊ Safe မဖြစ်တဲ့ Operation အစား ကျွန်တော်တို့ဟာ အခုဆိုရင် ရန်ကုန် - မန္တလေးကို ကျွန်တော်တို့ Fully Automatic လုပ်မယ်။ ရန်ကုန် - ပြည်၊ ရန်ကုန် - မော်လမြိုင်ကို ကျွန်တော်တို့ Semi Automatic လုပ်မယ်ဆိုပြီးတော့ ကျွန်တော်တို့ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီကိစ္စအတွက်လည်းပဲ ခုနတုန်းက ဩစတြေးလျကုမ္ပဏီကို ADB အနေနဲ့ ဒီကိစ္စလေးပါ ဆောင်ရွက်ပေးဖို့ဆိုပြီးတော့ မနေ့ကထပ်ပြီးတော့ မေတ္တာရပ်ခံခဲ့ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ ရထားလမ်းတွေ ဘာကြောင့် ညံ့တာလဲ။ ဘာကြောင့် ညံ့တာလဲဆိုတော့ ကျွန်တော်တို့ အရင်တုန်းက သစ်သားဖာတွေ သုံးတယ်။ သစ်သားဖာတွေက အခု သစ်သားလည်း မရှိတော့ဘူးဆိုတဲ့အခါ ကွန်ကရစ်ဇလီဖားတုံးသုံးတယ်။ သုံးတဲ့အခါမှာလည်းပဲ တရုတ် ဒီဇိုင်းသုံးလိုက်၊ အိန္ဒိယဒီဇိုင်းသုံးလိုက်၊ ရတဲ့အကြွေး၊ အကြွေးရတဲ့ဟာကို ယူပြီးလုပ်ခဲ့လိုက်တဲ့အခါမှာ ဒီဇိုင်းနှစ်ခု မတူတော့ ဒီဟာတွေက အကုန်လုံးပြဿနာ ရှိပါတယ်။ ဒီကြားထဲမှာ ဖွဲ့စည်းပုံက အရင်တုန်းကဆိုရင် လေးမိုင်တစ်အုပ်စု၊ တစ်အုပ်စုမှာ ၁၀ ယောက်၊ လမ်းလျှောက်တစ်ယောက်၊ လုပ်သားခေါင်းတစ်ယောက်၊ ကျန်တဲ့လုပ်သား ရှစ်ယောက်နဲ့ ၁၀ ယောက် ဖွဲ့စည်းခဲ့ရာကနေပြီး ၁၉၉၆ ခုနှစ်ကျတော့ တို့ Semi Mechanized လုပ်ကြစို့ဆိုပြီးတော့ Semi Mechanized ပေါ့။ ဒီ ကွန်ကရစ်ဇလီဖားကို လူလည်း မ နိုင်တာ မဟုတ်တော့ အဲဒါကို ဂျက် နဲ့ မ ရမယ်။ ဂျက် သုံးရမယ်။ တစ်ခါ ဒီကွန်ကရစ်ဇလီဖားရဲ့အောက်ကို ကျောက်တွေ ရောက်အောင် Packing ရိုက်ရတယ်။ ရိုက်တဲ့အခါမှာလည်းပဲ အဲဒီရိုက်တာကို ဒီ Hand - tie Tamper ဆိုတာ လူနဲ့သုံးတဲ့ Hand - tie Tamper ဝယ်ရပါတယ်။ အခု Hand - tie Tamper ၁၀၀ ကျွန်တော် ဒီနှစ်ထဲရပါမယ်။ ဒါဆိုရင် ကျွန်တော့်မှာ ဒီ Semi Mechanized ဂိုဏ်းတွေဖွဲ့လိုက်လို့ရှိရင် လမ်းတွေ၊ Tertiary လမ်းတွေပါ နည်းနည်းပိုပြီးတော့ ကောင်းကောင်းမွန်မွန် ထိန်းနိုင်မှာဖြစ်ပါတယ်။ အဲဒါကြောင့် ရထားလမ်းပြုပြင် ထိန်းသိမ်းရေးစနစ်ကို အစအဆုံးပြင်မှ ဖြစ်မယ်။ လူနဲ့လုပ်မယ့်အစား Semi Mechanized ကို သွားမှဖြစ်မယ်ဆိုတာကို ပြောတာပါ။

**ကုန်းတွင်းဆိပ်တွေကလည်း ကျွန်တော် ဒီ Dry Port တွေ ဆောက်ရမှာပါ**

နောက်ထပ် ကုန်းတွင်းဆိပ်။ ကုန်းတွင်းဆိပ်တွေကလည်း ကျွန်တော် ဒီ Dry Port တွေ ဆောက်ရမှာပါ။ ကျွန်တော်တို့မှာ Inter Governmental Agreement On Dry Port ဆိုပြီးတော့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ UNESCAP ရဲ့ ဦးဆောင်မှုနဲ့ စာချုပ်မှာ လက်မှတ်ထိုးခဲ့ရတယ်။ တကယ်တမ်းလည်းပဲ ကျွန်တော်တို့ လုပ်ရမယ်။ အဓိကအားသာချက်က ဘာလဲဆိုတော့ Containerization၊ အားလုံး Container နဲ့ သယ်တဲ့စနစ်ဖြစ်မှ Multimodal Transport ဆိုတာ ဖြစ်လာမယ်။ Truck ပေါ်ကနေပြီးတော့ ရထားပေါ်တင်တယ်။ ရထားက တန်းပြီးတော့ သင်္ဘောဆိပ်ရောက်တယ်။ သင်္ဘောဆိပ်ကနေ သင်္ဘောပေါ်တင်တယ်။ အဲဒီလို Multimodal Transport ကွင်းဆက်Supply Chainရဲ့ တန်ဖိုးတွေကျလာအောင် ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက်ကြောင့် ကုန်းတွင်းဆိပ်နှစ်ခု၊ အခုပြီးပါပြီ။ ဒီနှစ်ကုန်ကစပြီးတော့ အားလုံးကို လူတွေ Container သုံးလာအောင် အားပေးနေတာ ဖြစ်ပါတယ်။

နောက် (IT) ပေါ့။ သူတို့ပြောတဲ့ (IT) အတွက်၊ (IT) ဆိုတာ တကယ့်ဘူတာတွေမှာ တချို့ဘူတာတွေမှာ မီးက မရှိသေးဘူး။ ဘူတာတွေမှာရှိနေတဲ့ အားလုံးကို Control လုပ်နိုင်တဲ့ ခုနပြောတဲ့ Operation အရ Control လုပ်မယ်။ နောက် ခုနတုန်းက Management System ကြီးတစ်ခုလုံးကို Control လုပ်ဖို့ MIS ဆိုတာကို ကျွန်တော် တို့ F/S ပြီးပါပြီ။ အဲဒီ ဩစတြေးလျကုမ္ပဏီကနေပြီး ထပ်ပြီးတော့ တင်ဒါခေါ်ယူရေးတို့ ဒီဟာတွေကို ကျွန်တော်တို့ Network တစ်ခုလုံးချိတ်ရမှာ ဖြစ်ပါတယ်။ ဒါမှသာ Ticketing ထိ အားလုံးသွားမှာ ဖြစ်ပါတယ်။ အဲဒီမှာ သူကဖွဲ့စည်းပုံပါ ပြင်ခိုင်းပါတယ်။ အဲဒီမှာ ကျွန်တော်တို့ တော်တော်တိုင်ပင်ကြပါတယ်။ ကျွန်တော်တို့ရဲ့ အခြေအနေဟာ ဘယ်သူကိုမှ ပြိုင်နိုင်တဲ့အခြေအနေ အခုလောလောဆယ်မှာ မရှိပါဘူး။ ခုနလွှတ်တော်ကိုယ်စားလှယ်ကြီး ပြောသွားတဲ့ အတိုင်းပါပဲ ကျွန်တော်တို့ ရထား၊ ကားနဲ့ မပြိုင်နိုင်သေးပါဘူး။ အဲဒီတော့ အနည်းငယ်ပြိုင်နိုင်လောက်အောင်၊ နည်းနည်းရပ်တည်နိုင်လောက်အောင်တော့ အရင်ဆုံးလုပ်ကြဦးစို့ရဲ့။ အဲဒါပြီးမှ Reorganizationကို သွားမှာ ဖြစ်ပါတယ်။

အဲဒီမှာလည်း ဝန်ထမ်းတွေရဲ့ ခုနတုန်းက စိတ်ဓာတ်ပေါ့။ ကျွန်တော်တို့က Monopolistic Position တစ်ယောက်တည်းအုပ်ချုပ်၊ တစ်ယောက်တည်း စီမံခန့်ခွဲခဲ့တဲ့ Position ကနေပြီးတော့ ဈေးကွက် စီးပွားရေးစနစ်ကိုပြိုင်တဲ့အခါမှာ ကျွန်တော်တို့ ဝန်ထမ်းတွေဟာ Service Minded ဝန်ဆောင်မှုစိတ်ဓာတ်အပြည့်ရှိအောင် မနည်းကိုလုပ်နေရပါတယ်။ အခုလည်းပဲ ကျွန်တော် လေးနှစ် သင်တန်း အလကားပေးပါတယ်။ အဲဒီ JICA က အဖွဲ့တွေနဲ့ ကျွန်တော် ဒုတိယနှစ်ရောက်ပါပြီ။ ခုနတုန်းက ဒီ နှုတ်ဆက်တာကအစ၊ ဦးညွှတ်တာကအစ အားလုံး ခုနသန့်ရှင်းရေးကအစ အားလုံးကို လေ့ကျင့်သင်ကြားပေးနေပါတယ်။ တစ်ခါတည်း မပြောင်းနိုင်ပါဘူး။ သူတို့ Corporatization ၁၉၈၇ ခုနှစ် ဂျပန်မှာစပါတယ်။ အဲဒီ Corporatization အချိန်ကစပြီး နှစ်အစိတ်၊ သုံးဆယ်ယူခဲ့ရတာပါ။ လူတွေဟာ Service Minded သူတို့လည်း မဖြစ်ပါဘူးဆိုပြီးတော့ ပြောခဲ့တာ ဖြစ်ပါတယ်။

**ပဲရစ်ကလပ်နိုင်ငံတွေက အကြွေးတွေကို တစ်ဝက်လျှော့ပေးတာတောင်မှ သူ့ရဲ့အတိုးနဲ့အရင်း ကျွန်တော်ဆပ်ရမယ့်ဟာသည် ကျပ် ၁၂၆ ဘီလီယံရှိပါတယ်**

တစ်ခါ ဘဏ္ဍာရေးစီမံခန့်ခွဲမှုကတော့၊ ဘဏ္ဍာရေးအခြေအနေကတော့ အရင် ကျွန်တော် ပြည်ထောင်စုလွှတ်တော်မှာ တင်ပြခဲ့တဲ့အတိုင်းပါပဲ။ ကျွန်တော် ၂၀၁၉-၂၀၂၀ ရှေ့နှစ်ဘတ်ဂျက်ထဲမှာ တော်တော်ရင်လေးစရာကောင်းပါတယ်။ ကျွန်တော် ၁၉၈၈ ခုနှစ်မတိုင်ခင်က အကြွေးပါ။ ရထားဆိုတာ ကိုယ်ဘာမှမလုပ်တတ်တော့ အစဉ်အလာအရကိုက ချေးငွေလေးရမှ သို့မဟုတ် ကိုယ့်မှာ ကိုယ်ပိုင်ရှိမှ နိုင်ငံခြားငွေနဲ့ ဝယ်ရတာဖြစ်တယ်။ အဲဒီအခါမှာ ၁၉၈၈ ခုနှစ်မတိုင်ခင်က ပဲရစ်ကလပ်နိုင်ငံတွေက အကြွေးတွေကို တစ်ဝက်လျှော့ပေးတာတောင်မှ သူ့ရဲ့အတိုးနဲ့အရင်း ကျွန်တော်ဆပ်ရမယ့်ဟာသည် ကျပ် ၁၂၆ ဘီလီယံရှိပါတယ်။ ကျွန်တော့် ရထားဝင်ငွေရဲ့ နှစ်ဆရှိပါတယ်။ အဲဒီတော့ နောက်တစ်ခါ ပင်စင်စားတဲ့ ဝန်ထမ်းပေါင်း ၁၈၀၀၀ ၊ အဲဒီပင်စင်နဲ့ပင် ကျွန်တော် ကျပ်တစ်ဘီလီယံ ကျော်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့သည် လောလောဆယ် မပြေးခင်ကနေ ရှုံးနေတဲ့ အဖွဲ့အစည်းဖြစ်တယ်။ သို့သော် ရှေးတုန်းကတည်းက ကျွန်တော်တို့သည် Board နဲ့ထားခဲ့တယ်။ Corporation ဆိုတာ နောက်မှပြောလိုက်တာပါ။ ဒီ Public Service Application ဖြစ်တယ်။ အဲဒါကို အကောင်းဆုံးဆောင်ရွက်ရမှာ ဖြစ်တယ်။ အဲဒီမှာ ကျွန်တော် ပုဂ္ဂလိကဟာတွေ ပါဝင်ဖို့ရယ်။ Investment မှာလည်း ပုဂ္ဂလိကတွေ ပါဝင်လာအောင် ကျွန်တော်တို့ စည်းရုံးဆွဲဆောင်လျက်ရှိပါတယ်။ ဒီနေရာမှာ ဒီလိုရထားလုပ်ငန်းသည် အင်မတန် စရိတ်ကြီးမားတဲ့အတွက်ကြောင့် အရင်းအနှီးဟာလည်း ရင်းနှီးပြီးရင် နှစ် ၃၀ ကြာမှ အရင်းကျေတာတို့ ဘာတို့ဖြစ်တဲ့အတွက်ကြောင့်မို့ အတော်တော့ခက်ပါတယ်။

အခုလောလောဆယ် အဲဒီအတိုင်းဆောင်ရွက်နေပါတယ်။ ဩစတြေးလျက နိုင်ငံတစ်ခုကလည်း ကျွန်တော်တို့ဆီမှာ Turnout လာထုတ်မယ်။ Crossing Product တွေ၊ Turnout တွေ လာထုတ်ရင် ကျွန်တော်သက်သက်သာသာနဲ့ သုံးရမယ်။ သူက အရှေ့တောင်အာရှနိုင်ငံတွေကို ရောင်းချင်တယ်လို့ ပြောပါတယ်။ အဲဒါတွေလည်း ကျွန်တော်တို့ Joint Venture လုပ်ဖို့ ဆွေးနွေးနေပါတယ်။ နောက်တစ်ခါ ဂျပန်ကုမ္ပဏီတစ်ခုကလည်း ကွန်ကရစ်ဇလီဖားထုတ်တဲ့ ကျွန်တော်တို့ရဲ့ မသုံးတော့တဲ့ စက်ရုံအဟောင်း၊ ကွန်ကရစ်ဇလီဖားကလည်း လောက်သွားပြီဆိုတော့ သူက အဲဒါကို Precast Concrete Structure ထုတ်ဖို့၊ Joint Venture လုပ်ဖို့ရာအတွက် ကျွန်တော်တို့ နောက်ဆုံးအဆင့် ရောက်နေပါပြီ။ အဲဒါ လည်းပဲ အားလုံးခွင့်ပြုခဲ့ရင် ကျွန်တော်တို့လုပ်မှာ ဖြစ်ပါတယ်။ အဲဒီလိုနည်းနဲ့ ပါလာအောင် ဆောင်ရွက်နေတဲ့ အကြောင်း တင်ပြအပ်ပါတယ်။ နောက် စက်ခေါင်းနဲ့ တွဲဆိုင်းတွေ ပြုပြင်တည်ဆောက်တဲ့အခါမှာ ကျွန်တော်တို့ အရင်အစိုးရလက်ထက်မှာ တရုတ်နိုင်ငံရဲ့ ချေးငွေနဲ့ စက်ပစ္စည်းတွေဝယ်ပါတယ်။

စာမျက်နှာ ၁၁ သို့

# စာတတ်သူတိုင်းစာဖတ်ရေး လှုပ်ရှားမှုအခမ်းအနား ဒုတိယနေ့ ဆက်လက်ကျင်းပ ပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များကို ဒီဇင်ဘာ ၂၂ ရက်အထိ တစ်ရက်တိုး၍ ဖွင့်လှစ်ပြသသွားမည်

နေပြည်တော် ဒီဇင်ဘာ ၂၁

**မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာတတ်မြောက်သူတိုင်း စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ပိုမိုတိုးတက်လာစေရေးနှင့် စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှုများကို နိုင်ငံတစ်ဝန်းတွင် ကျင်းပပြုလုပ်နိုင်စေရေးအတွက် နှိုးဆော်ဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် ကျင်းပလျက်ရှိသည့် စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှုအခမ်းအနား ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်ဇနီးတို့ စာတတ်သူတိုင်း စာဖတ်ရေး လှုပ်ရှားမှုအခမ်းအနားတွင် စာအုပ်အရောင်းဆိုင်များကို ကြည့်ရှုအားပေးစဉ်။

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနအကြီးအကဲများနှင့်အတူ နံနက် ၉ နာရီ ၁၅ မိနစ်တွင် စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှု ပြခန်းပြကွက်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာတတ်သူတိုင်း စာဖတ်ရေး လှုပ်ရှားမှုအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ပြန်ကြားရေးဝန်ကြီး ဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ပြခန်းပြကွက် တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

### စည်ကားများပြား

ယနေ့တွင် စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှု ပြခန်း ပြကွက်များသို့ လာရောက်ကြည့်ရှု လေ့လာကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ စာပေကို စိတ်ဝင်စားကြသည့် ပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှု အခမ်းအနား ဒုတိယနေ့ကို နံနက်ပိုင်းတွင် စတင်ကျင်းပရာ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စာပေပညာရှင်များ၊ စာရေးဆရာများ၊ စာတမ်းဖတ်ကြားသူများ၊ စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်ဖောင်ဒေးရှင်းများနှင့် ပူးပေါင်းပါဝင်ကြသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စာပေကို စိတ်ပါဝင်စားကြသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ဖတ်ကြား

အခမ်းအနားတွင် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာစန္ဒာဦးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (တာဝန်) ဦးကိုလေးဝင်းက **အခြေခံပညာကဏ္ဍတွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်ချက်များ စာတမ်း**ကို လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူး ဒေါက်တာလှိုင်လှိုင်ကြီးက **လူငယ်နှင့် စာကြည့်တိုက် ယဉ်ကျေးမှုစာတမ်း**ကို လည်းကောင်း ဖတ်ကြားကြသည်။

ဆက်လက်၍ ဦးရဲမြင့်ကျော်က ဦးဆောင်၍ ဦးတင်ညွန့်၊ ဒေါက်တာစန္ဒာဦး၊ ဒေါ်အေးလဲ့ထွန်း (သော်တာအေးလဲ့)နှင့် ဦးမျိုးအောင်တို့က **စာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့် စာဖတ်သည့် အလေ့အထများ ဖော်ဆောင်ရေး ခေါင်းစဉ်** ဖြင့် ဆွေးနွေးကြသည်။

### ဆွေးနွေး

မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် သုတပညာဌာန ပါမောက္ခ ဒေါက်တာထွန်းအောင်ကျော်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းဝင်းက **ပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းများစာတမ်း**ကို ဖတ်ကြားရှင်းလင်းပြီး ဦးကြည်ဝင်း(လောကအမွန်) ဦးဆောင်၍ ဦးအုန်းမြင့်-မောင်ရင့်မာ (ကျောင်းကုန်း)၊ ဦးဝင်းချို၊ ဒေါက်တာခင်လေးစိုး၊ ဦးအောင်သန်းထွင်နှင့် မသဲနုစံတို့က **စာတတ်သူတိုင်း စာဖတ်ရေးအတွက် တွေ့ကြုံနေရသော အခက်အခဲနှင့် ကျော်လွှားနိုင်မည့်နည်းလမ်းများ ခေါင်းစဉ်** ဖြင့် ဆွေးနွေးကြသည်။




စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှု အခမ်းအနား ဒုတိယနေ့၌ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။

### တိုး၍ ဖွင့်လှစ်ပြသသွားမည်ဖြစ်

ယခုကျင်းပသည့် စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှု အခမ်းအနား၏ ပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များကို ဒီဇင်ဘာ ၂၂ ရက်အထိ တစ်ရက်တိုး၍ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

### လာရောက်ကြည့်ရှုလေ့လာနိုင်

စာတတ်သူတိုင်း စာဖတ်ရေး လှုပ်ရှားမှု အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့ရာ ယခုအခါ ဝန်ထမ်းများနှင့် စာမေးပွဲများ ဖြေဆိုအပြီး လာရောက်လေ့လာလိုသည့် ကျောင်းသား ကျောင်းသူများ၏ မေတ္တာရပ်ခံချက်အရ အထူးအစီအစဉ်အဖြစ် ဒီဇင်ဘာ ၂၂ ရက် (စနေနေ့) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စာတတ်သူတိုင်းစာဖတ်ရေး လှုပ်ရှားမှုအခမ်းအနား ပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များကို ဆက်လက်ဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှု အခမ်းအနား ဒုတိယနေ့တွင် စာအုပ် စာပေလေ့လာကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

---

*စာမျက်နှာ ၁၀ မှ*

အဆောက်အအုံကတော့ ကျွန်တော်တို့ဘာသာ ဆောက်ပါတယ်။ ဒါပေမယ့် အဲဒီမှာ စက်ရုံအဆောက်အအုံကို ဆောက်တယ်။ ဒါပေမယ့် မနှစ်ကတုန်းက အမြန်ဆုံး ဒီစက်ခေါင်း ထုတ်နိုင်အောင်၊ တွဲထုတ်နိုင်အောင်ပဲ အဓိကထားပြီး စက်ပစ္စည်းတွေအထိုင်ကိုပဲ အဓိကထားပြီး ကျွန်တော်တို့လုပ်လိုက်တဲ့အတွက်ကြောင့် ၂၁ တွဲနဲ့ စက်ခေါင်း ၁၀ လုံးတော့ ဒီနှစ်ထဲမှာ ပြီးပါတယ်။ ၂၁ တွဲက ပြီးပါတယ်။ စက်ခေါင်း ၁၀ လုံးလည်း ဒီနှစ်ထဲမှာ ကျွန်တော်တို့ ပြီးမှာ ဖြစ်ပါတယ်။

နောက်ထပ် ဒီနှစ် ၂၀၁၈-၂၀၁၉ ခုနှစ်မှာတော့ ကျွန်တော် ဘတ်ဂျက်အဖြစ်ခံရတော့ ရိုးရိုးတွဲ ၁၅ တွဲပဲ ရပါတယ်။ အဲဒီမှာ ကျွန်တော်တို့ဟာ လူစီးတွဲကို ၅၀၀ ဝယ်ပါ။ ကုန်တွဲကိုတော့ အနည်းဆုံး ၈၀၀ ဖြည့်တင်းပါလို့ ပြောပါတယ်။ ဘာလို့တုန်းဆိုတော့ ကျွန်တော်တို့ ကုန်တွဲတွေက စစ်မဖြစ်ခင်က ကုန်တွဲပေါင်း ၉၀၀၀ ကျော်ရှိတယ်။ အခု ၂၀၀၀ ကျော်ပဲ ကျွန်တော်သုံးနိုင်ပါတယ်။ စစ်မဖြစ်ခင်က ၁၉၄၂ ခုနှစ်ကထက် နည်းနေပါတယ်ဆိုတဲ့အကြောင်းကို ကျွန်တော် တင်ပြအပ်ပါတယ်။ ဒါမှသာလျှင် ကျွန်တော်က ကုန်ကိုများများသယ်ပါ။ ဒီ Freight Transport ကို ပိုပြီးတော့ ဦးစားပေးပါဆိုပြီးတော့ ADB က အကြံပြုပါတယ်။ ဘာလို့တုန်းဆိုတော့ ကုန်ဆိုတာက ကုန်သည်သည် စီးပွားရအောင်လုပ်တယ်။ ဒါကြောင့် ကျွန်တော်တို့က ကုန်သည်ဆီကတော့ ကုန်သယ်ယူပို့ဆောင်ရေးဟာ စီးပွားရေးတွက်ခြေကိုက်ရင် လုပ်ရမှာဖြစ်ပါတယ်။ လူကျတော့ ကျွန်တော်တို့က တတ်နိုင်သမျှ လူကို အရှုံးတော့ခံရနိုင်တယ်။ ဒါသည် နိုင်ငံရဲ့တာဝန်ဖြစ်တယ်လို့ ကျွန်တော်တို့ ခံယူပါတယ်။

အခု နိဂုံးချုပ်ပြောရရင်တော့ ကျွန်တော်တို့မှာ ဒီ အမျိုးသား Transport Policy ရှိပါတယ်။ ထိရောက်ခေတ်မီပြီး ဒီ Transport Policy (၁၂)ချက်မှာ အရေးအကြီးဆုံး အချက်က ထိရောက်ခေတ်မီပြီး စရိတ်စကသက်သာသော သယ်ယူပို့ဆောင်ရေးစနစ် တည်ထောင်ရန်ဆိုပြီးတော့ ကျွန်တော်တို့ ချမှတ်ထားပါတယ်။ နောက်တစ်ခါ လွတ်လပ်တဲ့ ယှဉ်ပြိုင်တဲ့ ဈေးကွက်ဖြစ်ရပါမယ်။ ဥပမာ-မော်တော်ကားရော၊ ရထားရော၊ ရေကြောင်းရော၊ လေကြောင်းရော ဒါတွေသည် ပြည်သူလူထုမှာ ရွေးချယ်ခွင့်ရှိရမယ်။ ပိုပြီးတော့ ရွေးချယ်နိုင်လောက်အောင် အခွင့်အလမ်းတွေကို အစိုးရက ဖန်တီးပေးရမှာဖြစ်ပါတယ်။ နောင်ကျရင်လည်း ရထားကို အစိုးရက မပြေးပါဘူး။ မော်တော်ကားလည်း အစိုးရက မပြေးပါဘူး။ အားလုံးသူတို့ပြိုင်နိုင်အောင် ကျွန်တော်တို့ တည်ဆောက်ရမှာ ဖြစ်ပါတယ်။ ဒီကိစ္စတွေအတွက် အားလုံးအချိန်ယူ ဆောင်ရွက်သွားရမှာဖြစ်တဲ့အကြောင်း၊ ကျွန်တော်တို့သည် အကောင်းဆုံးဖြစ်အောင်၊ အချွေတာနိုင်ဆုံးဖြစ်အောင်၊ အကျိုးရှိ ထိရောက်သော ရင်းနှီးမြှုပ်နှံမှုတွေဖြစ်အောင် ဆောင်ရွက်နေပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မေးခွန်းမေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်မှာ ကျွန်တော်တို့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)မှ ဦးဖေတင်က မြန်မာ့မီးရထားကဏ္ဍ အောင်မြင် ဦးမော့လာနိုင်စေရေးအတွက် ကျွန်တော်တို့ မေးခွန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက အပြည့်အစုံ ဖြေကြားသွားပါတယ်။ သူ့ရဲ့ဖြေကြားချက်တွေက ဒါ ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံး သိရှိဖို့၊ သိရှိနိုင်ရန် အကျိုးရှိမယ်။ ဒါမှလည်း ကျွန်တော်တို့ အစိုးရဌာနရဲ့ လုပ်ဆောင်ချက်တွေ ပြည်သူတွေ ပွင့်ပွင့်လင်းလင်းသိရှိမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ အများပြည်သူ သိရှိနိုင်ဖို့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၀ အရ မြန်မာနိုင်ငံ ပြန်တမ်းနှင့် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြဖို့ ဆုံးဖြတ်ပါတယ်။ ။

# စာတတ်သူတိုင်း စာဖတ်ရေး လှုပ်ရှားမှုအခမ်းအနား ဒုတိယနေ့မြင်ကွင်းများ



စာတတ်သူတိုင်း စာဖတ်ရေး လှုပ်ရှားမှုအခမ်းအနား ဒုတိယနေ့တွင် စာတမ်းဖတ်ပွဲ ကျင်းပစဉ်။




ကျောက်စာပြခန်း ခင်းကျင်းပြသထားမှုကို တွေ့ရစဉ်။





စာတတ်သူတိုင်း စာဖတ်ရေး လှုပ်ရှားမှုအခမ်းအနား ဒုတိယနေ့တွင် စာအုပ်ဆိုင်များ၊ စာအုပ်အရောင်းပြခန်းများ၌ လာရောက်လေ့လာဝယ်ယူကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။




စာတတ်သူတိုင်း စာဖတ်ရေး လှုပ်ရှားမှုအခမ်းအနား ဒုတိယနေ့တွင် ပြသထားသော စာရေးဆရာ၊ ဆရာမများ၏ ဓာတ်ပုံများအား ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာကြစဉ်။



အများပြည်သူအသိပညာပေးလုပ်ငန်းများပြခန်း၌ ပြသထားသည့် စက်ပစ္စည်းကိရိယာများနှင့် နယ်လှည့်ရွေ့လျားစာကြည့်တိုက်သွားရာတွင် အသုံးပြုခဲ့သည့် စက်ဘီးတို့ကို ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာကြစဉ်။






စာတတ်သူတိုင်း စာဖတ်ရေး လှုပ်ရှားမှုအခမ်းအနား ဒုတိယနေ့တွင် ပြသထားသော ပြခန်းများအား ကျောင်းသား ကျောင်းသူများနှင့် တက်ရောက်လာသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၂၂-၁၂-၂၀၁၈ (စနေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - ပြည်သူ့အတွက် ဥပဒေ စကားဝိုင်း "ဥပဒေသီလ စောင့်ထိန်းကြလေ"
- ၉း၁၅ - "အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာဘိဝံသနိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်မင်းကျောင်း ပထမပြန်စာသင်တိုက်၊ သန်လျင်မြို့ ရန်ကုန်တိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း"
- ၉း၂၅ - News Watch TV
- ၁၀း၃၀ - လုံမမှတ်စု(၆၇)
- ၁၂း၃၅ - "တိပိဋကဓရ တိပိဋက ကောဝိဒ ဘဒ္ဒန္တဝီရိယာနန္ဒ ဟောကြားသော "ရဟန်း တစ်ပါးကြွလာသည်" တရားတော်
- ၁၃း၁၀ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း-၃၈)
- ၁၄း၃၀ - ဟိုတုန်းက...ကက်ဆက်ဇာတ်လမ်းများ "ခွဲရတာချစ်လို့ပါ" ဘလိတ်၊ ထက်နေချမ်း၊ ငြိမ်းဖြူ (ဒါရိုက်တာ-သီတာလင်း)

**ညပိုင်း**

- ၁၇း၀၅ - ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
- ၁၈း၃၅ - Tasty Trip
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ"(အပိုင်း-၅၀)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - ဂီတသမား၊ ဂီတစကား "လေဘာတီမမြရင် ရှားပါးတေးသီချင်း ၂ ပုဒ်" (ဆွေးနွေးသူ-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)
- \- ဆေးရောင်စုံရုပ်ရှင် "တစ်ပြည်သူမရွှေထား" (ပထမပိုင်း) ကျော်သူ၊ မေးသန်းနု (ဒါရိုက်တာ-စင်ရော်မောင်မောင်)

## ဂွမြို့နယ်၌ ဆိုင်ကယ်လေးစီး ခိုးယူသူအား ဖမ်းဆီးရမိ

**ဂွ ဒီဇင်ဘာ ၂၁**

ဂွမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အောင်ဖြိုးဝေ ဦးစီးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာလ ဒုတိယပတ်က ရဟိုင်ကွင်းကျေးရွာလမ်းဆုံ၌ လူတစ်ဦး ဟွန်ဒါဝေ့ဗ်ဆိုင်ကယ်အား တွန်းလာသည်ကို တွေ့ရှိသဖြင့် မသင်္ကာ၍ စစ်ဆေးရာ ၎င်းသည် အဆိုပါဆိုင်ကယ်ကို ခိုးယူလာခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။

အဆိုပါ ဆိုင်ကယ်ကို ခိုးယူလာသူမှာ ကျော်သက်ဦး ဆိုသူဖြစ်ပြီး ၎င်းကို ဆက်လက်စစ်ဆေးရာ ဂွမြို့နယ်အတွင်းမှ ဟွန်ဒါဝေ့ဗ် ဆိုင်ကယ် သုံးစီးကို ခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သဖြင့် စုစုပေါင်း ဆိုင်ကယ်လေးစီးကို ခိုးယူခဲ့သူ ကျော်သက်ဦး အား ဂွမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြိတ်မြို့နှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မြိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက် ညနေ ၄ နာရီခွဲက မြိတ်မြို့ ကန်ခေါင်းရပ်ကွက် မြိုင်ဟေဝန်လမ်းထောင့်တွင် ဇင်မောင်မြင့်(ခ)ကာလီ မောင်းနှင်ပြီး ကိုထူး(ခ)စောကလိုထူး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေ ရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ မြိတ်မြို့ ကန်ခေါင်းရပ်ကွက် မြနန္ဒာလမ်းသွယ်နေ မျိုးကိုကို(ခ)မာန်ဇူး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၁၄၅၃ ပြားကို လည်းကောင်း။

အလားတူ ယနေ့ နံနက်က မူးယစ်တပ်ဖွဲ့စု (၁၇) မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ၁၆ မိုင်ကျောက်ချော စစ်ဆေးရေးစခန်းတွင် ခရီးသည်တင် မော်တော်ယာဉ်များကို ရပ်တန့်ရှာဖွေရာ မမီမီဇင် အမည်ဖြင့် ဝယ်ယူထားသော ခုံအမှတ်(၂၀၊ ၂၂၊ ၂၃) တို့တွင် လိုက်ပါလာသည့် ခရီးသည် မမီမီဇင်၊ ဇော်မျိုးအောင်နှင့် ဝင်းမင်းထွေး(ခ) မောင်ဦးတို့ကို ရှာဖွေရာ ဇော်မျိုးအောင်ထံမှ ဆေးခြောက် ၃ ဒသမ ၅ ဂရမ်၊ ဘိန်းဖြူ ၀ ဒသမ ၃ ဂရမ်၊ ကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူ ၁၁၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ပြားနှင့် ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## မူးယစ်ဆေးဝါးဖမ်းဆီးစဉ် ဖမ်းဆီးရေးအဖွဲ့အား ဓားဖြင့်ခုခံသူကို ပစ်ခတ်ဖမ်းဆီးခဲ့ရ

**ဘားအံ ဒီဇင်ဘာ ၂၁**

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက မူးယစ်ဆေးဝါးဖမ်းဆီးစဉ် ဖမ်းဆီးရေးအဖွဲ့မှ ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ဓားဖြင့်ခုခံ၍ သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း သိရသည်။

ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်က ခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု ၃၁ (ဘားအံ)မှ တပ်ဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် ဘားအံမြို့နယ် ကော့ယက္ခကျေးရွာ သုသာန်ဇရပ်၌ မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးခဲ့ရာ ထွန်းဇော်(ခ)ငဇော်(၁၉ နှစ်) အမှတ်(၅)ရပ်ကွက် ခရားအတွင်းကျေးရွာ ဘားအံမြို့နယ်နေသူကို စိတ်ကြွရူးသွပ်ဆေးပြား ၁၄၂ ပြား၊ မြန်မာငွေရောက ၂၁၀၀၀၊ ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်း ရမိခဲ့သည်။ ထွန်းဇော်(ခ)ငဇော်အား ဖမ်းဆီးစဉ်က ဖမ်းဆီးရေးအဖွဲ့အား ပြန်လည်ခုခံခဲ့သဖြင့် လုံးထွေးဖမ်းဆီးရာမှ ဇရပ်လှေကားအုတ်ခုံဖြင့် တိုက်မိကာ ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း သိရသည်။

၎င်းအား စစ်ဆေးချက်အရ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများမှာ လီအို(ခ)စန်းနိုင်ဦး (၂၃ နှစ်) ကော့ယက္ခကျေးရွာ ဘားအံမြို့နယ်နေသူထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် လိုက်လံဖမ်းဆီးစဉ် ၎င်းထံအသင့်ပါလာသော ဓားမြှောင်ဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ပြန်လည်ခုခံမှုကြောင့် အဆိုပါ ရဲတပ်ဖွဲ့ဝင်က MA-13 သေနတ်ဖြင့် နှစ်ချက်ပစ်ခတ်ဖမ်းဆီးခဲ့ရာ လီအို(ခ)စန်းနိုင်ဦးအား ဒဏ်ရာများဖြင့် ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူထံမှ အရိုးအသွား ၁၁ လက်မခန့်ရှိသော ဓားဦးချွန်တစ်ချောင်း၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၅ ပြား အလေးချိန် ၄ ဒသမ ၅ ဂရမ်ခန့်၊ မြန်မာငွေရောက ကျပ် ၅၀၀၀ ကို လည်းကောင်း ၎င်း၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ ဆိုင်ကယ်တစ်စီးနှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ထွန်းဇော် (ခ) ငဇော်နှင့် လီအို(ခ)စန်းနိုင်ဦး တို့ကို ဇာသပြင်နယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

## တိုက်ကြီးမြို့နယ် အလယ်မြောင်ကျေးရွာ၌ တောဆင်ရိုင်းတစ်ကောင် ဝင်ရောက်ဖျက်ဆီး

**တိုက်ကြီး ဒီဇင်ဘာ ၂၁**



ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဖလုံဘူတာအုပ်စု အောင်ချမ်းသာကျေးရွာနှင့် တစ်မိုင်ခန့်အကွာ မာဂရီသစ်တောကြိုးဝိုင်း အစပ်အနီး အလယ်မြောင်ကျေးရွာတွင် ဒီဇင်ဘာ ၂၁ ရက် နံနက် ၂ နာရီခွဲခန့်က တောဆင်ရိုင်း တစ်ကောင်ဝင်ရောက်၍ နေအိမ်ဖျက်ဆီး ဆန်၊ စပါးများ စားသောက်သွားကြောင်း သိရသည်။

အဆိုပါ တောဆင်ရိုင်းသည် အလယ်မြောင်ကျေးရွာ ဦးကြည်စိုး(၅၈ နှစ်)၏နေအိမ်ကို ဖျက်ဆီးကာ နေအိမ်တွင်းရှိ တစ်တင်းခွဲဝင်ဆန်အိတ် နှစ်အိတ်၊ တစ်တင်းခွဲဝင် စပါးအိတ် လေးအိတ်၊ ဝါးကြမ်းခင်းများ၊ အကာများကို ဖျက်ဆီးသွားကြောင်း။

အလားတူ အနောက်ဘက်ရှိ ဦးတိုး (၅၅ နှစ်)နေအိမ်ကို အခင်း၊ ထရံကာ၊ သက်ငယ်မိုးတို့ကို ဖျက်ဆီးပြီး နေအိမ်ရှိ ဆန်တစ်တင်းခွဲဝင် နှစ်အိတ်၊ စပါး တစ်တင်းခွဲတို့ကို စားသောက်ရာ ကျေးရွာရှိ ဒေသခံများ ဝိုင်းဝန်းမောင်းထုတ်၍ ထွက်ခွာသွားပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်းနှင့် အဆိုပါ တောဆင်သည် အမြင့် ၁၀ ပေ၊ လုံးပတ် ၁၅ ပေ ခန့်ရှိပြီး ဆင်ဝင်ရောက်ဖျက်ဆီးမှုကြောင့် ငွေကျပ် နှစ်သိန်းကျော်ဖိုးခန့် ပျက်စီးသွားခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## ဦးကိုနီ လုပ်ကြံခံရမှုနှင့်စပ်လျဉ်း၍ တရားခံပြသက်သေ ၁၅ ဦး စစ်ဆေးရန်ကျန်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုကြောင့် သေဆုံးသွားသော တရားလွှတ်တော်ရှေ့နေ ဦးကိုနီနှင့်ပတ်သက်၍ သေနတ်သမား ကြည်လင်း(ခ) ဖိုထူး၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုးနှင့် အချုပ်လွတ် အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ကို မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးချိန်းပေါင်း (၉၅)ကြိမ်မြောက်အဖြစ် ယနေ့ နံနက် ၁၀ နာရီက ရုံးထုတ်ခဲ့ရာ ဇေယျာဖြိုး၏ တရားခံပြသက်သေတစ်ဦးကို စစ်ဆေးခဲ့ကြောင်းနှင့် တရားခံပြသက်သေ ၁၅ ဦးသာ ကျန်ရှိတော့ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့်ပြန်ကြားရေး တာဝန်ခံ ဒုတိယခရိုင်တရားသူကြီး-၆- ဦးရဲလွင်က "ဒီနေ့ ကျွန်တော်တို့ အထူးတရားခံရုံးက စစ်ဆေးနေတဲ့ ရာဇဝတ်ကြီးအမှု အမှတ် ၄၅/၂၀၁၇ လူသတ်မှုနဲ့ တရားလို ရဲအုပ်မိုးနိုင်၊ တရားခံ ကြည်လင်း(ခ)ဖိုးထူး ပါ-၄ ရာဇဝတ်ကြီးအမှုအမှတ် ၄၆/၂၀၁၇ လက်နက်မှု၊ တရားလို ဒုတိယရဲမှူး မြတ်ထွန်းကျော်၊ တရားခံ ကြည်လင်း(ခ)ဖိုးထူး ပါ-၂ အမှုနဲ့ ပတ်သက်လို့ ၄၅/၂၀၁၇(လူသတ်မှု)နဲ့ စစ်ဆေးနေတဲ့ အမှုကနေ ဇေယျာဖြိုး တင်ပြထားတဲ့အထဲက ဦးဇော်ဝင်းထွန်းကို စစ်ဆေးပါတယ်။ ပြီးခဲ့တဲ့ရုံးချိန်းမှာ ဇေယျာဖြိုးရဲ့ ခံပြသက်သေ သုံးဦး ခေါ်လာနိုင်ဖို့ ခုံရုံးဥက္ကဋ္ဌက လမ်းညွှန်မှာကြားလိုက်ပေမယ့် သက်သေတစ်ဦးသာ ရောက်လာတဲ့အတွက် တစ်ဦးသာ စစ်ဆေးမှုလုပ်နိုင်ခဲ့ပါတယ်"ဟု ပြောကြားသည်။

အဆိုပါအမှုနှင့်ပတ်သက်သည့် တရားခံပြသက်သေ ၇၂ ဦး တင်ပြထားရာ ယနေ့အထိ ၃၅ ဦး စစ်ဆေးခဲ့ပြီး ၂၂ ဦး ပယ်လိုက်သည့်အတွက် ၁၅ ဦးသာ စစ်ဆေးရန် ကျန်ရှိတော့ကြောင်း၊ နောက်တစ်ကြိမ် ရုံးချိန်းကို ဒီဇင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်ကို ချိန်းဆိုလိုက်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## မောင်တောမြို့၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံး တာကာငွေများ သိမ်းဆည်းရမိ

**မောင်တော ဒီဇင်ဘာ ၂၁**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲက ရဲမှူးဝဏ္ဏစိုးအောင် ဦးစီး၍ ဒုရဲမှူးထွန်းထွန်း အဖွဲ့၊ ဒုရဲမှူး ကိုကိုမောင် အဖွဲ့တို့သည် ရေတွင်းပြင်ကျေးရွာနေ မာမတ်အာလီ (၃၇ နှစ်)၏ နေအိမ်တွင် မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေစဉ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံး တာကာငွေ စုစုပေါင်း ၁၀၄၀၀၀၀ သိမ်းဆည်းရမိကြောင်း သိရသည်။

အဆိုပါ နေအိမ်၌ ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက ပူးပေါင်းအဖွဲ့များ ရှာဖွေစဉ် မာမတ်အာလီမှာ ထွက်ပြေးတိမ်းရှောင်နေပြီး ၎င်း၏ဇနီးဖြစ်သူ ရော်မိဒါဘေဂေါင် (၂၈ နှစ်) နှင့် ၎င်း၏ ယောက်ဖဖြစ်သူ မာမာတ်ဇူမွတ်(၂၁ နှစ်)တို့ကို တွေ့ရှိပြီး ဆက်လက်ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးတစ်စုံတစ်ရာမတွေ့ရှိဘဲ နေအိမ်မီးဖိုချောင်ဘေး၌ မြေကြီးအတွင်း သိုဝှက်သိမ်းဆည်းထားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံး တာကာငွေ ၅၀၀ တန် အရွက်ရေ ၁၄၈၀၊ ၁၀၀၀ တန် အရွက် ၃၀၀ စုစုပေါင်း တာကာငွေ ၁၀၄၀၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၇၂၀၀၀၀)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ပြီး ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**



## မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မောင်တောမြို့နယ် နယ်မြေ(၁) အမှတ်(၅)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အောင်သပြေနယ်မြေရုံးမှ ဒုရဲမှူး ခင်မောင်ဇော် ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ စကားပြန် တစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) နယ်ခြားစောင့်တပ် BhalukYaiya ကင်းစခန်းမှ Naib Subedar Abdul Hannan ဦးစီးသည့် အဖွဲ့ စကားပြန်၊ လမ်းပြ သုံးဦးတို့သည် ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ က မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် (၄၈)မှ (၄၉)ထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဟိုပုံး၊ ပင်လောင်းနှင့် ဆီဆိုင်မြို့နယ်တို့၌ ဘိန်းခင်းများ ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ဟိုပုံးမြို့နယ် စံဖူးကျေးရွာ၏ အရှေ့ဘက် လေးဖာလုံခန့်အကွာ၌ အမြင့် သုံးပေခွဲခန့်ရှိ ဘိန်းခင်း ၂၇ ဧကကို ဒီဇင်ဘာ ၂၀ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဟန် ဦးစီး ပူးပေါင်းအဖွဲ့ကလည်းကောင်း၊ ပင်လောင်းမြို့နယ် ကန့်ချုပ်ဒိုင်ကျေးရွာ၌ ဘိန်းခင်း ၁၁ ဧက၊ ဆီဆိုင်မြို့နယ် ထီအုံးစောက်ကျေးရွာ၌ ဘိန်းခင်း ၁၂ ဧကတို့ကို ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့ကလည်းကောင်း ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## မရမ်းချောင်စစ်ဆေးရေးအဖွဲ့ ရွှေဖြူရော်ဘာခြံလမ်းဘေး ပုံထားသော ဝိုင်ပုလင်းများ စစ်ဆေးတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၂၀ ရက်က မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုပို့ကုန် အစီး ၇၇၀၊ သွင်းကုန် ၆၉၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၉ စီး၊ သွင်းကုန် ၁၃၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၀ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်စဉ် ရွှေဖြူရော်ဘာခြံရှောင်ကွင်းလမ်းဘေးတွင် စုပုံထားသော တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် SPY Wine ၂၄ လုံး(ပါကင် ၅၀)ခန့်မှန်းတန်ဖိုးငွေကျပ် တစ်သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်   ။)**

**၁၃၈၀ ပြည့်နှစ်၊   လ   ရက်**

**( ၂၀၁၈ ခုနှစ်၊   လ   ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တိရစ္ဆာန်**ဆိုသည်မှာ ကုန်းနေ သို့မဟုတ် ရေနေ သို့မဟုတ် ကုန်းနေရေနေသတ္တဝါကိုဆိုသည်။ ယင်းစကားရပ်တွင် ထိုတိရစ္ဆာန်တစ်မျိုးမျိုး၏ အထီးမျိုးရည်၊ အမမျိုးဥ၊ သန္ဓေသားလောင်းနှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တိရစ္ဆာန်အဖြစ် သတ်မှတ်သော သတ္တဝါတို့လည်းပါဝင်သည်။

(ခ) **ရေလုပ်ငန်း**ဆိုသည်မှာ ရေနေ သို့မဟုတ် ကုန်းနေရေနေ သတ္တဝါတစ်မျိုးမျိုးအား မွေးမြူရေးနည်းစနစ်တစ်ခုခုဖြင့်ဖြစ်စေ၊ ရေချို သို့မဟုတ် ရေငန်တွင် သဘာဝအလျောက်ဖြစ်စေ၊ စနစ်တကျဖြစ်စေ မွေးမြူထုတ်လုပ်သော လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် ရေ၌ပေါက်ပွားသည့်အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များ၊ မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းလည်း ပါဝင်သည်။

(ဂ) **တိရစ္ဆာန်မျိုးရိုးဗီဇ** ဆိုသည်မှာ တိရစ္ဆာန်များ၏ အမျိုးအစား၊ မျိုးစိတ်၊ မျိုးနွယ်အလိုက်ရှိရမည့် ပင်ကိုအရည်အသွေးကို ဆိုသည်။

(ဃ) **တိရစ္ဆာန်ထွက်ပစ္စည်း** ဆိုသည်မှာ တိရစ္ဆာန်မှ ထွက်ရှိသော အသား၊ နို့၊ ဥ၊ သွေး၊ အရိုး၊ သားရေ၊ အမွေး၊ မစင်၊ အန်ဖတ်၊ အဆီ သို့မဟုတ် တိရစ္ဆာန်၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် ပျားနှင့်ပျားအုံမှရရှိသော ပျားထွက်ပစ္စည်းများလည်း ပါဝင်သည်။

(င) **တိရစ္ဆာန်အစာ** ဆိုသည်မှာ တိရစ္ဆာန်ကိုကျွေးမွေးရန် သမားရိုးကျ ရောစပ်၍ဖြစ်စေ၊ ခေတ်မီနည်းဖြင့် ဖော်စပ်၍ဖြစ်စေ၊ ယင်းသို့ ရောစပ်ခြင်း၊ ဖော်စပ်ခြင်းမပြုဘဲ သဘာဝအရဖြစ်စေ တိရစ္ဆာန်များစားသုံးသည့်အစာကို ဆိုသည်။

(စ) **တိရစ္ဆာန်သုံးဆေးဝါး** ဆိုသည်မှာ တိရစ္ဆာန်အတွက် ရောဂါရှာဖွေရန်၊ ကာကွယ်ရန်၊ ကုသရန်၊ အာဟာရဖြည့်စွက်ရန်၊ သန္ဓေတားရန်၊ ဇီဝကမ္မဖြစ်စဉ်မြှင့်တင်ပေးရန် သို့မဟုတ် အကျိုးသက်ရောက်မှုတစ်ခုခုဖြစ်စေရန် ခန္ဓာကိုယ်အတွင်း သို့မဟုတ် ခန္ဓာကိုယ်ပြင်ပအတွက် အသုံးပြုသော ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင်ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တိရစ္ဆာန်သုံးဆေးဝါးဟု သတ်မှတ်သောပစ္စည်းလည်း ပါဝင်သည်။

(ဆ) **တိရစ္ဆာန်သုံးပစ္စည်း** ဆိုသည်မှာ မွေးမြူရေးလုပ်ငန်း၊ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ တိရစ္ဆာန်အလှဆင်လုပ်ငန်းများတွင် အသုံးပြုသည့်ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တိရစ္ဆာန်သုံးပစ္စည်းဟု သတ်မှတ်သောပစ္စည်းလည်း ပါဝင်သည်။

(ဇ) **မျိုးရိုးဗီဇပြုပြင်ထားသောဇီဝပစ္စည်း** ဆိုသည်မှာ သဘာဝအတိုင်းမဟုတ်ဘဲ လူတို့ပြုပြင်ထုတ်လုပ်ထားသော မျိုးရိုးဗီဇပြောင်းဇီဝပစ္စည်းကို ဆိုသည်။

(ဈ) **ကူးစက်ရောဂါ** ဆိုသည်မှာ တိရစ္ဆာန်အချင်းချင်း သော်လည်းကောင်း၊ တိရစ္ဆာန်မှ လူကိုသော်လည်းကောင်း၊ လူမှ တိရစ္ဆာန်ကိုသော်လည်းကောင်း အပြန်အလှန် ကူးစက်တတ်သောရောဂါကိုဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါဟု သတ်မှတ်သော ရောဂါတစ်မျိုးမျိုးလည်း ပါဝင်သည်။

(ည) **မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ မွေးမြူခြင်းနည်းစနစ်တစ်မျိုးမျိုးဖြင့် တိရစ္ဆာန်များအား မွေးမြူခြင်းလုပ်ငန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း သို့မဟုတ် တိရစ္ဆာန်များအား မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းနှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလည်း ပါဝင်သည်။

(ဋ) **တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ ဦးစီးဌာနက သတ်မှတ်သည့် တိရစ္ဆာန်အကောင်အရေအတွက်ဖြင့် လုပ်ကိုင်သော မွေးမြူရေးလုပ်ငန်းကို ဆိုသည်။

(ဌ) **စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း** ဆိုသည်မှာ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းထက် ကျော်လွန်လုပ်ကိုင်သော မွေးမြူရေးလုပ်ငန်းကို ဆိုသည်။

(ဍ) **မွေးမြူသူ** ဆိုသည်မှာ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်း သို့မဟုတ် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းအတွက် မွေးမြူသူကို ဆိုသည်။ ယင်းစကားရပ်တွင် တိရစ္ဆာန်ပိုင်ရှင် သို့မဟုတ် တိရစ္ဆာန်လက်ဝယ်ရှိသူလည်း ပါဝင်သည်။

(ဎ) **သားသတ်ရုံ** ဆိုသည်မှာ စီးပွားဖြစ်ထုတ်လုပ်ရန် တိရစ္ဆာန်ကို သတ်ဖြတ်သည့် အဆောက်အအုံ သို့မဟုတ် နေရာကိုဆိုသည်။

(ဏ) **သားသတ်ခြင်းလုပ်ငန်း** ဆိုသည်မှာ စီးပွားဖြစ် ထုတ်လုပ်ရောင်းချရန် တိရစ္ဆာန်ကို သတ်ဖြတ်သည့်လုပ်ငန်းကို ဆိုသည်။

(တ) **ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်** ဆိုသည်မှာ မွေးမြူသူများလိုက်နာရန် ဦးစီးဌာနက သတ်မှတ်ထားသည့် မွေးမြူရေးနည်းစနစ်သတ်မှတ်ချက်များကို ဆိုသည်။

(ထ) **ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်** ဆိုသည်မှာ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါးနှင့် တိရစ္ဆာန်သုံးပစ္စည်း ထုတ်လုပ်သူများ လိုက်နာရန် ဦးစီးဌာနက သတ်မှတ်ထားသည့် ထုတ်လုပ်မှု နည်းစနစ်သတ်မှတ်ချက်များကို ဆိုသည်။

(ဒ) **တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းနှင့်စပ်လျဉ်းသော တိရစ္ဆာန်ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်း၊ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်း၊ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တိရစ္ဆာန်အလှပြုပြင်ခြင်း၊ တိရစ္ဆာန်များကို လေ့ကျင့်သင်ကြားပေးခြင်းနှင့် ခာတ်ခွဲခန်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်းနှင့်သက်ဆိုင်သည့် လုပ်ငန်းများလည်း ပါဝင်သည်။

(ဓ) **ထောက်ခံချက်လက်မှတ်** ဆိုသည်မှာ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင်အသုံးပြုသည့် တိရစ္ဆာန်သုံး ဆေးဝါးများနှင့်စပ်လျဉ်း၍ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်း၊ ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းအတွက် တိရစ္ဆာန်ကျန်းမာရေးကို သော်လည်းကောင်း၊ အရည်အသွေးကို သော်လည်းကောင်း စစ်ဆေးပြီး ဦးစီးဌာနက ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(န) **ခွင့်ပြုလက်မှတ်** ဆိုသည်မှာ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင် အသုံးပြုသည့် တိရစ္ဆာန်သုံးဆေးဝါးများနှင့်စပ်လျဉ်း၍ ပြည်တွင်း၌ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ သားသတ်ရုံတည်ထောင်ခြင်း သို့မဟုတ် သားသတ်ခြင်းလုပ်ငန်းအတွက် စစ်ဆေးပြီး ဦးစီးဌာနက ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။

(ပ) **တိရစ္ဆာန်အစာအတွက်စိုက်ပျိုးသောမြေ** ဆိုသည်မှာ တိရစ္ဆာန်များ လွှတ်ကျောင်းရန် သို့မဟုတ် အစာစားသုံးနိုင်ရန် စိုက်ပျိုးထားသော မြေနေရာကို ဆိုသည်။

(ဖ) **စားကျက်မြေ** ဆိုသည်မှာ တိရစ္ဆာန်တို့ လှည့်လည်သွားလာရှာဖွေစားသောက်ရာမြေနေရာကို ဆိုသည်။

(ဗ) **မွေးမြူရေးမြေ** ဆိုသည်မှာ မွေးမြူရေးလုပ်ငန်းအတွက် သော်လည်းကောင်း၊ တိရစ္ဆာန်မွေးမြူထုတ်လုပ်ခြင်းနှင့် သက်ဆိုင်သည့်လုပ်ငန်းများအတွက် သော်လည်းကောင်း သီးသန့်လုပ်ကိုင်ဆောင်ရွက်သော မြေနေရာကို ဆိုသည်။

(ဘ) **ပျားစားကျက်** ဆိုသည်မှာ ပျားများစားသုံးရန် အာဟာရဖြစ်သော ဝတ်ရည်ဖြစ်စေ၊ ဝတ်မှုန်ဖြစ်စေ၊ ဝတ်ရည်နှင့်ဝတ်မှုန် နှစ်မျိုးလုံးဖြစ်စေ ရရှိသော ရာသီအလိုက် စိုက်ပျိုးသီးနှံပင်များ၊ ဥယျာဉ်ခြံများ၊ နှစ်ရှည်ပင်များ၊ သဘာဝသစ်တောချုံနွယ်နှင့်ပေါင်းပင်များ တည်ရှိသောနေရာကို ဆိုသည်။

(မ) **စစ်ဆေးရေးစခန်း** ဆိုသည်မှာ ပြည်ပသို့တင်ပို့သော သို့မဟုတ် ပြည်ပမှတင်သွင်းသော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများတွင် ကူးစက်ရောဂါကင်းရှင်းခြင်း ရှိ မရှိ၊ သတ်မှတ်ချက်များ၊ ဖော်ပြချက်များနှင့် ပြည့်စုံကိုက်ညီခြင်း ရှိ မရှိ စစ်ဆေးနိုင်ရေးအတွက် ဦးစီးဌာနက သတ်မှတ်ထားသောနေရာကို ဆိုသည်။

(ယ) **တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း** ဆိုသည်မှာ ပြည်ပသို့တင်ပို့သော သို့မဟုတ် ပြည်ပမှတင်သွင်းသော တိရစ္ဆာန်အား ကူးစက်ရောဂါကင်းရှင်းခြင်း ရှိ မရှိ သတ်မှတ်ကာလအထိ သီးသန့်ထားရှိပြီး စောင့်ကြည့်စစ်ဆေးသည့်နေရာကို ဆိုသည်။

(ရ) **ဓာတ်ခွဲခန်း** ဆိုသည်မှာ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး၊ တိရစ္ဆာန်သုံးပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း သို့မဟုတ် တိရစ္ဆာန်များ၏ ဇီဝဗေဒ၊ အဏုဇီဝဗေဒ၊ ဓာတုဗေဒ၊ အဆိပ်ဓာတ်နှင့် ရုပ်ပိုင်းဆိုင်ရာ ဓာတ်ခွဲစမ်းသပ်မှုများနှင့် ရောဒီယိုသတ္တိကြွမှုများကို တိုင်းတာစစ်ဆေးသော ဝန်ဆောင်မှုပေးသည့်နေရာကို ဆိုသည်။

(လ) **ရည်ညွှန်းကိုးကားဓာတ်ခွဲခန်း** ဆိုသည်မှာ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ သို့မဟုတ် နိုင်ငံတကာကအသိအမှတ်ပြုထားသော စံချိန်စံညွှန်းများနှင့်အညီ တိရစ္ဆာန်ကျန်းမာရေးနှင့်စပ်လျဉ်း၍ ဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းများကို အထောက်အကူပေးခြင်း၊ ဓာတ်ခွဲခန်းတွေ့ရှိချက် အတည်ပြုပေးခြင်းတို့ကို ဆောင်ရွက်ပေးသည့်ဓာတ်ခွဲခန်းကို ဆိုသည်။

(ဝ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ဆိုသည်။

(သ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ဟ) **ဝန်ကြီး** ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဠ) **ဦးစီးဌာန** ဆိုသည်မှာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကို ဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့လည်း ပါဝင်သည်။

(အ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ကက) **တိရစ္ဆာန်ဆေးကုအရာရှိချုပ်** ဆိုသည်မှာ ဝန်ကြီးဌာနက တိရစ္ဆာန်ဆေးကုအရာရှိချုပ်အဖြစ် ဤဥပဒေအရ ခန့်အပ်သော တိရစ္ဆာန်ဆေးကုဆရာဝန်ကို ဆိုသည်။

(ခခ) **စစ်ဆေးရေးမှူး** ဆိုသည်မှာ ဦးစီးဌာနက သတ်မှတ်သောလုပ်ငန်းများကိုစစ်ဆေးရန် ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသော ဝန်ထမ်းတစ်ဦးဦးကို ဆိုသည်။

(ဂဂ) **တိရစ္ဆာန်ကျန်းမာရေးလုပ်သား** ဆိုသည်မှာ ဦးစီးဌာနက ဖွင့်လှစ်သော တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ အခြေခံသင်တန်း တက်ရောက်အောင်မြင်ပြီး ဦးစီးဌာန၏ လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခွင့်ရရှိနိုင်ရေးအတွက် ဦးစီးဌာနကထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်ရရှိသူကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း၊ တိရစ္ဆာန်ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း၊ အရည်အသွေးပြည့်မီကောင်းမွန်သော တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးဆေးဝါးနှင့် တိရစ္ဆာန်သုံးပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်း၊ သုတေသနနှင့်ပညာပေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) ပြည်တွင်းစားသုံးမှုဖူလုံစေရန်နှင့် ပြည်ပသို့ တင်ပို့နိုင်စေရေးတို့အတွက် အာဟာရပြည့်ဝ၍ အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်သည့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ထုတ်လုပ်နိုင်စေရန်၊

(ဂ) တိရစ္ဆာန်မျိုးရိုးဗီဇအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းရေးနှင့် မျိုးကောင်းမျိုးသန့်ရရှိရေးတို့အတွက် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(ဃ) ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ခြင်း၊ စူးစမ်းလေ့လာခြင်းနှင့် ဖြစ်ပွားသည့်အခါ စနစ်တကျတုံ့ပြန်ထိန်းချုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန်နှင့် တိရစ္ဆာန်မှ လူသို့ကူးစက်တတ်သော ရောဂါများကို ကာကွယ်ထိန်းချုပ်ရန်၊

(င) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ မွေးမြူခြင်း၊ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများကို ချိတ်ဆက်ဆောင်ရွက်နိုင်ရန်၊

(စ) တိရစ္ဆာန်များကို တမင်ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် စပ်လျဉ်း၍ ဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်ပေးရန်၊

(ဆ) မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သော ငွေကြေး၊ နည်းပညာနှင့် မျိုးကောင်းမျိုးသန့်ထောက်ပံ့ပေးရန်၊ မွေးမြူရေးမြေ၊ မွေးမြူရေးခြံအဖြစ် စနစ်တကျလုပ်ကိုင်နိုင်စေရန်နှင့် ဈေးကွက်ဖော်ဆောင်ပေးရန်။

**အခန်း(၃)**

**ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်က တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း လုပ်ငန်းသဘောသဘာဝအရ ဆက်စပ်နေသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်အဆင့်အောက်မနိမ့်သော ပုဂ္ဂိုလ်များ၊ တိရစ္ဆာန်ဆေးပညာကောင်စီ၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ်တစ်ဦးစီနှင့် တိရစ္ဆာန်ဆေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူ သို့မဟုတ် မွေးမြူရေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူ တစ်ဦးဦးတို့က အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သည့် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသည့် ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်ကို သတ်မှတ်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အမေရိကန်က ပိတ်ဆို့မှုများချမှတ်ထားသော်လည်း အီရန်ဘက်မှ ဆက်လက်ရပ်တည်သွားမည်ဟု တူရကီသမ္မတ ပြောကြား



တူရကီသမ္မတ ရီဆက်တေယစ်အာဒိုဂန်နှင့် အီရန်သမ္မတ ဟာဆန်ရိုဟာနီတို့ ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်နေစဉ်။

**အန်ကာရာ ဒီဇင်ဘာ ၂၁**

အမေရိကန်ပြည်ထောင်စုက အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ လုပ်ဆောင်လျက်ရှိသော်လည်း တူရကီက အီရန်ဘက်မှ ဆက်လက် ရပ်တည်ပေးသွားမည်ဖြစ်ကြောင်း တူရကီသမ္မတ ရီဆက်တေယစ်အာဒိုဂန်က ကြာသပတေးနေ့က ပြောကြားလိုက်သည်။

တူရကီသမ္မတ အာဒိုဂန်သည် တူရကီမြို့တော်အန်ကာရာ၌ အီရန်သမ္မတ ဟာဆန်ရိုဟာနီနှင့်အတူ ပူးတွဲပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ တူရကီနိုင်ငံသည် ဒေသတွင်းတည်ငြိမ်မှုနှင့် လုံခြုံရေးအခြေအနေကို အန္တရာယ်ထဲသို့ ကျရောက်အောင် လုပ်နေသည့် အမေရိကန်ပြည်ထောင်စု၏ အရေးယူပိတ်ဆို့မှုများကို မထောက်ခံကြောင်း သမ္မတအာဒိုဂန်က ပြောကြားခဲ့သည်။

တူရကီနှင့် အီရန်တို့သည် ပဋိပက္ခဖြစ်ပွားမှုများ အဆုံးသတ်စေရန်နှင့် ဒေသတွင်း လုံခြုံရေးကိုခိုင်မာသေချာစေရန် အတူတကွပူးပေါင်းကာ လက်တွဲကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက အလေးအနက်ပြောကြားသည်။

သမ္မတအာဒိုဂန်၏ ပြောကြားချက်အရ လက်ရှိ နှစ်နိုင်ငံကုန်သွယ်ရေးတွင် အမေရိကန်ဒေါ်လာ ၁၁ သန်း တန်ဖိုးခန့်ကုန်သွယ်နေမှုမှ အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံဖိုးခန့်အထိ တိုးမြှင့်ကုန်သွယ်မှုပြုလုပ်သွားရန် နှစ်နိုင်ငံလုံးက ရည်ရွယ်ထားကြောင်း သိရသည်။

အီရန်သမ္မတ ရိုဟာနီက တီဟီရန်သည် ဆီးရီးယား၏ နယ်နိမိတ်ဆိုင်ရာ ပေါင်းစပ်မှုမှ ကာကွယ်ရာတွင် တူရကီနှင့်အတူ လက်တွဲလုပ်ဆောင်မည်ဖြစ်သည်ဟု ပြောကြားသည်။ အီရန်၊ တူရကီနှင့် ရုရှားတို့သည် ဆီးရီးယား၏ အနာဂတ်နှင့်ပတ်သက်သည့် အက်စတာနာဆွေးနွေးပွဲများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လာမည့် ထိပ်သီးအစည်းအဝေးပွဲကို ရုရှား၌ ကျင်းပမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သမ္မတ အာဒိုဂန်နှင့်သမ္မတရိုဟာနီတို့သည် ကြာသပတေးနေ့က အန်ကာရာရှိ တူရကီ-အီရန် အဆင့်မြင့်ပူးပေါင်းဆောင်ရွက်မှုကောင်စီ ငါးကြိမ်မြောက်အစည်းအဝေးကို ဦးဆောင်ကျင်းပခဲ့ကြသည်။

**ဆင်ဟွာ**

# နစ်ဆန်းကုမ္ပဏီ အမှုဆောင်ချုပ်ဟောင်း ကားလို့စ်ဂွန်းကို ပြန်လည်ဖမ်းဆီး



နစ်ဆန်းကုမ္ပဏီအမှုဆောင်ချုပ်ဟောင်း ကားလို့စ်ဂွန်း(ဝဲ)နှင့် ၎င်း၏ လက်ထောက်ဂရက်ကယ်လီ(ယာ)။

**တိုကျို ဒီဇင်ဘာ ၂၁**

နစ်ဆန်းကားကုမ္ပဏီ၏ အမှုဆောင်ချုပ်ဟောင်းတစ်ဦးဖြစ်သူ ကားလို့စ်ဂွန်းကို ပြန်လည်ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း သိရသည်။

နစ်ဆန်းကုမ္ပဏီ၏ အမှုဆောင်ချုပ်ဟောင်း ကားလို့စ်ဂွန်းကို သောကြာနေ့နံနက်ပိုင်းတွင် ယုံကြည်မှုကို ဆိုးဆိုးရွားရွား ချိုးဖောက်ခဲ့မှုဖြင့် ဖမ်းဝရမ်းအသစ်ထုတ်ကာ ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

၂၀၀၈ ခုနှစ်က ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကျရောက်ခဲ့ချိန်တွင် ကားလို့စ်ဂွန်းသည် ၎င်း၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမှ ငွေကြေးအမေရိကန်ဒေါ်လာ ၁၆ ဒသမ ၂ သန်း ဆုံးရှုံးခဲ့မှုကို နစ်ဆန်းကုမ္ပဏီအား တာဝန်ယူစေခဲ့သည်ဟူသော သံသယဖြင့် တိုကျိုခရိုင် ဥပဒေအရာရှိရုံး၏ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့က ဒီဇင်ဘာ ၁၀ရက်တွင် ဖမ်းဆီးခဲ့သည်။ အဆိုပါနေ့၌ပင် ဥပဒေအရာရှိများက ကားလို့စ်ဂွန်းနှင့် ၎င်း၏လက်ထောက်ဖြစ်သူကို ထပ်ဆင့်ဖမ်းဝရမ်းထုတ်ခဲ့သည်။

ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း နစ်ဆန်းကုမ္ပဏီ၏ အာမခံဆိုင်ရာ အစီရင်ခံစာ၌ ၎င်းရရှိခဲ့သည့်ဝင်ငွေများကို ဖော်ပြရာတွင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ဖိုးခန့် လျှော့ပေါ့တင်ပြခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် ၎င်းအားဖမ်းဆီးထိန်းသိမ်းထားခဲ့ခြင်းဖြစ်သည်။

ထိုသို့ဖမ်းဆီးထားရာမှ ဆက်လက်ထိန်းသိမ်းထားရန် စုံစမ်းစစ်ဆေးရေးအရာရှိ၏ တောင်းဆိုမှုကို ကြာသပတေးနေ့တွင် တိုကျိုခရိုင်တရားရုံးက ပယ်ချလိုက်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ် ရာထူးမှ နုတ်ထွက်မည်

**ဝါရှင်တန် ဒီဇင်ဘာ ၂၁**

အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်သည် ရာထူးမှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယမန်နေ့က ပြောကြားခဲ့သည်။

ဆီးရီးယားရှိ အမေရိကန်တပ်ဖွဲ့များအားလုံး ပြန်လည်ရုပ်သိမ်းသည့်ကိစ္စနှင့် ကမ္ဘာ့ရေးရာများတွင် သမ္မတ ထရမ့်နှင့် အချေအတင်ဖြစ်ပြီးနောက် မရိန်းတပ်ဖွဲ့အငြိမ်းစား ဗိုလ်ချုပ်ကြီးဖြစ်သည့် ဝန်ကြီးမက်တစ် ယခုကဲ့သို့ ရာထူးမှ နုတ်ထွက်ရန် ဖြစ်လာခဲ့ခြင်းဖြစ်သည်။

အသက် ၆၈ နှစ်ရှိ ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်သည် သမ္မတထရမ့်အစိုးရအဖွဲ့တွင် လေးစားခံရသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ၎င်းသည် မကြာခဏ ပြောင်းလဲတတ်သည့် သမ္မတထရမ့်၏ မူဝါဒများအောက်မှာ နှစ်နှစ်ခန့် ကြိုးစား လုပ်ကိုင်ခဲ့ပြီးနောက် လာမည့်နှစ် ဖေဖော်ဝါရီလကုန်တွင် ရာထူးမှ အနားယူတော့မည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းများတွင် ဖော်ပြထားသည်။

ဆီးရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းမည်ဟု အမေရိကန်သမ္မတထရမ့်က ကြေညာလိုက်ပြီးနောက် အမေရိကန်မဟာမိတ်များနှင့် လွှတ်တော်အမတ်များကြား အံ့အားသင့်စရာ ဖြစ်သွားခဲ့ပြီး နောက်တစ်ရက်အကြာတွင် ယခုလို ဝန်ကြီးမက်တစ် ရာထူးမှ နုတ်ထွက်မည့်သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

ဂျင်မက်တစ်နေရာ၌ မည်သူ့ကိုအစားထိုးသွားမလဲ ဆိုသည့်ကိစ္စကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လတ်တလောတွင် ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

အမေရိကန်သမ္မတ ထရမ့်နှင့် မိမိတို့ကြားတွင် မူဝါဒပိုင်းဆိုင်ရာ မတိုက်ဆိုင်သည့်အချက်များ ရှိနေသည့်အတွက် ရာထူးမှ နုတ်ထွက် ခြင်းဖြစ်ကြောင်း ၎င်း၏ နုတ်ထွက်စာတွင် ဝန်ကြီး မက်တစ်က ဖော်ပြထားသည်။

**အေအက်ဖ်ပီ**


အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်


ထိုင်းနိုင်ငံ ဗန်ကောက်မြို့တစ်နေရာတွင် မြူခိုးများဆိုင်းနေသည်ကို တွေ့ရစဉ်။

# ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်၏ လေထုအရည်အသွေးကျဆင်း

**ဗန်ကောက် ဒီဇင်ဘာ ၂၁**

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်ရှိ လေထုအရည်အသွေးသည် ကျန်းမာရေးကို ထိခိုက်စေနိုင်သဖြင့် အပြင်ထွက်သည့်အခါ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ထားကြရန် မြို့နေပြည်သူများကို အကြံပြုထားကြောင်း သိရသည်။

ဗန်ကောက်ရှိ လမ်းနံဘေးများနှင့် အများပြည်သူဆိုင်ရာ နေရာ ၁၄ ခုတို့ရှိ လေထုအရည်အသွေးမှာ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အဆင့်တွင်ရှိနေကြောင်း ထိုင်းနိုင်ငံ လေထုညစ်ညမ်းမှု ထိန်းချုပ်ရေးဌာနက ၎င်းတို့၏ လူမှုကွန်ရက်စာမျက်နှာဖြစ်သော ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ဖော်ပြထားသည်။

ဗန်ကောက်မြို့လယ်ပိုင်း ဒင်ဒန်ခရိုင်ရှိ လေထုအရည်အသွေးညွှန်းကိန်းမှာ မွန်းတည့်ချိန်တွင် ကျန်းမာရေးကိုထိခိုက်စေသောအဆင့် ၂၁၃ အေကျူအိုင်ရှိကြောင်း အဆိုပါဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ဒီဇင်ဘာ ၂၀ မှစကာ ဗန်ကောက်မြို့ရှိ လေထုအရည်အသွေးမှာ ယခင်ကကဲ့သို့ မဟုတ်ဘဲ ကျဆင်းလာခဲ့ကြောင်း သိရသည်။

ဗန်ကောက်မြို့ရှိ နေထိုင်သူများကို အပြင်ထွက်လျှင် ကျန်းမာရေး ထိခိုက်စေသည့်အရာများကို ရှောင်ရှားရန်နှင့် ပြင်ပသို့ မဖြစ်မနေသွားရောက်ရမည်ဆိုပါက ပါးစပ်၊ နှာခေါင်းစည်းများ တပ်ဆင်ကာ သွားလာကြရန် အကြံပြုထားကြောင်း သိရသည်။

မြူခိုးနှင့် လေအေးများကြောင့် လေထုအတွင်း ညစ်ညမ်းမှုများ ပိတ်မိကာ မီးခိုးမြူများဖြစ်ပေါ်နေပြီး နောက်ထပ် တစ်ရက် နှစ်ရက်အထိ ဆက်လက်ကျန်ရှိနေနိုင်ကြောင်း အဆိုပါ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# သီးနှံ့အာမခံစမ်းသပ်စီမံချက်လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက်ဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၂၁**
မြန်မာ့စိုက်ပျိုးရေးကဏ္ဍမှ သီးနှံ့အာမခံစမ်းသပ်စီမံချက် လုပ်ငန်းများနှင့်ပတ်သက်၍ စမ်းသပ်ဆောင်ရွက်လျက်ရှိသော ဂလိုဘယ်ဝေါ(လ်) အာမခံ၏ သီးနှံ့အာမခံလုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက်ဆွေးနွေးသည်။ **(ယာပုံ)**

အဆိုပါ သီးနှံ့အာမခံစမ်းသပ်စီမံချက် လက်ရှိဆောင်ရွက်ချက်များ ရှင်းလင်းပွဲကို ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဂလိုဘယ်ဝေါ(လ်) အာမခံလုပ်ငန်းမှ ဒါရိုက်တာ ဦးစိုးဝင်းသန့်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယင်းဆွေးနွေးပွဲတွင် မြန်မာ့ပထမဆုံး သီးနှံ့အာမခံစမ်းသပ်လုပ်ငန်း၏ လက်ရှိဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ဒါရိုက်တာ ဦးစိုးဝင်းသန့်က အသေးစိတ်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက သီးနှံ့အာမခံစမ်းသပ်စီမံချက်လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်စွက်ညွှန်ကြားခဲ့ကြောင်း သိရသည်။

သီးနှံ့အာမခံစမ်းသပ်စီမံချက်လုပ်ငန်းများကို မြန်မာ့အာမခံလုပ်ငန်းမှ ပိုင်းလော့ပရောဂျက်အနေဖြင့် တိုင်းဒေသကြီးလေးခုတွင် စီမံချက်ကာလအဖြစ် နှစ်နှစ်လုပ်ကိုင်ခွင့်ပြုထားသည်။ အထူးသဖြင့် မိုးစပါးနှင့် နွေစပါးတို့ကိုအာမခံအဖြစ် လက်ခံဆောင်ရွက်လျက်ရှိပြီး ပုသိမ်၊ ဟင်္သာတ၊ လပွတ္တာနှင့် ကန်ကြီးဒေါင့်မြို့နယ်များအတွင်းရှိ စပါးဧက ၂၀၀ ကျော်ကို လတ်တလော အာမခံရောင်းချထားပြီးဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



# ပထမဦးဆုံးသော JCGV Toto's Film Making Class ကို ၂၀၁၉ ခုနှစ် ဧပြီလတွင် စတင်ဖွင့်လှစ်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**
ရုပ်ရှင်ဖန်တီးမှုကို စိတ်ပါဝင်စားသော မျိုးဆက်သစ်လူငယ်များအတွက် Korea CGV Toto's Team မှ ပံ့ပိုးပေးသည့် သင်ရိုးညွှန်းတမ်းလမ်းညွှန်ချက်ဖြင့် ပို့ချသင်ကြားပေးမည့် JCGV Toto's Film Making Class ကို ၂၀၁၉ ခုနှစ် ဧပြီလတွင် မြန်မာနိုင်ငံ၌ စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

JCGV Toto's Film Making Class မိတ်ဆက်ခြင်း အခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ရှိ Pan Pacific Hotel ၌ ကျင်းပသည်။

အဆိုပါ JCGV Toto's Film Making Class ဖွင့်လှစ်သင်ကြားပို့ချခြင်းကို Shwe Taung Group ၏ Gravity Entertainment Company Limited နှင့် တောင်ကိုရီးယားနိုင်ငံရှိ ထင်ရှားအောင်မြင်သော ရုပ်ရှင်လုပ်ငန်းတစ်ခုဖြစ်သည့် CJ Group ၏ CJ CGV တို့ ပူးပေါင်းလုပ်ဆောင်လျက်ရှိသည့် JCGV Cineplex မှ ဦးဆောင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

JCGV မှ အမှုဆောင်အရာရှိချုပ် ဒေါ်မိမိခိုင်က "JCGV Toto's Film Making Class သင်တန်းဟာ Korea CGV ရဲ့ ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှု (Global Campaign) အနေနဲ့ စီစဉ်လုပ်ဆောင်နေတာပါ။ အခုလို JCGV အနေနဲ့ Toto's Film Making Class ရဲ့ ပူးပေါင်းမှုနဲ့ ရုပ်ရှင်ဖန်တီးထုတ်လုပ်မှုသင်တန်းကို မြန်မာနိုင်ငံမှာ ဆောင်ရွက်နိုင်တဲ့အတွက် CGV ကို အထူးကျေးဇူးတင်ပါတယ်။ ဒီသင်တန်းမှာ စာတွေပဲ သင်ကြားပေးမှာမဟုတ်ဘဲ ရုပ်ရှင်ဖန်တီးထုတ်လုပ်ခြင်းရဲ့ အမှန်တကယ်အတွေ့အကြုံကိုရရှိစေဖို့ သင်တန်းသားတွေကိုယ်တိုင် ဇာတ်လမ်းတိုတွေ ဖန်တီးရိုက်ကူးရမှာပါ။ ရိုက်ကူးထားတာတွေထဲက အကောင်းဆုံးဇာတ်ကားကို ရွေးချယ်ပြီး ဆုချီးမြှင့်မယ့် အစီအစဉ်လည်း ပါရှိပါတယ်။ သင်တန်းသားတွေရဲ့ အရည်အသွေးကို ဆက်လက်မြှင့်တင်ပေးနိုင်မယ့် အခွင့်အလမ်းတွေ၊ အခွင့်အရေးတွေ ပေါ်ပေါက်လာစေဖို့ ဆက်ပြီး ပံ့ပိုးကူညီသွားမှာပါ"ဟု ပြောကြားသည်။

ယခု ဖွင့်လှစ်မည့် JCGV Toto's Film Making Class အတွက် သင်ရိုးညွှန်းတမ်း လမ်းညွှန်ချက်ကို CGV Toto's Team မှ ပံ့ပိုးပေးမည်ဖြစ်သည်။ ယခုနှစ် ပထမဆုံးသင်တန်းတွင် ရုပ်ရှင်ဖန်တီးထုတ်လုပ်မှုပညာအား စိတ်ပါဝင်စားသည့် အသက် ၁၂ နှစ် မှ ၁၆ နှစ်အတွင်းရှိ မျိုးဆက်သစ်လူငယ် ၃၀ ကို ရွေးချယ်လက်ခံ၍ တစ်ဖွဲ့လျှင် ငါးဦးစီဖွဲ့ပြီး ပြည်တွင်းရုပ်ရှင်အတတ်ပညာရှင်များဖြင့် အနီးကပ်သင်ကြားပို့ချပေးရန် စီစဉ်ဆောင်ရွက်ထားကာ သင်တန်းတွင် ပထမဆုရရှိသူများအား ငွေကျပ် ၁၀ သိန်းနှင့် အခြားဆုလက်ဆောင်များ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။



JCGV Toto's Film Making Class မိတ်ဆက်ခြင်းအခမ်းအနား ကျင်းပစဉ်။ ဓာတ်ပုံ-လှမိုး

JCGV မှ CFO, Mr. Ryu Seong Soo က "မြန်မာ့ရုပ်ရှင်လောက ပိုမိုကောင်းမွန်တိုးတက်လာစေဖို့ အရည်အချင်းပြည့်ဝတဲ့ လူသားအရင်းအမြစ်တွေ ထွက်ပေါ်လာစေရေး အထူးပင်လိုအပ်လျက်ရှိပြီး JCGV Toto's Film Making Class ဟာ လူငယ်တွေကို ရုပ်ရှင်ကတစ်ဆင့် သူတို့ရဲ့အိပ်မက်တွေကို အကောင်အထည်ဖော်နိုင်ဖို့နဲ့ လူငယ်များအနေနဲ့ ရုပ်ရှင်နဲ့ ပတ်သက်တဲ့ အသိပညာအတတ်ပညာတွေကို လေ့လာနိုင်ဖို့အတွက် အခွင့်အရေးကောင်းတစ်ရပ်ကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ အခုအချိန်ထိ JCGV Toto's Film Making Class ကနေတစ်ဆင့် ရိုက်ကူးပြီးစီးတဲ့ ရုပ်ရှင်ကား စုစုပေါင်း ၆၂၉ ကားမှာ ပါဝင်ကူညီပေးကြတဲ့ ဒါရိုက်တာနဲ့ ပညာရှင် ၆၈၆ ဦးနဲ့ မွေးထုတ်ပေးနိုင်ခဲ့တဲ့ ကျောင်းသားအရေအတွက် ၆၃၄၀ ရှိခဲ့ပါပြီ။ ၂၀၁၉ ခုနှစ်မှ စတင်ပြီး မြန်မာပြည်မှာလည်းပဲ ဒါရိုက်တာဖြစ်ချင်တဲ့ ဝါသနာရှင် လူငယ်တွေကို ဒီသင်တန်းက မွေးထုတ်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ရှေ့ဆက်ပြီး JCGV အနေနဲ့ မြန်မာ့ရုပ်ရှင်လောကကို ပိုမိုကောင်းမွန်စေဖို့နဲ့ မြန်မာပြည်သူတွေအတွက် ရုပ်ရှင်မှတစ်ဆင့် အိပ်မက်နဲ့ မျှော်လင့်ချက်ကို ဖော်ဆောင်နိုင်ဖို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်တွင်းရှိ အတတ်ပညာရှင်၊ အသိပညာရှင်တွေ၊ ဒါရိုက်တာတွေ၊ ရုပ်ရှင်ထုတ်လုပ်သူတွေ ပူးပေါင်းပြီး စီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

ထို့နောက် နိုင်ငံတကာ JCGV Toto's Film Making Class များမှ ကျောင်းသားများ၏ အကောင်းဆုံးဆုရ ရုပ်ရှင်ဇာတ်ကားများဖြစ်ကြသည့် ၂၀၁၅ ခုနှစ် အင်ဒိုနီးရှားနိုင်ငံမှ လူငယ်များရိုက်ကူးသော " Cinta Buta " ဇာတ်ကားနှင့် ၂၀၁၈ ခုနှစ်တွင် ပထမဆုရရှိသည့် တရုတ်နိုင်ငံမှ လူငယ်များရိုက်ကူးသော " 8/August " ရုပ်ရှင်ဇာတ်ကားတို့ကို ပြသသည်။

အမှုဆောင်အရာရှိချုပ် ဒေါ်မိမိခိုင်က JCGV အနေဖြင့် အဖွဲ့အစည်းဆိုင်ရာ တာဝန်သိလုပ်ဆောင်မှု (Corporate Social Responsibility) တစ်ခုအနေဖြင့် မိမိတို့၏ မြန်မာ့ရုပ်ရှင်လောကအား ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ မြန်မာ့ရုပ်ရှင်မျိုးဆက်သစ် လူငယ်ဒါရိုက်တာများ၊ ရုပ်ရှင်ပိုင်းဆိုင်ရာ ကျွမ်းကျင်အသိပညာရှင်၊ အတတ်ပညာရှင်များ ပိုမိုပေါ်ထွက်လာစေရန်၊ နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့် မြန်မာရုပ်ရှင်ဖန်တီးထုတ်လုပ်မှုများ ပိုမိုထွန်းကားလာစေရန်၊ ရုပ်ရှင်ပညာအား စိတ်ဝင်စားသော လူငယ်မျိုးဆက်သစ်များနှင့် ရုပ်ရှင်လောကအတွင်းမှ ကျွမ်းကျင်ပညာရှင်၊ အသိပညာရှင်များအကြား ပညာအမွေလက်ဆင့်ကမ်းနိုင်မည့် ဆက်သွယ်မှုပေါင်းကူးတံတားတစ်ခုအဖြစ် အထောက်အကူဖြစ်စေရန် အစရှိသည့် ရည်ရွယ်ချက်များဖြင့် အဆိုပါ JCGV Toto's Film Making Class အား ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းကြီးကြပ်ဆရာများအဖြစ် အကယ်ဒမီ ဒါရိုက်တာကြည်စိုးထွန်းနှင့် အကယ်ဒမီ ဒါရိုက်တာညီညီထွန်းလွင်၊ သင်တန်းဆရာများအဖြစ် ဒါရိုက်တာမျိုးဇော်အောင်၊ အကယ်ဒမီ ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)၊ ဒါရိုက်တာ အေဝမ်းသိန်းထွဋ်၊ ဒါရိုက်တာထူးသာ၊ ဒါရိုက်တာကျော်နှင်းဆီနှင့် ဒါရိုက်တာယွန်းတို့က သင်ကြားပို့ချသွားမည်ဖြစ်သည်။

JCGV Toto's Film Making Class အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် Forever Group Co., Ltd တို့က အဓိက ပံ့ပိုးကူညီပေးခဲ့ကြပြီး Shwe Taung Real Estate Co., Ltd နှင့် City Property Co., Ltd. တို့ကလည်း အသီးသီး ပါဝင်ပံ့ပိုးကူညီခဲ့ကြခြင်းဖြစ်သည်။

ဝင်ခွင့်လျှောက်ထားလိုသူများအနေဖြင့် အသေးစိတ်သိရှိလိုပါက Facebook. com/JCGV-Toto's Film Making Class နှင့် ဖုန်း ၀၉-၂၅၅၁၁၃၆၂၉၊ ၀၉-၂၅၅၁၁၃၆၃၄ နှင့် ၀၉-၂၅၅၁၁၃၆၄၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**ရီရီမြင့်**

# ရခိုင်ပြည်နယ် မောင်တောမြို့အား ဒီဇင်ဘာ ၂၂ ရက်(ယနေ့)မှစ၍ မဟာဓာတ်အားလိုင်းမှ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၂၁**
ရခိုင်ပြည်နယ် မောင်တောမြို့ရှိ ၆၆ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံနှင့် ဘူးသီးတောင် -မောင်တော ၉ ဒသမ ၁ မိုင် ဓာတ်အားလိုင်း တည်ဆောက်ပြီးစီးပြီဖြစ်၍ ယနေ့ ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီခန့်မှစတင်ကာ မောင်တောမြို့အား ၂၄ နာရီ လျှပ်စစ်မီးပေးနိုင်တော့မည်ဖြစ်ကြောင်း မောင်တောခရိုင် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးဟိန်းမိုးထက်ထံမှ သိရသည်။

"မောင်တောမြို့ကို မဟာဓာတ်အားလိုင်းကနေ မီးလင်းဖို့အတွက် ဒီနေ့ညနေပိုင်းမှာ ဓာတ်အားခွဲရုံအထိ မီးအဝင်ရရှိထားပြီးဖြစ်ပါတယ်။ မနက်ဖြန် နံနက် ၁၀ နာရီလောက်မှာတော့ တစ်မြို့လုံးကို မီးပေးဖို့ စီစဉ်ထားပါတယ်"ဟု ၎င်းက ပြောကြားသည်။

ရခိုင်ပြည်နယ် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောဒေသရှိ ပြည်သူများ လူမှုဘဝတိုးတက်ရေးအတွက် အဓိကလိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်မှ ရရှိသုံးစွဲနိုင်ရေး ၆၆ကေဗွီ ပုဏ္ဏားကျွန်း - ရသေ့တောင် - ဘူးသီးတောင် - မောင်တော ဓာတ်အားလိုင်း ၆၄ ဒသမ ၃၁ မိုင်နှင့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ရေး စီမံကိန်းကို နိုင်ငံတော်မှ ငွေကျပ် ၃၀ ဒသမ ၃၃၅ ဘီလီယံဖြင့် တည်ဆောက်ပြီးစီးပြီဖြစ်သည်။

ထို့ကြောင့် ဒီဇင်ဘာ ၂၁ ရက် ညနေ ၃ နာရီ ၁၃ မိနစ်မှစ၍ မောင်တောမြို့ရှိ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံအထိ မဟာဓာတ်အားလိုင်းမှ ဓာတ်အားကို စတင်လက်ခံရရှိခဲ့ကာ ဒီဇင်ဘာ ၂၂ ရက်မှစတင်ပြီး မောင်တောမြို့အား မဟာဓာတ်အားလိုင်းမှ ၂၄ နာရီ လျှပ်စစ်မီးရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်း ပထမအဆင့်အနေဖြင့် ၆၆/၁၁ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင် ဓာတ်အားလိုင်း ၂၂ ဒသမ ၂၁ မိုင်၊ ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်ခြင်းနှင့် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ရသေ့တောင် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီး၍ မတ် ၁၅ ရက်မှစ၍ ရသေ့တောင် ဓာတ်အားခွဲရုံမှ ရသေ့တောင်မြို့ပေါ် အိမ်ထောင်စုပေါင်း ၁၅၃၀ နှင့် အောက်တိုဘာ ၃၁ ရက်ကစ၍ ဘူးသီးတောင် မြို့ပေါ်ရှိ အိမ်ထောင်စု ၃၃၇၄ စုသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် ဘူးသီးတောင်မြို့အနီးပတ်ဝန်းကျင် ကျေးရွာများဖြစ်သည့် ဂန္ဓမာ၊ စေတီတော် စသည့် ကျေးရွာကိုးရွာသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။



မောင်တောမြို့ရှိ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။

**ဇင်ဦး(မြန်မာ့အလင်း)**

# 4 G မှ 5 G သို့ ပြောင်းလဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ




**ရန်ကုန် ဒီဇင်ဘာ ၂၁**

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအသုံးပြုလျက်ရှိသော 4G မှ 5G နည်းပညာသို့ ပြောင်းလဲရာတွင် နိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားတစ်ခုဖြစ်လာစေရန် ရည်ရွယ်၍ Huawei Technologies Co.,Ltd (Myanmar) ပံ့ပိုးမှုဖြင့် Myanmar 5G Forum အခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက်က နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။ **(ယာပုံ)**

အရှိန်အဟုန်ဖြင့် ကမ္ဘာနှင့်အဝန်း ဖွံ့ဖြိုးတိုးတက်လာသည့် ဆက်သွယ်ရေးကဏ္ဍကိုအခြေခံ၍ မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍများ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာပြောင်းလဲဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စွာ ကူးပြောင်းနိုင်ရေးကိုလည်း ရည်ရွယ်သော Myanmar 5G Forum တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချစ်ဝေနှင့် ITU မှ အာဆီယံဒေသဆိုင်ရာ အကြီးအကဲဖြစ်သူ Dr.Ismail. Shah ၊ Huawei Global Carrier Business Group ၏ ဒုတိယဥက္ကဋ္ဌ Mr.Zhou Jianjun တို့က အမှာစကားပြောကြားသည်။

"ကျွန်တော်တို့နိုင်ငံမှာ 4G သုံးနေတာ။ 5G အသုံးပြုဖို့ ကြိုတင်ကနဦးဆောင်ရွက်တဲ့ အနေအထားပါ။ 4G ကို အကုန်ရပ်ပြီး 5G ကို ချက်ချင်းလုပ်ဆောင်လို့တော့မရဘူး။ 5G အသုံးပြုဖို့ ဘာတွေကြိုတင် ပြင်ဆင်ရမလဲ၊ အတွေ့အကြုံတွေ ဖလှယ်မလဲဆိုတဲ့ အလုပ်ရုံဆွေးနွေးပွဲ လုပ်ဆောင်တာပါ။ နည်းပညာပြောင်းလဲမှုက အလွန်မြန်တယ်။ 2G ကနေ အဆင့်ဆင့် 5G အထိသွားနေပေမယ့် လိုအပ်လို့ရှိရင် ခုန်ကျော်ပြီး သွားသင့်ရင် သွားရမှာပါ။ လောလောဆယ် အက်ပလီကေးရှင်းက ချက်ချင်းမရှိသေးဘူး။ သို့သော် ဒါကို လုပ်ဆောင်လာရင် ဘာတွေကြိုတင်လုပ်ဆောင်လာဖို့ လိုမလဲဆိုတာ ဖလှယ်တဲ့သဘောပါ"ဟု ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးသိန်းက ပြောကြားသည်။

4G ဆက်သွယ်ရေးနည်းပညာမှ 5G ဆက်သွယ်ရေးနည်းပညာသို့ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ကြမည့် ဆက်သွယ်ရေးအော်ပရေတာများနှင့် တာဝါတိုင်နှင့် ဖိုင်ဘာကုမ္ပဏီတို့မှ ဆွေးနွေးခဲ့ကြပြီး နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသော နည်းလမ်းများကိုအခြေခံကာ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

5G နည်းပညာနှင့် ပတ်သက်၍ ဂျပန်နိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် စတင်ဆောင်ရွက်ရန် စီမံထားသည့် နည်းတူ တောင်ကိုရီးယားနိုင်ငံအနေဖြင့်လည်း ၂၀၁၈ ခုနှစ်တွင် စတင်အကောင်အထည်ဖော်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်တွင် မလုပ်ဆောင်နိုင်သေးသည့်တိုင် နည်းပညာပြောင်းလဲမှု မြန်ဆန်သောယနေ့ခေတ်တွင် တစ်ချိန်၌ လုပ်ဆောင်ပါက ကြိုတင်ပြင်ဆင်ခြင်းဖြင့် အတွေ့အကြုံများ ဖလှယ်ခြင်းဖြစ်၍ no fiber, no 5G ကို ကျော်လွှားနိုင်ရန်နှင့် ဖိုက်ဘာစနစ်များ လျင်မြန်စွာရရှိလျက် အားလုံး ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေနိုင်ရန် ယခုလို ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**
**ဓာတ်ပုံ -သန်းစိုး**

## ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်နှင့် မူးယစ်ဆေးဝါးအသိပညာပေး

**နေပြည်တော် ဒီဇင်ဘာ ၂၁-** ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုဖြင့် မြို့နယ်အတွင်း ခိုး၊ ဆိုး၊ နှိုက်၊ လုယက်မှုများ မဖြစ်ပွားစေရေး၊ ပြည်သူများ မူးယစ်ဆေးဝါးဆိုးကျိုးနှင့် ပြစ်ဒဏ်အကြောင်း၊ လူကုန်ကူးမှုနှင့် ရဲလုပ်ငန်းစဉ်များ ရှင်းလင်းအသိပညာပေးမှုကို ဒီဇင်ဘာလဒုတိယပတ်က ညောင်ပင်ကြီးစုကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ပတ္တာနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းရွှင်နှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဇော်လင်းထက်တို့က အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ (နေပြည်တော်)**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှ ၁၇ ရက်နေ့အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁ | မြန်မာနှင့် ကမ္ဘာသိမှတ်ဖွယ်ရာ စာစုများ | ပါမောက္ခဦးမြင့်စော (ငြိမ်း) | ကောင်းကျော် | ၄၀၀၀ |
| ၂ | နှစ်ကိုယ်ခွဲ | မင်းလူ | ရွှေနှလုံးသား | ၃၅၀၀ |
| ၃ | လူပြက်သုံးယောက် | The Key Collection | The Key | ၁၅၀၀ |
| ၄ | သုံးနားညီတြိဂံ | ကလောင်စုံ | မျိုးဆက်သစ် | ၂၀၀၀ |
| ၅ | အတွေးချိုချို ဘဝချိုချို | နိုက် | မျိုးဆက်သစ် | ၂၅၀၀ |
| ၆ | မှုတမှ တရားရ | ဓမ္မဒူတအရှင်ပညာဇောတ | ဆုပြည့်စုံထွန်း | ၁၅၀၀ |
| ၇ | စာမှန်အောင် ရေးကြစို့ | လူထုဒေါ်အမာ | လူထု | ၃၅၀၀ |
| ၈ | ဘဝမခြားသေးခင် ဉာဏ်တံခါးလေးဆင် တရားတော်နှင့် ပဋ္ဌိစ္စသမုပ္ပာဒ် စက်ဝိုင်းသင်တန်း တရားတော်များ | သစ္စာကြယ်တစ်ပွင့် ဆရာတော် | မျိုးဆက်သစ် | ၃၀၀၀ |
| ၉ | စိန်ခေါ်မှုများနှင့် စစ်ခင်းသူ အခြားဆောင်းပါးများ | ဇင်လင်း | ဆိပ်ကမ်းသာ | ၃၀၀၀ |
| ၁၀ | ဘာသာပြန်စာတမ်းများ (ပထမတွဲ) | ကလောင်စုံ | စာပေဗိမာန် | ၂၅၀၀ |
| ၁၁ | ဘာသာပြန်စာတမ်းများ (ဒုတိယတွဲ) | ကလောင်စုံ | စာပေဗိမာန် | ၂၅၀၀ |
| ၁၂ | သီလတန်ခိုး အကျိုးများစွာ | တက္ကသိုလ်နွေလုလင် | မျိုးဆက်သစ် | ၂၀၀၀ |
| ၁၃ | ကြယ်ကြွေရာနောက်သို့ | တင်မောင်မြင့် | ကံ့ကော်ဝတ်ရည် | ၄၂၀၀ |
| ၁၄ | ဘယ်ဆီဘယ်ဝယ်နောက်သို့ | ကျောင်းကုန်းညွှန့်မှူး | ဝန်ချတောင် | ၃၀၀၀ |
| ၁၅ | သင့်ကလေးအတွက် ဘယ်လိုပညာရေးမျိုးပေးချင်သလဲ | ဒေါက်တာသိန်းလွင် | ဆုစာပေ | ၅၅၀၀ |
| ၁၆ | လပွတ္တာဟုခေါ်သည် | မောင်ကောင်းမြင့် | ယောမင်းကြီး | ၁၂၀၀ |
| ၁၇ | ကျောင်းသားများအတွက် ထိရောက်တဲ့ လေ့လာသင်ယူနည်းများ | ဒေါက်တာသိန်းလွင် | ဆုစာပေ | ၂၅၀၀ |
| ၁၈ | သင့်ဦးနှောက်ကို အမှိုက်ပုံးမဖြစ်စေနဲ့ | အရှင်ဇနက | ကောင်းဆုသာ | ၂၀၀၀ |
| ၁၉ | အဆိုးနဲ့ကြုံရင် အကောင်းကို သတိရပါ | အရှင်ဝရဗုဒ္ဓိ (ဓမ္မခရီးဖော်) | ကောင်းဆုသာ | ၂၀၀၀ |
| ၂၀ | မျက်မမြင်တိုင်းပြည် | သခင်ဘသောင်း | တိုးမြစ် | ၂၀၀၀ |
| ၂၁ | ရန်သူ့တောင်ကုန်းမှာ အလံစိုက်နိုင်ပါစေ | ဝင်းဇော်လတ် | တိုးမြစ် | ၃၀၀၀ |

*(ဆက်လက်ဖော်ပြပါမည်)*

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၁-၁၂-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၇၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၇၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၄၀ | ကျပ် | ၉၄၀/၉၆၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၀/၉၆၀ | ကျပ် | ၉၅၅/၉၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၃၅/၇၈၀ | ကျပ် | ၈၀၀/၈၂၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၀၀/၈၅၅ | ကျပ် | ၈၇၀/၈၉၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၇၀ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၉၈ · ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၄၅ · ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၈၈ · ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၁၁ · ၂ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၁၇· ၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၈ · ၀၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ · ၄၃၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၉ · ၆၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၅ · ၅၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၁၂၃ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး(တာဝန်)** - ဝင်းကျော်
**စာတည်းမှူး** - မြင့်ဆွေ (သတင်းထောက်ချုပ်)
**စာတည်းများ** - ကြည်ဝင်း၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

## တိမ်တွေပေါ်ဆီသွားမယ် တေးစီးရီးနှင့်အတူ တွေ့ရဦးမည့် အဆိုတော် ချာချာ



၂၀၀၉ ခုနှစ်ကစတင်ပြီး အနုပညာလောကထဲကို မော်ဒယ်တစ်ဦးအဖြစ်နှင့် ဝင်ရောက်လာခဲ့ပြီး ဂျွန်လွင် Stars & Models ၏ တပည့်အရင်းလည်းဖြစ်၊ ယခင်က ဆုပြည့်မှူးအိမ် အမည်ဖြင့် ဗွီဒီယိုဇာတ်ကားများရိုက်ကူးခဲ့သူ၊ ယခု အဆိုတော် ချာချာ အမည်နှင့် တေးသီချင်းတွေ သီဆိုနေသူ ချာချာ၏ ဒုတိယမြောက် တေးအယ်လ်ဘမ် တိမ်တွေပေါ်ဆီသွားမယ် တေးစီးရီးကို Bo Bo Music တေးထုတ် လုပ်ရေးကနေ ယခုလ ၂၁ ရက်က စတင်ဖြန့်ချိခဲ့ကြောင်း သိရသည်။

အဆိုပါသီချင်းခွေတွင် တေးသီချင်း ၁၃ ပုဒ်ပါဝင်မှာဖြစ်ပြီး တေးရေး သုခမိန်လှိုင်၊ ဟဲလေး၊ လင်းနစ်၊ ဆလိုင်း၊ ကောင်းကောင်း၊ အားတီ၊ ဝေကြီး၊ ရွှေထူး၊ ဥက္က၊ သခု၊ ပိုင်ကြီးတို့က ပါဝင်ရေးသားပေးထားကြပြီး Featuring ရွှေထူး၊ နီနီခင်ဇော်၊ ဇွန်ဝေယံ တို့ကလည်း ပါဝင်အားဖြည့်သီဆိုပေးထားကြောင်း သိရသည်။

"ချာအနေနဲ့ အရည်အသွေးကောင်းပြီး အချိန်ပေးဖန်တီးရေးသားထားကြတဲ့ တေး ရေးတွေရော တီးခတ်ပေးကြသူအားလုံးကို ကျေးဇူးတင်ပါတယ်၊ ကိုယ်အခွေလုပ်မယ်ဆိုတာနဲ့ ကွာလတီကောင်းတဲ့ သီချင်းလေးတွေပေးကြတာကြောင့်ပါ။ သူတို့ဆီကနေ မရရအောင်အတင်း ချာလိုက်ပြီး တောင်းခဲ့ရတာပေါ့နော်၊ ဒါကြောင့် ဒီခွေလေးက ပရိသတ်ကို ချာဘယ်လောက်တောင်ကြိုးစားထားတာကို တွေ့ရမှာပါ"ဟု အဆိုတော် ချာချာက ပြောသည်။

အဆိုပါတေးစီးရီးတွင် တေးရေးဆရာ ဝေကြီးအနေဖြင့်လည်း တေးသီချင်းသုံးပုဒ်ကို ရေးသားထားကြောင်း ၊သူ့အနေဖြင့် အမျိုးသမီးအဆိုရှင် အများဆုံးကို တေးသီချင်းများရေးသားပေးဖူးသော်လည်း ချာချာလောက် သီချင်းများများမရေးပေးခဲ့ကြောင်း သီချင်းပုံစံများကို ယခင်က မရေးဖူးသေးသည့်ပုံစံဖြင့် ရေးသားပေးခဲ့ကြောင်း သိရသည်။

**ကိုလင်း**

## အဆိုတော် ခိုင်ထူး၏သား ဆိုင်းလင်းထူး ပါဝင်မည့် တေးမြုံ့ငှက် အိမ်အလွမ်း ဂီတပွဲပြုလုပ်မည်

စတီရီယို တေးဂီတလောကတွင် နှစ်ပေါင်း ၃၄ နှစ်ကြာ ရပ်တည်ခဲ့သော တစ်ခေတ်တစ်ခါကလူငယ်ထု၏ နှလုံးသားကို ထိမှန်စေသော တေးသီချင်းတွေ ဖန်တီးခဲ့သူ တေးရေး၊ တေးဆို အဆိုတော်ခိုင်ထူး၏ သီချင်းများသည် တစ်ခေတ် တစ်ခါက လူငယ်ထုရင်ထဲ ထိုးဖောက်ဝင်ရောက်ခဲ့သော သီချင်းများဖြစ်သဖြင့် ယခုအချိန် လူလတ်ပိုင်းအရွယ်သို့ ရောက်နေပြီဖြစ်သော အရွယ်များအတွက် ရင်ကိုထိမှန်စေသော တေးသီချင်းများဖြစ်ခဲ့သည်။ သူ၏ အားမာန်အပြည့်နှင့် သီဆိုထားသည့် စစ်ကိုင်းလမ်းဆို၊ အဥ္ဇလီ အစရှိသည့် သီချင်းများစွာ ခိုင်ထူး၏ အကျော်ကြားဆုံး တေးသီချင်းများ ဖြစ်ခဲ့ကြောင်း သိရသည်။

"အဖေ့သီချင်းတွေပြန်ဆိုဖို့ထက် အဖေ့ရဲ့အမှတ်တရလေးတွေအဖြစ်နဲ့ ပြန်လည်ပြီး မြင်ရအောင်လို့ ဒီပွဲလေးလုပ်ဖြစ်တာဆိုလည်း မမှားပါဘူး၊ ဒီပွဲလေးမှာ ကျွန်တော်တို့ ပရိသတ်တွေအတွက် အံ့သြစေမယ့် အရာလေးတွေလည်း လုပ်ထားပါတယ်၊ ကျွန်တော်ကိုယ်တိုင်ကတော့ တစ်ပုဒ်လောက်ပဲ ဆိုမှာပါ၊ ကျန်တာကိုတော့ ပါဝင်ထားကြတဲ့ အဆိုတော်တွေကဆိုမယ်၊ အားလုံးသီချင်းအပုဒ် ၄၂ ပုဒ် ကျော်လောက်ဆိုကြမယ်၊ ကျွန်တော်က အဖေ့သီချင်းတွေကို ငယ်ငယ်ကတည်းက နားထောင်ဖြစ်ခဲ့တော့ ကျွန်တော့်အကြိုက်နဲ့ ထပ်တူကျမယ့် သီချင်းလေးကိုရွေးထားပါတယ်၊ အရင်ကလည်း အဖေ့သီချင်းတွေကို သူငယ်ချင်းတွေနဲ့အတူ ဆိုဖူးတာတွေရှိခဲ့တယ်၊ အဲ့ဒါကြောင့် အခုပွဲလေးမှာ ကျွန်တော်အကြိုက်ဆုံးသီချင်းလေးကို ဆိုပြမှာပါ၊ အဖေ့ရဲ့ စတိုင်ကို ကျွန်တော် သိပ်သဘောကျတယ် သူ့ပုံစံက သီချင်းတစ်ပုဒ်ဆိုရင် အားနဲ့မာန်နဲ့ ဆိုတတ်တာလေ၊ အဲဒီတော့ ကျွန်တော်လည်း အဖေနဲ့မတူရင်တောင် အဖေ့ပရိသတ်တွေ ကျေနပ်စေမှာပါ" ဟု သားဖြစ်သူ ဆိုင်းလင်းထူးက ပြောသည်။

အဆိုပါ ဂီတပွဲတော်တွင် တေးသီချင်းများကို အဆိုတော် ကိုင်ဇာ၊ ဂျေမောင်မောင်၊ တူးတူး၊ ချစ်ကောင်း၊ ဖြိုးကြီး၊ ဟဲလေး၊ ဖြိုးမြတ်အောင်၊ မေခလာ၊ ဟေမာနေဝင်း၊ မီမီဝင်းဖေ ၊ ချောစုခင်၊ သီရိဂျေမောင်မောင်၊ ချမ်းမြေ့မောင်ချို တို့ ပါဝင်သီဆိုကြမည်ဖြစ်ပြီး ဖျော်ဖြေပွဲကို ယခုလ ၂၉ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံတွင် ပြုလုပ်မည်ဖြစ်ကြောင်း၊ လက်မှတ်များကို ကျပ် ၄၀၀၀၀၊ ကျပ် ၂၀၀၀၀၊ ကျပ် ၁၀၀၀၀ ဖြင့် မန်းသီရိတေးသံသွင်း ၊ Champion Store မြို့မကျောင်းလမ်းတို့တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**ကိုလင်း**

## Invincible ဇာတ်ကားထဲက ဝတ်စားဆင်ယင်မှုအပေါ် ပရိသတ်နားလည်ပေးစေချင်

Miss Asia Pacific World 2014 ဆုရှင်ဖြစ်ခဲ့သည့် မေမြတ်နိုးအနေဖြင့် မကြာမီ အမေရိကန်နိုင်ငံတွင် ရုံတင်ပြသသွားမည့် " Invincible "ဟုအမည်ရှိသည့် ရုပ်ရှင်ဇာတ်ကားတွင် မြင်တွေ့ကြရမည်ဟုသိရသည်။ အဆိုပါ ဇာတ်ကားကို အမေရိကန်ဒါရိုက်တာ Deniel Zirilli ရိုက်ကူးထားပြီး ခေါင်းဆောင်မင်းသမီးအဖြစ် မေမြတ်နိုးက ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**မေး - Invincible ဇာတ်ကားမှာ ပါဝင်ဖြစ်ခဲ့တာက။**

ဖြေ - အဓိကသူတို့စကားပြောတဲ့ ပုံစံတွေကိုကြည့်တယ်။ မျက်နှာအနေအထားတွေကိုကြည့်တယ်။ ပြီးရင်သရုပ်ဆောင်ပြရတယ်။ ထိုင်းကလူကိုပဲ ခေါ်မယ် စဉ်းစားထားပေမယ့် မြတ်နိုးကိုတွေ့တော့ သဘောကျပြီး ရွေးဖြစ်သွားတာပါ။ ထိုင်းမင်းသမီးတွေပါတယ်။ မြန်မာက မြတ်နိုးတစ်ယောက်တည်းပါတာ။ မြတ်နိုးနဲ့ တွဲဖက်သရုပ်ဆောင်ရမယ့် မင်းသားက Fast & Furious 1 မှာ Leon အဖြစ်သရုပ်ဆောင်ခဲ့တဲ့ Johnny Storng ပါ။ အခုလိုရိုက်ဖို့ အရွေးခံရတာ အလွန်ဝမ်းသာတယ်။ မြတ်နိုးအခွင့်အရေးလေးရတာပေါ့။ နိုင်ငံခြားကလူတွေနဲ့ အင်္ဂလိပ်စကားပြောပြီး သရုပ်ဆောင်ရတာကိုပျော်တယ်။ အခွင့်အရေးပေးတဲ့ အတွက်လည်း သိပ်ဝမ်းသာတယ်။ ထိုင်းတွေနဲ့ပြိုင်တာကို မြန်မာနိုင်ငံကနေ ရွေးချယ်ခံရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ မင်းသားကလည်း အများကြီးကူညီပေးတယ်။ အင်္ဂလိပ်လိုပဲတောက်လျှောက် ပြောရတာဆိုတော့ အဆင်ပြေပါတယ်။ ကိုယ်တိုင်လည်း သရုပ်ဆောင်ဖူးတဲ့သူဖြစ်တဲ့အတွက် သရုပ်ဆောင်တာနဲ့ပတ်သက်တာ ကအခက်အခဲမရှိဘူး။ သူတို့ကတော့ ကြောက်နေမှာစိုးတာပါ။ အဆင်ပြေပါတယ်။ ထုတ်လုပ်ရေးကတော့ ဗန်ကောက်ကပါ။ သူတို့နဲ့ ကြော်ငြာတွေအများကြီး ရိုက်ဖူးတဲ့အတွက် အဆင်ပြေပါတယ်။ ဇာတ်ကအက်ရှင် ဒရာမာ အမျိုးအစားပါ။

**မေး - အဲဒီကားလေးက ပရိသတ်ဘယ်တော့လောက် ကြည့်ရမလဲ၊ ပြီးတော့ ဒီကားလေးက ကိုယ့်အတွက် ဘယ်လောက်ထိ နေရာရနိုင်မလဲ။**

ဖြေ - နေရာရတာထက် ပညာရတာလို့ပြောချင်တာပေါ့နော်၊ ညီမဘဝမှာ အနုပညာအလုပ်နဲ့ပတ်သက်ပြီး ကိုယ့်အတွက် ပညာရစေမယ့် အရာတွေခဏခဏ ကြုံရတယ်၊ အခုကားမှာလည်း ကိုယ့်မသိသေးတဲ့ အနုပညာနဲ့ပတ်သက်တဲ့ အသစ်အဆန်းလေးတွေရတယ်၊ အဲဒီအတွက် သင်ခန်းစာတစ်ခု သင်ယူလိုက်ရသလိုခံစားရတယ်၊ ပြီးတော့ ဒီဇာတ်ကားက အက်ရှင်ကားဆိုတော့ ကိုယ့်အတွက် ရိုးရိုးမြင်နေကျဇာတ်ရုပ်တွေထက်စာရင် အများကြီးပညာရပါတယ်၊ ပြီးတော့ အမေရိကန် ဒါရိုက်တာ၊ အမေရိကန်သရုပ်ဆောင်တွေနဲ့ ရိုက်ရတာဆိုတော့ ယဉ်ကျေးမှုပုံစံအရတော့ နည်းနည်းကွဲထွက်နေမှာပါ ၊ ကာရိုက်တာပိုင်းမှာတော့ ယဉ်ကျေးမှုနဲ့အမြင်အရ သိပ်မတူတာလေး တွေ့ကောင်းတွေ့နိုင်မှာပါ။ ဒါကလည်း ဇာတ်ကောင်နဲ့အညီ လုပ်ရတာဖြစ်တာမို့ မြတ်နိုးကို နားလည်ပေးစေချင်ပါတယ်၊ ဝတ်စားဆင်ယင်မှုမှာဆိုလည်း သူတို့ဘက်က ဆင်ပေးတာကို ဝတ်ဆင်ရတာပေါ့နော်၊ ဒါရိုက်တာက အများကြီး သင်ပေးတယ်၊ ဇာတ်လမ်းကို သူတို့က ဇာတ်ကိုသေချာဖတ်ခိုင်းတယ်၊ ဘယ်နေရာမှာ ဘယ်လိုပုံစံမျိုး လုပ်ပြခိုင်းတာလေးတွေရှိတော့ ဒါလေးက အားသာချက်လေးပေါ့နော်၊

**မေး - ဒီကားလေးကိုကြည့်ရှုရမယ့်ပရိသတ်တွေအတွက် မြတ်နိုးရဲ့ စကားလက်ဆောင်ရယ်၊ ပြီးတော့ ၂၀၁၉ မှာ ထပ်ပြီး အနုပညာလှုပ်ရှားမှုတွေလုပ်ဖို့ရှိရင် ပြောပြပေးဦး။**

ဖြေ - အကယ်၍ ဒီကားလေးကို တခြားနိုင်ငံမှာ ရုံတင်ပြသပြီးပြီဆိုရင် ကိုယ့်နိုင်ငံမှာလည်း ပြသချင်ပြသနိုင်မှာပါ၊ အကယ်၍မကြည့်ရဘူးဆိုရင်လည်း အွန်လိုင်းကနေတစ်ဆင့် ကြည့်ရှုနိုင်အောင် မြတ်နိုးတို့ကြိုးစားကြမှာပါ၊ မြတ်နိုး ၂၀၁၉ မှာ ဇာတ်ကားတွေ၊ ဇာတ်လမ်းတွဲတွေ ရိုက်ဖို့ရှိတယ်၊ ထွက်လာဖို့လည်းရှိပါတယ်၊ နိုင်ငံခြားဒါရိုက်တာ တစ်ဦးနဲ့ပဲ နှစ်လယ်လောက်မှာ ဇာတ်ကားနှစ်ကားလောက်ရိုက်ဖို့ ကမ်းလှမ်းထားတာရှိပါတယ် ၊ ကာရိုက်တာပိုင်းကိုတော့ မလုပ်ဖူးတာကို လုပ်ချင်တဲ့ စိတ်နဲ့ လက်ခံဖြစ်ခဲ့တာပါ။

**ကိုလင်း**

## လူငယ်ကျန်းမာရေး ပညာပေးဇာတ်လမ်းတို ဗီဒီယိုသရုပ်ဖော်တင်ဆက်မှုပြိုင်ပွဲ ကျင်းပမည်

မြန်မာလူငယ်ကြယ်ပွင့်များကွန်ရက်မှ ရန်ကုန်တိုင်းဒေသကြီး တက္ကသိုလ်များမှ ကျောင်းသားသမဂ္ဂအဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်သည့် "Healthy Youth for Better Future" ခေါင်းစဉ်ဖြင့် လူငယ်များနှင့် HIV ကူးစက်မှု အန္တရာယ်ကျရောက်လွယ်သည့် အဓိက ဦးတည်အုပ်စုလူငယ်များအတွက် လူငယ်ကျန်းမာရေးပညာပေးဇာတ်လမ်းတို ဗီဒီယိုသရုပ်ဖော် တင်ဆက်မှုပြိုင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာ ၂၂ ရက်တွင် မဟာဗန္ဓုလပန်းခြံရှေ့တွင် ပြုလုပ်မည်ဖြစ်သည်။ ထိုအခမ်းအနား၏ နေ့လယ်ပိုင်းအစီအစဉ်များတွင် မြန်မာလူငယ်ကြယ်ပွင့်များကွန်ရက်အနေဖြင့် လူငယ်များအတွက် HIV/SRHR များနှင့် ပတ်သက်သော ဂိမ်းများပြုလုပ်ပေးခြင်း၊ လူငယ်များအတွက် ရင်ဖွင့်စကားသံအစီအစဉ်များ၊ လှုပ်ရှားမှုဓာတ်ပုံ ပြခန်းများပြသခြင်း၊ လူငယ်များနှင့် HIV/SRHR ကျန်းမာရေး ဗဟုသုတများ ပိုမိုတိုးတက်လာနိုင်စေရန်အတွက် လူငယ်စကားဝိုင်းအစီအစဉ်များ ပါဝင်မည်ဖြစ်သည်။

**သွန်းဝသန်**

## ဂျပန်စစ်လေယာဉ်ကွင်းနှင့် ဘန်ကာများကို လေ့လာနိုင်ရန် ခရီးသွားလုပ်ငန်းအဖြစ် အကောင်အထည်ဖော်မည်

**ရေတာရှည် ဒီဇင်ဘာ ၂၁**



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကြံသနွယ်ကျေးရွာအုပ်စုအတွင်းရှိ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်များ အခြေစိုက်ခဲ့သော စစ်လေယာဉ်ကွင်း၊ တိုက်ပွဲဖြစ်ပွားစဉ်က ဘန်ကာများတည်ဆောက်ခဲ့သည့်နေရာများကို စိတ်ပါဝင်စားသူများ အနေဖြင့်လာရောက်လေ့လာနိုင်ရန် ခရီးသွားလုပ်ငန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ် များကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ညှိနှိုင်းနေခြင်းနှင့် ပတ်သက်၍ စစ်အတွင်းက ဂျပန်များ အသုံးပြုသည့် နေရာများကိုပြန်လည် ဖော်ထုတ်နိုင်ပါက စစ်ပွဲအတွင်းကြုံတွေ့နေရသည်များကို ပြန်လည်အောက်မေ့ နေသေးကြောင်း ကြံသနွယ်အုပ်စု၊ နန်ချွန်ရွာမနေ အသက် ၈၅ နှစ်ရှိ ဦးကြီးမောင် က ပြောသည်။

"စိုင်တမော့ကြီးနဲ့ ရထားလမ်းကြားဟာ ဂျပန်နဲ့ တရုတ်စစ်တပ်တွေ အကြီးအကျယ် တိုက်ခဲ့ကြတယ်။ အဲ့ဒီတုန်းက ကိုယ့်အသက်က ၁၃ နှစ် ၁၄ နှစ်ဆိုတော့ အားလုံးနီးပါး မှတ်မိနေသေးတယ်။ ဂျပန်တွေရောက်လာတော့ အခုမြောက်နန်ချွန်ရွာ အရှေ့ဘက် နန်ချွန်တောင်ရွာ သစ်တောကျောင်း အရှေ့မြောက်ဘက်မှာ လေယာဉ်ကွင်းဖောက်တော့ ဒီနားမှာရှိတဲ့လူတွေ အကုန်ခေါ်တယ်။ အချို့လည်း ပိုက်ဆံပေးတယ်။ အချို့လည်း လုပ်အားပေးခေါ်တော့ ကိုယ်လည်းပါသွားတယ်။ အဲ့ဒီနေရာမှာ မော်တော်ယာဉ်တွေ၊ စက်လက်နက် ပစ္စည်းတွေ၊ စားနပ်ရိက္ခာတွေ စုပုံပြီးထားတာ။ ဂျပန်တွေ မရောက်လာခင်က တရုတ်စစ်တပ်က ဒီဝန်းကျင်တစ်ဝိုက်မှာ အများကြီးပဲ။ ဂျပန်တပ်တွေ ဝင်လာတော့ လေးကိုင်းပုံသဏ္ဌာန်လိုပဲ အနောက်ဘက်ဆို တောင်ငူမြို့နယ်ထဲက ဝက်ခေါက်စိန်၊ ဖောင်ဆိပ်လောက်ကနေ ရေတာရှည် အရှေ့စစ်တောင်းမြစ်အထိ ရောက်တယ်။ နည်းတဲ့တပ်တွေမဟုတ်ဘူး။ မြင်းတပ်တွေပါတယ်။ သံချပ်ကာတပ်တွေပါတယ်။ တရုတ်တပ်တွေက စိုင်တမော့ရွာအရှေ့ဘက်ကနေ ခံစစ်နဲ့ပြန်တိုက်တော့ သေတာပေါ့။ မြင်းတွေလည်း သေတယ်။ လေယာဉ်တွေနဲ့လည်း ဗုံးတွေ ကြဲတယ်။ ကိုယ်က ကလေးဆိုတော့ စပ်စပ်စုစု ကြည့်တာပေါ့။ လေယာဉ်တွေက ကောင်းကင်မှာ အမြင့်ကြီးက နေပျံတော့ နေရောင်နဲ့ လက်ခနဲ လက်ခနဲ မြင်ရတာ လေယာဉ်ဆိုတာ လည်းမသိကြဘူး။ တောသားတွေဆိုတော့ ရဟန္တာကြွတာပဲဆိုပြီး ဦးတွေ ကုန်းချနေကြတာ။ ဗုံးတွေကျလာမှပဲ အသက် လုပြီး ပြေးရတာပေါ့။ အဲ့ လောက်ကို အ တာ" ဟု ကိုယ်တိုင်ကြုံခဲ့ရသည့် ဦးကြီးမောင်က ပြောသည်။

ဂျပန်စစ်လေယာဉ်ကွင်းကို အကာအကွယ်ပေးနိုင်ရန် တောင်နန်ချွန်ကျေးရွာရှိ သစ်တောကျောင်းဝင်းအတွင်း နှင့်အရှေ့ဘက်တောတန်းအတွင်း ဘန်ကာ ၁၇ ခုခန့်အထိ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိမြင်တွေ့ရသော အနေအထားများအရ သစ်ပင်ချုံနွယ်များ ဖုံးအုပ်လျက်ရှိသည်ကို တွေ့ရှိခဲ့ရသည်။ နန်ချွန်ရွာမ မြောက်ဘက် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း အနောက်ဘက်ရှိ အင်္ဂလိပ်အုပ်စိုးစဉ်ကတည်းက တည်ဆောက်ခဲ့သော ဘူတာရုံဟောင်း (ဓါတ်ပုံ) နှင့် ရေတွင်းပျက်ကြီးမှာ ယခုတိုင်လေ့လာတွေ့ရှိဆဲဖြစ်ပြီး ခရီးသွားလုပ်ငန်း ၊ အပန်းဖြေစခန်းများတည်ဆောက်ပါက ဒေသခံများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိနိုင်မည်ဖြစ်သော်လည်း မြေရာဇဝင်နှင့် လက်ရှိမြေယာလုပ်ကိုင်သူများအနေဖြင့် စနစ်တကျ ရှင်းလင်းဆောင်ရွက်နိုင်ရန် ဆောင်ရွက်ရဦးမည် ဖြစ်သည်။

**သန်းလွင်**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# ဆယ်လီနာဂိုမက်ဇ် ဆေးကုသမှုခံယူပြီးသော်လည်း အချိန်မရွေး ဆိုရှယ်မီဒီယာပြန်သုံးဖို့ မဖြစ်နိုင်သေး

ဆယ်လီနာဂိုမက်ဇ်ဟာ ဆေးကုသမှုခံယူပြီးပြီဖြစ်လို့ အချိန်မရွေး ဆိုရှယ်မီဒီယာမှာ ပြန်ပေါ်လာနိုင်လိမ့်မယ်လို့တော့ တထစ်ချတွက်ဆထားလို့ မရပါဘူး။ ဆယ်လီနာဟာ သူ့ကိုရုပ်ပြောင်လုပ်ထားတာတွေ၊ သူ့အတွက် ဆိုးကျိုးကိုသာဖြစ်စေမယ့် သတင်းအချက်အလက်တွေကို ဆိုရှယ်မီဒီယာပေါ်က ရှောင်ရှားလိုပါတယ်။ စိုးရိမ်ကြောင့်ကြမှု၊ စိတ်ကျဝေဒနာတို့ကြောင့် ဆေးကုသမှု နှစ်လနီးပါး ခံယူပြီးတဲ့နောက်မှာ ဆိုရှယ်မီဒီယာအသုံးပြုပြီး စိတ်ခံစားပြန်ကျစေမယ့် လုပ်ရပ်မျိုး ဆယ်လီနာ မလုပ်လိုပါဘူး။

အသက် ၂၆ နှစ်အရွယ် အဆိုတော်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ဆယ်လီနာဂိုမက်ဇ်ဟာ စက်တင်ဘာ ၂၃ ရက်ကပဲ ဆိုရှယ်မီဒီယာကနေ ခေတ္တအနားယူတော့မယ်လို့ ကြေညာခဲ့ပါတယ်။ အခုအခါမှာတော့ ဆယ်လီနာလည်း ဆေးကုသမှုခံယူပြီးလို့ အိမ်ပြန်လာပါပြီ။ ဖော်လိုဝါပေါင်း ၁၄၄ သန်းရှိတဲ့ သူ့ရဲ့အင်စတာဂရမ်ကို ပုံမှန်ပြန်အသုံးပြုတာမျိုး မရှိသေးပါဘူး။ ဆိုရှယ်မီဒီယာကနေ အဝေးမှာနေခဲ့တဲ့အခါမှာတော့ ဆယ်လီနာရဲ့ စိုးရိမ်ပူပန်မှုတွေ အမှန်လျော့ကျလာစေခဲ့ပါတယ်။ ဒီနှစ်ကုန်ပိုင်းမှာ မိသားစု၊ သူငယ်ချင်းတွေနဲ့ပဲ အချိန်ကုန်ဆုံးလိုပါတယ်။ ပြီးတော့ ဆယ်လီနာရဲ့အနီးအနားမှာရှိနေတဲ့ လူတွေကလည်း ဆယ်လီနာအနေနဲ့ ဆိုရှယ်မီဒီယာကို ပြန်ပြီးအသုံးမပြုအောင် အပြည့်အဝအားပေးမှုတွေ ပြုလုပ်နေတယ်လို့ ဆယ်လီနာနဲ့ နီးစပ်တဲ့ သူတစ်ယောက်က ဟောလိဝုဒ်လိုက်ဖ်ကို ပြောပါတယ်။

အခုဆိုရင် ဆယ်လီနာဟာ ဆိုရှယ်မီဒီယာကြောင့် ခံစားခဲ့ရတဲ့ စိတ်ခံစားကျမှုတွေ၊ မကောင်းတဲ့အချက်တွေကို လျှော့ချနိုင်ပြီး အရင်ကထက် ပိုပြီးပျော်ပျော်ရွှင်ရွှင်ဖြစ်လာပြီလို့ ၎င်းက ဆက်ပြောပါတယ်။ ဆယ်လီနာအနေနဲ့ ဒီထက်ပိုပြီး ကျန်းမာလာတဲ့အခါ ဆိုရှယ်မီဒီယာကို အသုံးပြုပြီး သူ့ရဲ့ပရိသတ်တွေနဲ့ ထိတွေ့တာမျိုး ပြန်လုပ်လာနိုင်တယ်လို့လည်း ၎င်းက ဆက်ပြောပါတယ်။

**ဟောလိဝုဒ်လိုက်ဖ်**



# ဂျနီဖာလိုပက်ဇ်ရဲ့ ဇာတ်ကားသစ် ရုံတင်ပြသမည်

The Wedding Planner၊ Maid In Manhattan အစရှိတဲ့ ဇာတ်ကားတွေမှာ ပြောင်မြောက်စွာသရုပ်ဆောင်နိုင်ခဲ့တဲ့ ဂျနီဖာလိုပက်ဇ်ကို နောက်ထပ်ရုပ်ရှင်ကားမှာ ပြန်တွေ့ရဖို့ ပရိသတ်တွေ မျှော်လင့်နေကြပါတယ်။

အခုဆိုရင် ဂျေလိုလို့ ချစ်စနိုးခေါ်ကြတဲ့ ဂျနီဖာလိုပက်ဇ်ကို ရုပ်ရှင်ဇာတ်ကားကြီးမှာ ပြန်လည်မြင်တွေ့ရတော့မှာပဲ ဖြစ်ပါတယ်။ အဲဒီဇာတ်ကားရဲ့နာမည်ကတော့ Second Act လို့ အမည်ရပါတယ်။ အဲဒီဇာတ်ကားမှာ ဂျနီဖာလိုပက်ဇ်ဟာ လိရှ်ရာမီနီ၊ မိုင်လိုဗန်တီမီလီယာ အစသူတို့နဲ့အတူ တွဲဖက်သရုပ်ဆောင်ထားပါတယ်။ ဒီဇာတ်ကားရဲ့ ဇာတ်ညွှန်းရေးဆရာကတော့ အယ်လိန်း ဂိုးလ်စမစ်သောမက်စ်နဲ့ ဂျက်စတင် ဇက်ဟမ်တို့ပဲ ဖြစ်ကြပါတယ်။ အမေရိကန် အချစ်ဟာသဇာတ်လမ်းလေးလည်း ဖြစ်ပါတယ်။ ဒါရိုက်တာကတော့ ပီတာဆီဂယ်ဖြစ်ပြီး ဒီဇာတ်လမ်းကို ရုပ်ရှင်အဖြစ် အသက်သွင်းဖို့ အချိန်အတော်ကြာ ကြိုးစားခဲ့ရပါတယ်။ Second Act ဆိုတဲ့ ဇာတ်ကားဟာ ဟာသ၊ ခင်မင်မှု၊ အချစ်၊ သင်ခန်းစာတွေ အစရှိသည်တို့ကို ဖော်ကျူးထားတဲ့အတွက် ပရိသတ်တွေ နှစ်ခြိုက်ကြမယ့် ဇာတ်ကားတစ်ကားဖြစ်လာမှာပါ။ အမေရိကန်မှာ ရုံတင်မယ့်ရက်ကတော့ ဒီဇင်ဘာ ၂၁ ရက်ပဲ ဖြစ်ပါတယ်။

**စီအင်န်အင်န်**





# စကားလုံးနှင့် အနက်အဓိပ္ပာယ် (၁၄)

**မောင်ခင်မင် (ဓနုဖြူ)**

"အနက်ချင်းဆက်စပ်တဲ့ စကားလုံးတွဲအကြောင်း ဘဘ ပြောတာ နားလည်ပါတယ်။ သမီး တစ်ခုစဉ်းစားမိလို့ပါ ဘဘ"

"ဘာပါလိမ့်၊ ပြောလေ သမီး "

"သည်၊ ၏ ၊ မှ ၊ က ၊ ၌ ၊ မှာ ဆိုတဲ့ နောက်ဆက်စကားလုံးတွေကို အနက်စပ်စကားလုံးဖြစ်အောင် ဘယ်လိုစကားလုံးမျိုးတွေနဲ့ တွဲရသလဲဆိုတာ သိချင်တာပါ"

"အဲဒီစကားလုံးတွေက အနက်အဓိပ္ပာယ်အထင်အရှားမရှိဘဲ သဒ္ဒါဆက်သွယ်မှုကိုပြတဲ့ စကားလုံးတွေမဟုတ်လား။ သဒ္ဒါစကားလုံးလို့ခေါ်တယ်။ အဲဒီစကားလုံးမျိုးတွေကတော့ စကားလုံးတွေအများကြီးနဲ့ အကန့်အသတ်မရှိ တွဲနိုင်တယ်လေ။ ' သည်၊ ၏ ၊ ၍ ' ဆိုတဲ့ နောက်ဆက်တွေကို ဘယ်ကြိယာတွေနဲ့ တွဲရမလဲ၊ စဉ်းစားကြည့်လေ"

"ဟာ... ဘယ်ကြိယာနဲ့မဆို တွဲလို့ရတယ်မဟုတ်လား ဘဘ "

"ဟုတ်ပါတယ်။ အဲဒီလိုပဲ သည်၊ က၊ ကို၊ နှင့် ဆိုတဲ့ နောက်ဆက်တွေကိုလည်း ဘယ်နာမည်တွေနဲ့မဆို အကန့်အသတ်မရှိ တွဲလို့ရတယ်လေ။ ဒီတော့ အနက်စပ်စကားလုံးတွဲအဖြစ် တွဲနိုင်တဲ့စကားလုံးဆိုပြီး ကန့်သတ်စရာ မလိုဘူးပေါ့။ အနက်စပ်စကားလုံးတွဲအဖြစ် အဲဒီသဒ္ဒါစကားလုံးတွေကို ထည့်စဉ်းစားလေ့မရှိကြပါဘူး "

"ဟုတ်ကဲ့ ဘဘ။ နားလည်ပါပြီ"

" အနက်စပ်ပုံ အတိုင်းအတာအမျိုးမျိုးတော့ ကွဲပြားမှာပေါ့။ ဆိုပါတော့။ ' သွေး ' ဆိုတဲ့စကားလုံးဟာ ' နီ ' နဲ့ ' စိမ်း ' စကားလုံးနှစ်လုံးထဲက ဘယ်စကားလုံးနဲ့ အနက်စပ်ဖို့ ပိုများသလဲလို့စဉ်းစားရင် ကြာကြာစဉ်းစားစရာ မလိုပါဘူး။ 'သွေး' က 'နီ' နဲ့ အနက်စပ်ဖို့ ပိုများတယ်ဆိုတာ သိနိုင်တာပေါ့။ အဲဒီလိုပဲ 'လယ်' ဆိုတဲ့ စကားလုံးဟာ ' နွား၊ မြင်း၊ ဆင် ' ဆိုတဲ့ စကားလုံးတွေထဲက ' နွား ' နဲ့ အနက်စပ်မယ်ဆိုတာ သိနိုင်တာပေါ့"

"ဟုတ်ကဲ့ပါ "

" တချို့စကားလုံးတွေကျတော့ အနက်စပ်ပုံနယ်မကျယ်ဘူး။ ဟိုနေ့ကပြောတဲ့ 'ကတ်ကတ်လန်' ကို 'ရန်တွေ့' နဲ့ပဲ စပ်ရတာမျိုး ပုံသေတွဲစပ်ရတဲ့ အနက်စပ်စကားလုံးတွဲတွေ ဖြစ်နေတယ်။ သမီးကို ဘဘ မေးကြည့်မယ်။ ' ခါးတောင်း ' ဆိုတဲ့ စကားလုံးကို ဘယ်စကားလုံးတွေနဲ့ တွဲသုံးသလဲ။ စဉ်းစားကြည့်စမ်းပါ"

"ဘဘ 'ခါးတောင်း' ကို 'ကျိုက်' နဲ့ တွဲပြီး 'ခါးတောင်းကျိုက်' လို့ သုံးတာပဲ သမီး သိပါတယ်။ တခြားဘယ်စကားလုံးနဲ့ တွဲတယ်ဆိုတာ မသိပါဘူး"

"ထင်ရှားတဲ့ သာဓကမို့ပြောတာပါ။ ဟုတ်ပါတယ်။ ' ခါးတောင်း ' ဆိုတဲ့ စကားလုံးကို ' ကျိုက် ' ဆိုတဲ့စကားလုံးနဲ့ပဲ တွဲသုံးတာ တွေ့တယ်။ တချို့ကဗျာတွေမှာ 'ခါးတောင်းသိုင်း'၊ 'ခါးတောင်းပင့်' ဆိုတာမျိုးသုံးတာ နည်းနည်းပါးပါးပဲ တွေ့ဖူးတယ်။ ဒါဆိုရင် အပြန်အလှန်အနေနဲ့ 'ကျိုက်' ကိုကော ဘယ်စကားလုံးတွေနဲ့ တွဲသုံးသလဲ"

"ကျိုက်ကိုတော့ ရေတစ်ကျိုက်၊ ရေကိုကျိုက်တယ်၊ ကျိုက်ကျိုက်ဆူတယ် ဆိုတာမျိုး တွဲသုံးတာတွေ့ပါတယ်။ ကျိုက်ထီးရိုးတို့ ကျိုက်ကဆံတို့လို ဘုရားဘွဲ့တွေမှာလည်း တွေ့ပါတယ်။ အများဆုံးသုံးတာကတော့ 'ကျိုက်' ကို 'ခါးတောင်း' နဲ့ တွဲပြီး 'ခါးတောင်းကျိုက်' လို့ သုံးတာပဲလို့ထင်ပါတယ် ဘဘ "

"ဟုတ်ပါတယ်။ 'ခါးတောင်း' ကို 'ကျိုက်' နဲ့ပဲ တွဲသုံးတာများတယ်။ 'ကျိုက်' ကိုလည်း 'ခါးတောင်း' နဲ့ပဲ တွဲသုံးတာများတယ်။ တခြားစကားလုံးတွေနဲ့ သိပ်တွဲလေ့မရှိဘူးလေ"

"ဘဘ၊ အဲဒီစကားလုံးမှာ 'ခါးတောင်း' ဆိုတာ ဘာအဓိပ္ပာယ်လဲ 'ကျိုက်' ဆိုတာ ဘာအဓိပ္ပာယ်လဲ သမီး မသိပါဘူး"

"ဟုတ်တယ်။ တစ်လုံးချင်းအဓိပ္ပာယ်က ငုပ်နေတယ်။ 'ခါးတောင်းကျိုက်' ဆိုတဲ့ စကားလုံးတွဲ တစ်ခုလုံးကိုတော့ အဘိဓာန်မှာ ဖွင့်ထားတာ သမီးတွေမှာပေါ့။ ဘယ်လိုဖွင့်ထားတယ်ဆိုတာ ဒီမြန်မာအဘိဓာန်မှာ ရှာကြည့်စမ်းပါ"

"ဟုတ်ကဲ့၊ တွေ့ပါပြီဘဘ။ ဝတ်ထားသောပုဆိုးကို ပင့်၍ အစကို ပေါင်ကြားမှ လျှိုယူကာ ခါးနောက်ပိုင်းတွင် ညှပ်သည်တဲ့"

"ဒါကစကားလုံးတွဲတစ်ခုလုံးရဲ့ ဆိုလိုတဲ့အဓိပ္ပာယ်ပေါ့။ တစ်လုံးချင်းကတော့ အဓိပ္ပာယ်ငုပ်တယ်။ ' ခါးတောင်း ' ဆိုတာ ' ပုဆိုး ' လို့ အဓိပ္ပာယ်ရတယ်။ ရခိုင်ဘက်က ဒေသိယစကားတစ်ခုမှာ ' ပုဆိုး ' ကို ' ခါးတောင်း ' လို့ ခေါ်တယ်။ ခါးမှာဝတ်ရဆီးရလို့ ရှေးက ' ခါးဆီး ' လို့လည်းခေါ်တယ်။ 'ကျိုက်' ရဲ့အဓိပ္ပာယ်က 'ပင့်သည်၊ မြှောက်သည်၊ ချီသည်' လို့ အဓိပ္ပာယ်ရတယ်။ ရှေးသုံးပဲ။ 'အချီအချ' ဆိုတဲ့ စကားကို ' အကျိုက်အချ' လို့ ရှေးကဗျာတွေမှာ တွေ့ရတယ်။ ဒီတော့ အဲဒီစကားနှစ်လုံးတွဲရဲ့ အဓိပ္ပာယ်က ဘာဖြစ်မလဲ "

"ပုဆိုးကို အပေါ်သို့ပင့်သည်လို့ အဓိပ္ပာယ်ရမှာပေါ့နော် ဘဘ"

"ဒါပဲပေါ့။ ဟုတ်ပါတယ်။ ဒါထက် ဘဘပြောခဲ့တဲ့ 'ဟက်တက်ကွဲ' တို့ 'စုံးစုံးမြုပ်' တို့လို ပုံသေတွဲတဲ့စကားလုံးတွဲမျိုး သမီး စဉ်းစားမိတာရှိသေးသလား"

"ဟုတ်ကဲ့ 'တက်တက်စင်လွဲ' တို့ 'ခိုက်ခိုက်တုန်ချမ်း' တို့ စဉ်းစားမိပါတယ်"

"ဟုတ်တယ်၊ တချို့စကားလုံးတွဲတွေက ပုံသေဖြစ်သွားတဲ့အပြင် အဓိပ္ပာယ်ကလည်း တိုက်ရိုက်အဓိပ္ပာယ်မဟုတ်တော့ဘဲ တင်စားတဲ့ အဓိပ္ပာယ်ဖြစ်သွားတယ်။ အဲဒီစကားတွဲတွေကို 'ဓလေ့သုံးစကား' လို့ခေါ်တယ်။ အင်္ဂလိပ်စကားမှာတော့ idiom လို့ ခေါ်တယ်ကွဲ့"

"ဟုတ်ကဲ့ပါ "

"ဆိုပါစို့ ။ ပရမ်းပတာလုပ်တာ၊ ပရမ်းပတာဖြစ်တာကို 'အိုးနင်းခွက်နင်း ဖြစ်နေပြီ'၊ 'အိုးနင်းခွက်နင်းပြောတယ်'၊ 'အိုးနင်းခွက်နင်းလုပ်တယ်' ဆိုပြီး သုံးတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"ဒီစကားရဲ့ အရင်းခံကတော့ မီးဖိုထဲမှာ အိုးတွေ ခွက်တွေ တက်နင်းမိပြီး ပရမ်းပတာ ဖြစ်တဲ့သဘောပါပဲ။ အဲဒီသဘောကို အခြေခံပြီး တင်စားသုံးလာတာ အခုအသုံးတွင်နေပြီလေ"

"ဟုတ်ကဲ့ပါ"

"အဲဒီ 'အိုးနင်းခွက်နင်း' ဆိုတဲ့ စကားတွဲကို ဒီအတိုင်းပဲ ပုံသေသုံးရတယ် မဟုတ်လား။ 'ခွက်နင်းအိုးနင်း' လို့ ရှေ့နောက် ပြောင်းသုံးလို့ မရဘူး"

" 'အိုးတွေ ခွက်တွေ နင်း' လို့ စကားဖြည့်သုံးလို့လည်း မရဘူး။ 'အိုးနင်း ပန်းကန်နင်း' လို့ စကားပြောင်းသုံးလို့လည်း မရဘူးလေ။ မူလက တွဲထားတဲ့အတိုင်း ပုံသေသုံးမှ အဲဒီအဓိပ္ပာယ်ရတယ်"

"ဟုတ်ကဲ့ပါ။ မှတ်ထားပါ့မယ်"

"အဲဒီလိုစကားတွေ အများကြီးပါ။ 'တက်ညီလက်ညီ' တို့၊ 'ကျီးကန်းတောင်းမှောက်' တို့၊ 'ပိုက်စိပ်တိုက်' တို့ အများကြီးပါ။ အဲဒီအတိုင်း ပုံသေသုံးရတဲ့ စကားလုံးတွဲတွေပေါ့။ အဲဒီလို အတွဲလိုက်သုံးမှလည်း အဓိပ္ပာယ်ပြည့်စုံတယ်လေ"

"ဟုတ်ကဲ့ပါ"

"စကားအဆက်အစပ်ဆိုတာ စကားလုံးတစ်လုံးရဲ့ ရှေ့နောက် အဆက်အစပ်ကနေပြီး စာတစ်ပုဒ်လုံး၊ စာတစ်အုပ်လုံးအထိ အကျုံးဝင်တယ်ဆိုတာ သမီး သဘောပေါက်လောက်ပါပြီ။ အခု အခြေအနေ အဆက်အစပ်အကြောင်း ပြောဦးမယ်"

"ပြောပြပါ ဘဘ"

"အခြေအနေဆိုတာ ဘဘပြောခဲ့တဲ့အတိုင်း ပြောသူ၊ နားထောင်သူ၊ ပြောတဲ့အကြောင်းအရာ၊ အချိန်နေရာ စတဲ့ အဆက်အစပ်တွေ အားလုံးအကျုံးဝင်တာမို့ အဲဒီအခြေအနေ အဆက်အစပ်ကိုလိုက်ပြီး အဓိပ္ပာယ်ကွဲပြားနိုင်တယ်ကွဲ့"

"ဘယ်လိုကွဲပြားတာပါလဲ ဘဘ"

"ဘဘ သာဓကပြပါ့မယ်။ 'ပိုက်တွေပေါက်နေပြီ။ အသစ်လဲရမယ်' ဆိုတဲ့ စကားက ပြောတဲ့နေရာလိုက်ပြီး အဓိပ္ပာယ်ကွဲပြားနိုင်တယ်။ အဲဒီစကားကို စက်ရုံတစ်ရုံထဲမှာပြောရင် စက်ရုံမှာ တပ်ဆင်ထားတဲ့ ပိုက်လုံးတွေပေါက်နေပြီလို့ ဆိုလိုကြောင်း သိနိုင်တာပေါ့။ ဒါပေမယ့် အဲဒီစကားကိုပဲ ငါးဖမ်းတဲ့လှေတစ်စင်းပေါ်မှာ ပြောရင်တော့ ပိုက်ဆိုတာဟာ ငါးဖမ်းတဲ့ပိုက်ကို ဆိုလိုတာလို့ နားလည်ရတာပေါ့။ စကားတစ်ခွန်းဟာ ပြောတဲ့အခြေအနေ အဆက်အစပ်ကိုလိုက်ပြီး အဓိပ္ပာယ်ကွဲနိုင်တာကို ပြောတာပါ"

**"တချို့စကားလုံးတွေကျတော့ အနက်စပ်ပုံ နယ်မကျယ်ဘူး။ ဟိုနေ့ကပြောတဲ့ 'ကတ်ကတ်လန်' ကို 'ရန်တွေ့' နဲ့ပဲ စပ်ရတာမျိုး ပုံသေတွဲစပ်ရတဲ့ အနက်စပ်စကားလုံးတွဲတွေ ဖြစ်နေတယ်။ သမီးကို ဘဘ မေးကြည့်မယ်။ 'ခါးတောင်း' ဆိုတဲ့ စကားလုံးကို ဘယ်စကားလုံးတွေနဲ့ တွဲသုံးသလဲ။ စဉ်းစားကြည့်စမ်းပါ"**

"ဟုတ်ကဲ့ပါ"

"ဘယ်လိုလဲ၊ အဆင်ပြေရဲ့လား' လို့ မေးတဲ့စကားကလည်း အဆက်အစပ်အခြေအနေကိုလိုက်ပြီး အဓိပ္ပာယ်ကွဲပြားနိုင်တာပဲ။ စာမေးပွဲဖြေပြီး အခန်းထဲက ထွက်လာတဲ့သူကို 'ဘယ်လိုလဲ၊ အဆင်ပြေရဲ့လား' လို့ မေးရင် ဘယ်လိုအဓိပ္ပာယ်သက်ရောက်သလဲ"

" 'စာမေးပွဲဖြေနိုင်ရဲ့လား' လို့ ဆိုလိုတာပါ ဘဘ"

"ဟုတ်ပါပြီ။ ကဲ ... ဆေးရုံတက်နေတဲ့ မိတ်ဆွေတစ်ယောက်ကို သတင်းသွားမေးရင်း အဲဒီမေးခွန်း မေးတယ်ဆိုရင်ကော"

"ရောဂါဝေဒနာသက်သာရဲ့လားလို့ ဆိုလိုတာပါ"

"အေးပေ့ါ။ အခြေအနေအဆက်အစပ်က ပြောတဲ့စကားရဲ့ အဓိပ္ပာယ်ကို ရှင်းအောင် တိကျအောင် လုပ်ပေးတာပေါ့"

"ဟုတ်ကဲ့ပါ ဘဘ"

"အခြေအနေအဆက်အစပ်ဆိုတာ အဲဒီစကားပြောတဲ့သူတွေရဲ့ ယဉ်ကျေးမှုနောက်ခံတစ်ခုလုံးအထိ ကျယ်ပြန့်နိုင်တယ်။ စကားအဓိပ္ပာယ်ကို ပြည့်ပြည့်ဝဝ နားလည်ဖို့အတွက် ယဉ်ကျေးမှုနောက်ခံနဲ့ ဆက်စပ်ကြည့်ရတာမျိုးရှိတယ်။ မြန်မာစကားမှာ 'သူတော်ကောင်း' ဆိုတဲ့စကားကို နားလည်ဖို့ 'အားနာတယ်' ဆိုတဲ့ စကားကို နားလည်ဖို့ မြန်မာ့ယဉ်ကျေးမှုနောက်ခံကို သိဖို့လိုတယ်လေ"

"ဟုတ်ကဲ့ပါ"

"ဒီတော့ စကားလုံးတွေ၊ ဝါကျတွေရဲ့အဓိပ္ပာယ်ဆိုတာ ရှေ့နောက်ဆက်စပ်နေတဲ့ စကားအဆက်အစပ်ရော၊ ပြောတဲ့အခြေအနေ အဆက်အစပ်ရော၊ အဲဒီအဆက်အစပ်တွေအပေါ် မူတည်ပြီး အဓိပ္ပာယ်သက်ရောက်တာ ထင်ရှားပါတယ်။ ကဲ... ဘယ်ဟာက စကားအဆက်အစပ်လဲ၊ ဘယ်ဟာက အခြေအနေအဆက်အစပ်လဲလို့ ပြတ်ပြတ်သားသားခွဲဖို့တော့ မလွယ်လှဘူးလေ။ ပြောတဲ့သူတွေကလည်း ဘယ်အဆက်အစပ်နဲ့ ဆိုင်တယ်ရယ်လို့ သတိမထားမိတတ်ကြပါဘူး။ သဘာဝအတိုင်း ပြောဆိုနေကြတာပါပဲ။ ကဲ... ဒီလောက်ဆိုရင်တော့ အဆက်အစပ်အကြောင်း သိလောက်ပါပြီ။ နားကြရအောင်"။ ။

# မြန်မာ့ပထမဆုံး 5G နည်းပညာစင်တာကို အူရီဒူးနှင့် နိုကီယာ ပူးပေါင်း၍ ရန်ကုန်နည်းပညာတက္ကသိုလ်၌ စတင်ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံတွင် ပထမဆုံးသော 5G နည်းပညာစင်တာဖြစ်သည့် နိုကီယာနည်းပညာစင်တာကို နိုကီယာနှင့် အူရီဒူးမြန်မာတို့က ပူးပေါင်း၍ ရန်ကုန်နည်းပညာတက္ကသိုလ်ဝင်းအတွင်း၌ ဒီဇင်ဘာ ၁၃ ရက်က စတင် တည်ထောင်ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

နိုကီယာနည်းပညာစင်တာသည် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သော အောင်မြင်မှုတစ်ခုဖြစ်ပြီး ဆက်သွယ်ရေးဆိုင်ရာ ဒီပလိုမာသင်တန်းတက်ရောက်သော ကျောင်းသားကျောင်းသူများအနေဖြင့် အဆိုပါစင်တာတွင် လေ့လာသင်ယူနိုင်မည်ဖြစ်ကြောင်း၊ စင်တာတွင် 4G/3G/2G နည်းပညာများအပြင် နောက်ဆုံးပေါ် 5G နည်းပညာကို ကူညီထောက်ပံ့ပေးနိုင်သည့် စလယ်ဆုံးရေဒီယိုစနစ်ချိတ်ဆက်မှု၊ မည်သည့်ဆက်သွယ်ရေးစနစ်ကိုမဆို ချိတ်ဆက်အသုံးပြုနိုင်သောစနစ်နှင့် ပင်မကွန်ရက်စနစ်တို့ကို တပ်ဆင်ပေးထားပြီး ဖင်လန်နိုင်ငံတွင်ရှိသော Oulu တက္ကသိုလ်၏ သင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားပေးသွားမည်ဖြစ်သောကြောင့် ကျောင်းသားကျောင်းသူများအနေဖြင့် အကျိုးအမြတ်များစွာရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်နည်းပညာတက္ကသိုလ်၏ ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်းက "ဆက်သွယ်ရေးဆိုင်ရာ ဒီပလိုမာသင်တန်းရဲ့သင်ရိုးညွှန်းတမ်းတွေက နိုကီယာရဲ့နည်းပညာနဲ့ ဖြေရှင်းချက်များအပေါ်မှာ အခြေခံထားတဲ့ သီအိုရီပိုင်းဆိုင်ရာနဲ့ စက်မှုနယ်ပယ်ပိုင်းဆိုင်ရာ အစိတ်အပိုင်းတွေကို စုစည်းထည့်သွင်းထားတာဖြစ်ပါတယ်။ ဒီသင်တန်းအစီအစဉ်ကို Oulu တက္ကသိုလ်က ပါမောက္ခတွေနဲ့အတူ အတူတကွဆောင်ရွက်ခဲ့ကြပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုကီယာရဲ့ နည်းပညာတွေကို သင်ရိုးမာတိကာထဲမှာ ထည့်သွင်းခွင့်ရတဲ့အတွက်ရော၊ အဆောက်အအုံအတွက် အထောက်အပံ့တွေ၊ မြန်မာနိုင်ငံရဲ့ ပထမဆုံး 5G နည်းပညာစင်တာမှာ ပစ္စည်းကိရိယာတွေ အပြည့်အစုံထားရှိပေးလို့ရော ဝမ်းသာမိပါတယ်။ နိုကီယာနဲ့ အူရီဒူးတို့ ပူးပေါင်းပြီး နည်းပညာစင်တာအပြင် အလုပ်သင်အစီအစဉ်ကိုပါ ကူညီထောက်ပံ့ပေးတဲ့အတွက် ကျွန်တော်တို့ ကျောင်းသားတွေအနေနဲ့ ပြီးပြည့်စုံတဲ့ သင်ကြားမှုသင်ယူမှု အတွေ့အကြုံတွေ ရရှိနိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဘွဲ့လွန်ကျောင်းသားကျောင်းသူများအတွက် ရည်ရွယ်၍ သင်ရိုးညွှန်းတမ်းရေးဆွဲထားကာ တက္ကသိုလ်နှစ်ခုက ယခုနှစ် မတ်လအတွင်းက စတင်ဆောင်ရွက်ခဲ့သည့် အဆိုပါ ဆက်သွယ်ရေးဆိုင်ရာ ဒီပလိုမာသင်တန်းအသစ်တွင် သင်ရိုးညွှန်းတမ်းများကို ပိုမိုထိရောက်စွာ သင်ကြားနိုင်ရန်နှင့် ကျောင်းသားကျောင်းသူများအနေနှင့် ၎င်းတို့သင်ကြားရသည့် သီအိုရီပိုင်းကို လက်တွေ့စမ်းသပ်လုပ်ဆောင်နိုင်မည့် သင်ထောက်ကူပစ္စည်းကိရိယာ အစုံအလင်ပါဝင်သော လက်တွေ့စမ်းသပ်ခန်း တည်ဆောက်ရန် လိုအပ်ချက်ရှိနေခဲ့၍ နိုကီယာနှင့် အူရီဒူးမြန်မာတို့က ဤသင်တန်းအစီအစဉ်ကို အထောက်အကူဖြစ်စေရန်အတွက် နိုကီယာနည်းပညာစင်တာကို ပူးပေါင်းတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

နိုကီယာမြန်မာမှ တာဝန်ရှိသူတစ်ဦးက "ရန်ကုန်နည်းပညာတက္ကသိုလ်နဲ့ Oulu တက္ကသိုလ်ရဲ့ဒီပလိုမာ အစီအစဉ်တွေဟာဆိုရင် မြန်မာနိုင်ငံကလူငယ်တွေအတွက် အကောင်းဆုံးအရင်းအမြစ်တွေဖြစ်ပါတယ်၊ နိုကီယာနည်းပညာစင်တာမှာ ကျောင်းသား ကျောင်းသူတွေအတွက် Bell Labs က တီထွင်ထားတဲ့ ဆန်းသစ်တဲ့ ဖန်တီးမှုတွေဖြစ်တဲ့ နောက်ဆုံးပေါ် အဆင်မြင့် 5G နည်းပညာကို လေ့လာနိုင်ဖို့ ပြသထားပါတယ်။ ဒီပဏ္ဍာမခြေလှမ်းတွေကနေတစ်ဆင့် အရှိန်အဟုန်မြင့်တက်လာပြီးတော့ လုပ်ငန်းပိုင်းဆိုင်ရာမှာဆိုရင် ကြီးမားတဲ့စံညွှန်းအဖြစ် ရှိလာမှာဖြစ်ပါတယ်။ 5G နည်းပညာရဲ့ဦးဆောင်သူတစ်ဦးအနေနဲ့ ကျွန်တော်တို့ဟာ ရန်ကုန်နည်းပညာတက္ကသိုလ်အတွက် ခေတ်မီအဆင့်မြင့်နည်းပညာတွေအသုံးပြုပြီး ကျောင်းသားကျောင်းသူတွေရဲ့ နည်းပညာပိုင်းထိတွေ့မှုတွေ ပိုမိုတိုးတက်လာအောင် ပြုလုပ်ပေးသွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

အူရီဒူးမြန်မာ၏ အမှုဆောင်အရာရှိချုပ် Vikram Sinha ကလည်း "ပညာရေးနဲ့ လူငယ်များရဲ့ လုပ်ဆောင်နိုင်စွမ်းတွေ မြင့်တက်လာဖို့ အားပေးမှုပိုင်းဟာ အူရီဒူးအတွက် အဓိကဦးစားပေးဖြစ်ပါတယ်။ အခုလိုလုပ်ဆောင်ချက်မှာ ဦးဆောင်နေတဲ့ မိတ်ဖက်ဖြစ်တဲ့ နိုကီယာနဲ့အတူ နိုကီယာနည်းပညာစင်တာနဲ့ ကျောင်းသူကျောင်းသားများအတွက် အကျိုးရှိစေမယ့် အလုပ်သင်အစီအစဉ်တွေ ထောက်ပံ့နိုင်ခဲ့လို့ ကျွန်တော်တို့အနေနဲ့ ကျေနပ်ဝမ်းသာရပါတယ်ဟု ပြောသည်။

အဆိုပါ နိုကီယာနည်းပညာစင်တာတွင် 2G, 3G, 4G နှင့် 5G နည်းပညာများကို ထောက်ပံ့နိုင်သည့် နိုကီယာ၏ multiradio AirScale နည်းပညာ၊ IP နှင့် မိုက်ကရိုဝေ့စနစ်သုံး စက်ပစ္စည်းများ၊ Cloud နည်းပညာအပေါ် အခြေခံထားသော အဓိကကွန်ရက်ချိတ်ဆက်မှုတို့ ပါဝင်သည့် မည့်သည့်ဆက်သွယ်ရေးစနစ်ကိုမဆို ချိတ်ဆက်အသုံးပြုနိုင်သောစနစ်နှင့် စွမ်းအင်ချိတ်ဆက်မှု၊ စက်ပစ္စည်းကိရိယာများနှင့် အခြေခံအဆောက်အအုံများ အစရှိသော နောက်ဆုံးပေါ် ခေတ်မီစက်ပစ္စည်းများ တပ်ဆင်ထားပြီး ကျောင်းသူ ကျောင်းသားများအနေဖြင့် လုပ်ငန်းခွင်ထဲဝင်ရောက်လုပ်ကိုင်နိုင်သည်အထိ ဘက်ပေါင်းစုံ လုပ်ငန်းခွင်အတွေ့အကြုံများ ရရှိစေရန် အလုပ်သင်အစီအစဉ်တစ်ခုကိုလည်း နိုကီယာနှင့် အူရီဒူးတို့ ပူးပေါင်း၍ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## New Product

# ဂိမ်းနှင့် အင်တာနက် အသုံးများသူတွေအတွက် ဟွာဝေး Y Max စမတ်ဖုန်းသစ်

ဟွာဝေး Y Max စမတ်ဖုန်းအသစ်ဟာ အရွယ်အစားကြီးမားတဲ့ Screen နဲ့အတူ စွမ်းရည်မြင့်ဘက်ထရီပါဝင်တာကြောင့် အဓိကအားဖြင့် အင်တာနက်နဲ့ ဂိမ်းကို အဓိကထားတဲ့ အသုံးပြုသူတွေအတွက် အဆင်ပြေစေမယ့်ဖုန်းလို့ ဆိုနိုင်ပါတယ်။ နိုင်ငံတကာမှာ ဒီဇင်ဘာလအတွင်းမှာပဲ စတင်မိတ်ဆက်ထားခဲ့ပြီး ပြည်တွင်းဈေးကွက်ကိုတော့ ဒီဇင်ဘာလလယ်ပိုင်းကမှ ဝင်ရောက်ခဲ့တဲ့ စမတ်ဖုန်းသစ်ဖြစ်ပါတယ်။




ဖုန်းရဲ့မျက်နှာပြင်အကျယ်ဟာ ၇ ဒသမ ၂ လက်မရှိတာကြောင့် အရွယ်အစားကြီးမားပြီး Resolution က 2244x1080 pixels ရှိတာကြောင့် Screen ကြီးကြီးမှာ ဂိမ်းကို ရုပ်ထွက်အရည်အသွေးကောင်းကောင်းနဲ့ ကစားလိုသူတွေ၊ အွန်လိုင်းပေါ်က ဗီဒီယိုတွေ ကြည့်လိုသူတွေအတွက် အဆင်ပြေစေမှာဖြစ်ပါတယ်။ မျက်နှာပြင်ရဲ့ အထက်ပိုင်းမှာ ကင်မရာနေရာနဲ့ အောက်ဘက်ပေါင်နေရာအနည်းငယ်ကလွဲရင် မျက်နှာပြင်ဟာ Full Screen နီးပါးဖြစ်ပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ 8.1(Oreo)ကို ဟွာဝေးရဲ့ EMUI 8.2 နဲ့တွဲပြီး သုံးထားပါတယ်။ Octa-core CPU နဲ့အတူ RAM 4GB ပါဝင်လို့ ဂိမ်းအများစုကို ပေါ့ပေါ့ပါးပါး ကစားနိုင်မှာဖြစ်ပြီး အင်တာနယ်မင်မိုရီကတော့ 64 GB နဲ့ 128 GB လို့ နိုင်ငံတကာဈေးကွက်မှာ နှစ်မျိုးထွက်ထားပါတယ်။ လက်ရှိ ပြည်တွင်းဈေးကွက်မှာ အကြိုမှာယူမှုတွေ လက်ခံနေရာမှာတော့ 128 GB တစ်မျိုးတည်းကိုသာ ကြော်ငြာနေကြတာ တွေ့ရပါတယ်။ မင်မိုရီကတ် ထပ်စိုက်သုံးမယ်ဆိုရင်လည်း 256GB အထိကို ထပ်စိုက်သုံးနိုင်မှာဖြစ်ပြီး မင်မိုရီကတ်စိုက်ဖို့ သီးသန့်အပေါက်လည်း ပါဝင်ပါတယ်။ ဆင်းကတ်ကတော့ GSM ဆင်းကတ် နှစ်ကတ်သုံးနိုင်မှာဖြစ်ပြီး အင်တာနက်အတွက်လည်း 4G(LTE)ကို ထောက်ပံ့ပေးထားပါတယ်။

ထူးခြားချက်တွေအနေနဲ့ ဟွာဝေး Y Max စမတ်ဖုန်းဟာ ဘက်ထရီပိုင်းကို ပမာဏများများ ပြုလုပ်ထားပါတယ်။ 5000mAh အထိရှိတဲ့ Li-Po ဘက်ထရီကို ထည့်သွင်းပေးထားလို့ တစ်နေကုန် ဂိမ်းဆော့နေ၊ အင်တာနက်သုံးနေတာတောင်မှ ဘက်ထရီလုံလောက်စေမှာဖြစ်ပါတယ်။ ရုပ်ထွက်ပိုင်းမှာလည်း 2.5D Curved Screen ကြောင့် ရုပ်ထွက်အရည်အသွေးကို ပိုကောင်းစေမှာဖြစ်သလို အသံထွက်ပိုင်းမှာလည်း Dolby Atmos စတီရီယိုစပီကာကြောင့် သာမန်ဖုန်းတွေထက် ပိုကောင်းတဲ့ အသံထွက်ကို ရရှိနိုင်မှာဖြစ်ပါတယ်။

ကင်မရာအနေနဲ့တော့ ဟွာဝေး Y Max ရဲ့ နောက်ဘက်ကင်မရာက ၁၆ မဂ္ဂါပစ်ဇယ် နဲ့ ၂ မဂ္ဂါပစ်ဇယ်ရှိတဲ့ Dual ကင်မရာဖြစ်ပါတယ်။ ဆယ်လ်ဖီကင်မရာကတော့ ၈ မဂ္ဂါပစ်ဇယ်ရှိပါတယ်။ အခြားဟွာဝေးရဲ့နောက်ပိုင်းထွက်ဖုန်းတွေလို ကင်မရာပိုင်းအားသာချက်တွေ သိပ်မတွေ့ရဘဲ ကင်မရာပိုင်းမှာ သာမန်လောက်ပဲ ပြုလုပ်ထားတာ တွေ့ရပါတယ်။ Finger print စနစ်ကတော့ ဖုန်းကိုယ်ထည်ရဲ့နောက်ဘက်မှာ ပါဝင်ပါတယ်။ လက်ရှိ ပြည်တွင်းဈေးကွက်ကို စတင်ဝင်ရောက်ချိန်မှာ ရောင်းဈေးကတော့ ကျပ် ၃၇၀၀၀၀ ခန့် ရှိနေပါတယ်။

**သူရဖြိုး**

# မြို့နယ်အားလုံး၏ ၉၀ ရာခိုင်နှုန်းကျော်ကို တယ်လီနော 4G/LTE ကွန်ရက်လွှမ်းခြုံနိုင်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

တယ်လီနောမြန်မာ၏ 4G/LTE ကွန်ရက်သည် လက်ရှိအချိန်တွင် မြို့နယ်ပေါင်း ၃၀၀ ကျော်အထိ လွှမ်းခြုံနိုင်ပြီဖြစ်၍ တစ်နိုင်ငံလုံးရှိ မြို့နယ်အားလုံး၏ ၉၀ ရာခိုင်နှုန်းကို လွှမ်းခြုံထားနိုင်ပြီဖြစ်ကြောင်းနှင့် ယခင်က ဆက်သွယ်ရေးခက်ခဲခဲ့သော ဘော်လခဲ၊ ဟိုပန်၊ ရှားတော၊ လောက်ကိုင်၊ စေတုတ္တရာ၊ မင်းကင်းနှင့် ခန္တီးစသည့် မြို့နယ်အသီး သီးတွင် တယ်လီနောမြန်မာ၏ 4G/LTE ကွန်ရက်ကို မကြာသေးမီက တိုးချဲ့နိုင်ခဲ့ကြောင်း သိရသည်။

တယ်လီနောအနေဖြင့် ယခုနှစ်ကုန်တွင် မြို့နယ်ပေါင်း ၃၀၀ ခန့်အထိကို 4G/LTE ကွန်ရက် လွှမ်းခြုံနိုင်ရန် လုပ်ဆောင်သွားမည်ဟု စက်တင်ဘာလက ကြေညာခဲ့ပြီး မျှော်မှန်းထားသည့် အချိန်ကာလထက် နှစ်ပတ်ခန့်စော၍ လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် တယ်လီနော၏ 4G/LTE တာဝါတိုင် အရေအတွက်မှာ ၅၀၀၀ ကျော်အထိ ရှိလာခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် တာဝါတိုင် အရေအတွက်ကို ၆၀၀၀ ခန့်အထိ တိုးချဲ့ဆောက်လုပ်သွားရန် တယ်လီနောက မျှော်မှန်းထားကြောင်း သိရသည်။

"တယ်လီနောအနေနဲ့ အခုလို မြန်မာနိုင်ငံက မြို့နယ်ပေါင်း ၃၀၀ ကျော်ကို 4G/LTE ကွန်ရက် လွှမ်းခြုံနိုင်ခဲ့တာဟာ ကုမ္ပဏီအတွက် အရေးပါတဲ့ သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပါတယ်။ အခုလို စွမ်းဆောင်နိုင်ခဲ့တာကြောင့် တယ်လီနောသုံးစွဲသူတွေအတွက် အများကြီးအကျိုးရှိလာမှာဖြစ်ပြီး တယ်လီနောကလည်း ပိုမိုမြန်ဆန်ကောင်းမွန်တဲ့ ဒေတာဝန်ဆောင်မှုတွေကို ပေးအပ်သွားနိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Sharad Mehrotra က ပြောကြားသည်။

တယ်လီနောအနေဖြင့် မြို့နယ်တစ်ခုတွင် 4G/LTE ကွန်ရက် လွှမ်းခြုံနိုင်ရန် လုပ်ဆောင်သည့်အခါ နေရာအနည်းသာမဟုတ်ဘဲ မြို့နယ်တစ်ခုလုံးကို ကွန်ရက်လွှမ်းခြုံနိုင်အောင် အထူးဂရုပြုဆောင်ရွက်ပြီး ၎င်း၏ ကွန်ရက်ဆိုင်ရာကိုယ်စားလှယ် 4G Leo သည် နိုင်ငံတစ်ဝန်း လှည့်လည်သွားလာ၍ ကွန်ရက်အရည်အသွေးကို အမြဲစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သူရဖြိုး**

# Realme စမတ်ဖုန်းသစ်ကို မတူညီသော ပုံစံသစ်ဖြင့် OPPO က မိုဘိုင်းလ်လောကသို့ ပို့ဆောင်ပေးလိုက်ပြီ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ကမ္ဘာ့စမတ်ဖုန်းလောကအတွက် အမှတ်တံဆိပ်တစ်ခုအဖြစ်ရပ်တည်ပြီး မတူထူးခြားသည့် ထုတ်ကုန်အရည်အသွေးများကို မျိုးဆက်သစ်လူငယ်ထုအတွက် အလေးထားမိတ်ဆက်ပေးရန် ရည်ရွယ်ချက်ဖြင့် Realme စမတ်ဖုန်းအမှတ်တံဆပ်သစ်ကို မိုဘိုင်းလ်လောကသို့ OPPO က မိတ်ဆက်ပေးလိုက်ပြီဖြစ်သည်။

OPPO ၏ ဒုတိယဥက္ကဋ္ဌ Sky Li u OPPO မှ တရားဝင်ထွက်ခွာကာ ပိုမိုဆန်းသစ်သော စိတ်ကူးစိတ်သန်းများဖြင့် ၎င်း၏ တစ်ကမ္ဘာလုံးတွင် တွေ့ကြုံဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများကို အခြေခံကာ Realme စမတ်ဖုန်းအမှတ်တံဆိပ်သစ်ကို မေ ၄ ရက် ၂၀၁၈ (National Youth Day of China) နေ့တွင် တရားဝင်မိတ်ဆက်ပေးခဲ့ပြီဖြစ်သည်။ Realme ၏ CEO အသစ်ဖြစ်သူ Sky Li နှင့်အတူ နိုင်ငံတကာမိုဘိုင်းလ်လောကတွင် အတွေ့အကြုံကောင်းများစွာရှိထားကြသည့် လူငယ်တစ်စုတို့က ပိုမိုကျယ်ပြန့်သည့် အွန်လိုင်းစီးပွားရေးနယ်ပယ်တွင် ခေတ်မီဆန်းသစ်သည့်ဒီဇိုင်းနှင့် ပိုမိုမြင့်မားသည့်စွမ်းဆောင်ရည်တို့ ပေါင်းစပ်ပေးထားသော Realme ထုတ်ကုန်များကို လူငယ်မျိုးဆက်များအတွက် ဦးတည်ကာ ဖန်တီးထုတ်လုပ်ပေးသွားမည်ဖြစ်သည်။

ပထမဆုံးစမတ်ဖုန်းသစ်ဖြစ်သည့် Realme 1 ကို မေလ ၂၀၁၈ က အိန္ဒိယနိုင်ငံတွင် စတင်မိတ်ဆက်ပေးခဲ့ပြီး ကောင်းမွန်သည့် ရလဒ်များနှင့်အတူ မိုဘိုင်းလ်စာမျက်နှာသစ်ကိုပါ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ တစ်ကမ္ဘာလုံးရှိ မိုဘိုင်းလ်ဖုန်းသုံးစွဲသူများ၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးနိုင်စေရန်နှင့် ကမ္ဘာ့စမတ်ဖုန်း ဇာတ်ခုံကိုပါ လှုပ်ခတ်သွားစေရန် အကောင်းဆုံးထုတ်ကုန်များဖြင့် ပြင်ဆင်ပေါ်ထွက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Realme အနေဖြင့် တစ်မူကွဲပြားသည့် စီးပွားရေးလုပ်ငန်းပုံစံဖြင့် မိုဘိုင်းလ်ဈေးကွက်၏လိုအပ်ချက်များကို အလေးထားလုပ်ဆောင်သွားမည်ဖြစ်ပြီး Realme အမှတ်တံဆိပ်၏အနှစ်သာရများဖြစ်ကြသည့် ငယ်ရွယ်နုပျိုခြင်း၊ ခေတ်ဆန်ဖက်ရှင်ကျခြင်း၊ ရိုးသားပွင့်လင်းခြင်း၊ ခမ်းနားထည်ဝါလှပခြင်း ဝိသေသများဖြင့် ၂၀၁၈ မှစတင်ကာ မိုဘိုင်းလ်လောကအတွက် သမိုင်းတစ်ခေတ်ကို စတင်ဖွင့်လှစ်လျှောက်လှမ်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

**မိုးမခ**



# မော်ရင်ညို ဘယ်သွားမလဲ

● အောင်က



မော်ရင်ညိုဟာ မန်ယူအသင်းကို နှစ်နှစ်ခွဲကြာကိုင်တွယ်ခဲ့ပြီးတဲ့နောက်မှာ အခုတော့ အဆုံးသတ်သွားခဲ့ပါပြီ။ မန်ယူအသင်းဟာ အဆင့် ၆ နေရာမှာ ရပ်တည်နေပြီး ထိပ်ဆုံးအဆင့် ၄ နေရာမှာ ရပ်တည်နေတဲ့ ချယ်လ်ဆီးအသင်းနဲ့ ၁၁ မှတ်ကွာခြားသွားခဲ့ပြီ။ အသင်းရဲ့အဆိုးရွားဆုံးဟာ ပြိုင်ဘက်တစ်သင်းဖြစ်တဲ့လီဗာပူးကို ရှုံးနိမ့်ခဲ့ပြီးတဲ့နောက် လီဗာပူးအသင်းနဲ့ရမှတ်ကွာခြားမှုကလည်း ၁၉ မှတ်အထိ ရှိသွားခဲ့တယ်။ ဒါတွေကြောင့်လည်း အသင်းဟာ မော်ရင်ညိုနဲ့ပတ်သက်၍ သည်းခံခြင်းတွေကုန်ဆုံးပြီး ဇန်နဝါရီမတိုင်ခင်ထုတ်ပယ်လိုက်တာ ဖြစ်ပါတယ်။

မော်ရင်ညိုဟာ မန်ယူအသင်းကို ကိုင်တွယ်ခဲ့တဲ့ နှစ်နှစ်ခွဲကာလအတွင်း ကွန်မြူနတီဒိုင်း၊ လိဂ်ဖလားနဲ့ ယူရိုပါလိဂ်ဆုဖလားတို့ကို ရယူနိုင်ခဲ့တယ်။ ဒါပေမယ့် သူ့ရဲ့ ကစားကွက်နဲ့ပတ်သက်ပြီး ဝေဖန်မှုတွေခံခဲ့ရသလို သူနဲ့အသင်းရဲ့ တာဝန်ရှိသူတွေနဲ့ ဆက်ဆံရေး၊ ကစားသမားတွေနဲ့ပတ်သက်တဲ့ဆက်ဆံရေးကလည်း လူပြောသူပြောများစရာရှိနေခဲ့တယ်။ ဒါပေမယ့် အခုတော့ အဲဒါတွေအားလုံး တစ်ခန်းရပ်သွားခဲ့ပြီ။

## ပေါ်တူဂီအသင်း

မော်ရင်ညိုမကြာခဏဆိုသလို ပြောလေ့ရှိတာက တစ်နေ့မှာပေါ်တူဂီလက်ရွေးစင်အသင်းကို ကိုင်တွယ်မယ်ဆိုတာပါပဲ။ အဲဒါဟာ သူ့အတွက် နောက်ဆုံး ဦးတည်ရာလည်း ဖြစ်နိုင်ပါတယ်။ ကလပ်အသင်းမန်နေဂျာဘဝဟာ နေ့စဉ်နဲ့အမျှအမြဲဝေဖန်မှုတွေ၊ တိုက်ခိုက်မှုတွေ ခံနေရတာကြောင့် အဲဒီလိုအရာတွေနဲ့ အခိုက်အတန့်ဝေးဖို့ဆိုရင်တော့ နိုင်ငံအသင်းက အကောင်းဆုံးလို့ ပြောရမှာပါ။

နိုင်ငံအသင်းတွေကိုကိုင်တွယ်ရတာဟာ ကလပ်အသင်းတွေကိုကိုင်တွယ်ရတာလောက် ဖိအားမများပါဘူး။ လက်ရှိပေါ်တူဂီအသင်းကလည်း ရော်နယ်ဒိုရဲ့ဦးဆောင်မှုနဲ့အတူ အကောင်းဆုံးလူငယ်အသင်းအဖြစ်လည်း ရှိနေပါတယ်။ ယူရိုပြိုင်ပွဲအတွက်ကလည်း နှစ်နှစ်လောက်လိုသေးတာကြောင့် မော်ရင်ညိုအနေနဲ့ပြင်ဆင်မှုတွေ ကောင်းကောင်းလုပ်ဖို့အတွက် အချိန်ရပါတယ်။ ဒါကြောင့်လည်း မော်ရင်ညိုရဲ့ဦးတည်ရာဟာ နိုင်ငံလက်ရွေးစင်အသင်းကိုလည်း ဖြစ်နိုင်ပါတယ်။

## အင်တာမီလန်

မော်ရင်ညိုအနေနဲ့ ပြောင်းရွှေ့ဖို့အတွက် အဖြစ်နိုင်ဆုံးအသင်းတစ်သင်းက အင်တာမီလန်အသင်းဖြစ်ပါတယ်။ သူဟာအင်တာမီလန်အသင်းကို နှစ်နှစ် ကြာကိုင်တွယ်ခဲ့ဖူးသူဖြစ်ပါတယ်။ မော်ရင်ညိုဟာ အင်တာမီလန်အသင်းကို ကိုင်တွယ်ခဲ့တဲ့ နှစ်ရာသီအတွင်းမှာ စီးရီးအေဆုဖလား နှစ်ကြိမ်အပြင် ကိုပါအီတလီယာနဲ့ ချန်ပီယံလိဂ်ဆုဖလားတွေကို ပါရယူနိုင်ခဲ့တဲ့သူ ဖြစ်ပါတယ်။

မော်ရင်ညိုရဲ့အင်တာမီလန်အသင်းနဲ့ အောင်မြင်မှုတွေကို ပရိသတ်တွေက အခုအချိန်အထိမမေ့နိုင်ကြသေးပါဘူး။ မော်ရင်ညိုထွက်ခွာခဲ့ပြီးနောက်ပိုင်း အင်တာအသင်းရဲ့အခြေအနေဟာ တဖြည်းဖြည်းကျဆင်းလာခဲ့တာကလည်း အမှန်တရားလို့ဆိုရမှာပါ။ မကြာသေးခင်က ထွက်ပေါ်ခဲ့တဲ့ သတင်းတွေထဲမှာတော့ အင်တာမီလန်အသင်းဟာ မန်ယူအသင်းကနေ မော်ရင်ညိုထုတ်ပယ်မခံရခင်ကတည်းက ခေါ်ယူကမ်းလှမ်းမှုတွေပြုလုပ်ထားခဲ့တာဖြစ်ပါတယ်။

## တရုတ်စူပါလိဂ်

မော်ရင်ညိုရဲ့မြင့်မားတဲ့လုပ်ခတွေကို တတ်နိုင်တဲ့လိဂ်တွေထဲမှာ တရုတ်စူပါလိဂ်ကိုချန်ထားလို့မရပါဘူး။ လက်ရှိအချိန်မှာလည်း ကမ္ဘာ့အကောင်းဆုံး မန်နေဂျာတွေဖြစ်တဲ့ ဘိုအာ့စ်၊ စကိုလာရီ၊ ပယ်လီဂရီနီ၊ ကာပယ်လိုစတဲ့သူတွေရှိနေတဲ့နေရာ ဖြစ်ပါတယ်။

မော်ရင်ညိုအနေနဲ့ ငွေနောက် လိုက်ချင်တယ်ဆိုရင်တော့ သူ့ကိုခေါ်ယူချင်တဲ့ တရုတ်စူပါလိဂ်အသင်းတွေက အများအပြားရှိတယ်လို့ဆိုရမှာပါ။ ဥရောပထိပ်တန်းလိဂ်မဟုတ်ပေမယ့် မော်ရင်ညိုလိုမန်နေဂျာတစ်ဦးအတွက် သွားမယ်ဆိုရင်လည်း သွားသင့်တဲ့နေရာတစ်ခုလို့တော့ ဆိုနိုင်ပါတယ်။ လက်ရှိ တရုတ်စူပါလိဂ်မှာကစားနေတဲ့ ကစားသမားတွေကလည်း ဥရောပတစ်လွှားက ထိပ်တန်းကစားသမားတွေအပြင် တောင်အမေရိက ထိပ်တန်းကစားသမားတွေကလည်း အများအပြား ပါဝင်နေပါတယ်။

## ရီးရဲမက်ဒရစ်

မော်ရင်ညိုဟာ ရောက်တဲ့အသင်းတိုင်းမှာတော့ ပြဿနာအနည်းငယ်ရှိတယ်လို့ပြောရမှာပါ။ ရီးရဲမက်ဒရစ်အသင်းမှာဆိုရင်လည်း သူဟာ ထိပ်တန်းကစားသမားတော်တော်များများကို နေရာဖယ်ထုတ်မှုတွေရှိခဲ့ပါသေးတယ်။ ဒါပေမယ့် မော်ရင်ညိုဟာ လာလီဂါမှာ ဘာစီလိုနာအမြင့်ဆုံးရောက်နေခဲ့တဲ့အချိန်လို့ပြောလို့ရတဲ့ ၂၀၁၁-၁၂ ရာသီမှာ လာလီဂါဆုဖလားကိုရအောင်ယူနိုင်ခဲ့သူ ဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်အသင်းကလည်း လက်ရှိအချိန်မှာ ယာယီနည်းပြဆိုလာရီနဲ့ ဆက်သွားနေပေမယ့် ရလဒ်တွေက ကောင်းတစ်လှည့်မကောင်းတစ်လှည့်လို့ ဆိုရမှာပါ။ ဒါကြောင့် ရီးရဲမက်ဒရစ်အသင်းအနေနဲ့ အသင်းကို အောင်မြင်မှုတွေရပေးခဲ့တဲ့ မော်ရင်ညိုကို ပြန်ခေါ်ဖို့ကလည်း စိတ်ထဲမှာရှိတဲ့အရာတစ်ခုလို့ ပြောရမှာပါ။ ။

**မော်ရင်ညိုရဲ့ အင်တာမီလန်အသင်းနဲ့ အောင်မြင်မှုတွေကို ပရိသတ်တွေက အခုအချိန်အထိ မမေ့နိုင်ကြသေးပါဘူး။ မော်ရင်ညိုထွက်ခွာခဲ့ပြီးနောက်ပိုင်း အင်တာအသင်းရဲ့အခြေအနေဟာ တဖြည်းဖြည်းကျဆင်းလာခဲ့တာကလည်း အမှန်တရားလို့ဆိုရမှာပါ။ မကြာသေးခင်က ထွက်ပေါ်ခဲ့တဲ့ သတင်းတွေထဲမှာတော့ အင်တာမီလန်အသင်းဟာ မန်ယူအသင်းကနေ မော်ရင်ညိုထုတ်ပယ်မခံရခင်ကတည်းက ခေါ်ယူကမ်းလှမ်းမှုတွေပြုလုပ်ထားခဲ့တာ ဖြစ်ပါတယ်။**

# မန်ယူအသင်းအပေါ်တွင် မော်ရင်ညို တာဝန်အရှိဆုံးဖြစ်သောကြောင့် အဆိုပါအကျိုးအပြစ်ကို မော်ရင်ညိုလက်ခံရမည်ဟု ဂျာဂျင်ကလော့ဆို

လီဗာပူးအသင်း မန်နေဂျာ ဂျာဂျင်ကလော့က မန်ယူအသင်းအပေါ်တွင် မော်ရင်ညိုမှာ တာဝန်အရှိဆုံးဖြစ်သောကြောင့် အဆိုးအကျိုးအပြစ်များကို မော်ရင်ညိုလက်ခံရမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

မော်ရင်ညိုသည် မန်ယူအသင်းနှင့်အတူ ပြီးခဲ့သည့် နှစ်ရာသီက ကွန်မြူနတီဒိုင်း၊ လိဂ်ဖလားနှင့် ယူရိုပါလိဂ်ဆုဖလားတို့ကို ရယူနိုင်ခဲ့သော်လည်း ယခုနှစ်ရာသီတွင် ရလဒ်များ ဆိုးရွားနေခဲ့သောကြောင့် အင်္ဂါနေ့က ထုတ်ပယ်ခံခဲ့ရခြင်း ဖြစ်သည်။

မော်ရင်ညို၏ထုတ်ပယ်ခံရခြင်းသတင်းနှင့်ပတ်သက်ပြီး ဂျာဂျင်ကလော့က “မော်ရင်ညိုဟာ မန်ယူအသင်းကို အအောင်မြင်ဆုံးအသင်းအဖြစ် တည်ဆောက်ဖို့ ကြိုးစားခဲ့တာပါ။ ဒါပေမယ့် အများလက်ခံနိုင်တဲ့ အောင်မြင်မှုမျိုးမရခဲ့ပါဘူး။ ဒီအသင်းရဲ့ကောင်းကျိုး၊ ဆိုးကျိုးတွေဟာ သူ့အပေါ်မှာသာတာဝန်ရှိတာကြောင့် ဒီအကျိုးရလဒ်တွေကို သူလက်ခံရမှာပါ။ ကျွန်တော်အမြဲတမ်းပြောခဲ့သလိုပါပဲ။ အသင်းတစ်သင်းအနေနဲ့ ခင်ဗျားထက်နောက်တစ်ယောက်က ပိုကောင်းအောင် လုပ်နိုင်မယ်လို့ ထင်ရင်တော့ ပြောင်းလဲမှုတွေလုပ်သွားမှာပါ။ အခုထုတ်ပယ်ခံရတာကလည်း အဲဒါကြောင့်လို့ဆိုရမှာပါ”ဟု ပြောဆိုခဲ့သည်။

**မော်ရင်ညိုဟာ မန်ယူအသင်းကို အအောင်မြင်ဆုံးအသင်းအဖြစ် တည်ဆောက်ဖို့ ကြိုးစားခဲ့တာပါ။ ဒါပေမယ့် အများလက်ခံနိုင်တဲ့ အောင်မြင်မှုမျိုး မရခဲ့ပါဘူး။ ဒီအသင်းရဲ့ကောင်းကျိုး၊ ဆိုးကျိုးတွေဟာ သူ့အပေါ်မှာသာ တာဝန်ရှိတာကြောင့် ဒီအကျိုးရလဒ်တွေကို သူလက်ခံရမှာပါ။**

လက်ရှိအချိန်တွင် မန်ယူအသင်းသည် အမှတ်ပေးဇယား၏ အဆင့် ၄ နေရာတွင် ရှိနေသည့် ချယ်လ်ဆီးအသင်းနှင့် ၁၁ မှတ် အကွာတွင် ရှိနေသည်။ **ထက်အောင်**



# မှတ်တမ်းကောင်းအား ဆက်လက်ထိန်းနိုင်ရန်အတွက် ရော်နယ်ဒို သွင်းဂိုးလေးဂိုး လိုအပ်နေ

ဂျူဗင်တပ်စ်အသင်းမှ ပေါ်တူဂီ တိုက်စစ်ကစားသမား ခရစ္စတီယာနို ရော်နယ်ဒိုသည် ခုနစ်နှစ်ဆက်တိုက် ရရှိခဲ့သည့် မှတ်တမ်းကောင်းတစ်ခုကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် သွင်းဂိုး လေးဂိုး လိုအပ်နေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အသက် ၃၃ နှစ်အရွယ်ရှိ တိုက်စစ်ကစားသမား ရော်နယ်ဒိုသည် ၂၀၁၁ ခုနှစ်မှ စတင်၍ ပြက္ခဒိန်နှစ် တစ်နှစ်အတွင်း ကလပ်အသင်း၊ နိုင်ငံအသင်းများနှင့်အတူ သွင်းဂိုး ၅၀ နှင့် အထက် သွင်းယူနိုင်ခဲ့သည့် မှတ်တမ်းကောင်း ပိုင်ဆိုင်ထားသူဖြစ်သည်။ သို့သော်လည်း ရော်နယ်ဒိုသည် ၂၀၁၈ ခုနှစ်အတွင်းတွင် ရီးရဲမက်ဒရစ်၊ ဂျူဗင်တပ်စ်၊ ပေါ်တူဂီအသင်းတို့အတွက် စုစုပေါင်း ၄၆ ဂိုးသာ သွင်းယူထားနိုင်သေးသည့်အတွက် ၎င်း၏မှတ်တမ်းကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ၂၀၁၈ ခုနှစ်၏ လက်ကျန်ရက်များအတွင်း ကစားရမည့်ပွဲများတွင် သွင်းဂိုး လေးဂိုး ရရှိရန် လိုအပ်နေခြင်း ဖြစ်သည်။

ပေါ်တူဂီလက်ရွေးစင်အသင်းသည် ၂၀၁၈ ခုနှစ်ကုန်အထိ ပွဲများယှဉ်ပြိုင်ကစားရန် မရှိဘဲ ရော်နယ်ဒိုအနေဖြင့် ၂၀၁၈ ခုနှစ်၏ လက်ကျန်ရက်များအတွင်း ဂျူဗင်တပ်စ်အသင်းနှင့်သာ ပွဲများ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ဂျူဗင်တပ်စ်အသင်းသည် ဒီဇင်ဘာ ၂၃ ရက်တွင် ရိုးမား၊ ဒီဇင်ဘာ ၂၆ ရက်တွင် အတ္တလန္တာ၊ ဒီဇင်ဘာ ၂၉ ရက်တွင် ဆမ်ဒိုးရီးယားအသင်းတို့နှင့် စီးရီးအေပွဲစဉ်များ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

တိုက်စစ်ကစားသမား ရော်နယ်ဒိုသည် ၂၀၁၈ ခုနှစ်အတွင်းတွင် ပေါ်တူဂီလက်ရွေးစင်အသင်းအတွက် ခြောက်ဂိုး၊ လက်ရှိကလပ်ဖြစ်သည့် ဂျူဗင်တပ်စ်အသင်းအတွက် ၁၂ ဂိုးနှင့် အသင်းဟောင်း ရီးရဲမက်ဒရစ်အသင်းအတွက် ဂိုး ၃၀ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံအသင်းနှင့် ကလပ်အသင်းများအတွက် ရော်နယ်ဒိုသွင်းယူခဲ့သည့် ဂိုးများအနက် ပယ်နယ်တီမှတစ်ဆင့် သွင်းယူသည့်ဂိုး ခုနစ်ဂိုးနှင့် ဟက်ထရစ်သွင်းယူနိုင်မှု သုံးကြိမ် ပါဝင်ခဲ့သည်။

ပြက္ခဒိန်နှစ် တစ်နှစ်အတွင်း ဂိုး ၅၀ နှင့်အထက်အား နှစ်နှစ်နှင့်အထက် သွင်းယူနိုင်သည့် အခြားကစားသမားများအဖြစ် အာဂျင်တီးနားနှင့် ဘာစီလိုနာကစားသမား လီယွန်နယ်မက်ဆီ၊ ဘိုင်ယန်မြူးနစ်နှင့် ဂျာမနီတိုက်စစ်မှူး သောမတ်မူလာတို့သာရှိကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

**ပြက္ခဒိန်နှစ် တစ်နှစ်အတွင်း ဂိုး ၅၀ နှင့်အထက်အား နှစ်နှစ်နှင့်အထက် သွင်းယူနိုင်သည့် အခြားကစားသမားများအဖြစ် အာဂျင်တီးနားနှင့် ဘာစီလိုနာကစားသမား လီယွန်နယ်မက်ဆီ၊ ဘိုင်ယန်မြူးနစ်နှင့် ဂျာမနီတိုက်စစ်မှူး သောမတ်မူလာတို့သာရှိ**

တိုက်စစ်ကစားသမားတစ်ဦးဖြစ်သူ မက်ဆီသည် ၂၀၁၈ ခုနှစ်အတွင်းတွင် ဟက်ထရစ်သွင်းယူနိုင်မှု လေးကြိမ်နှင့်အတူ သွင်းဂိုး ၅၀ ပြည့်သွင်းယူနိုင်ခဲ့ပြီးဖြစ်သည့် ကစားသမားဖြစ်သည်။

၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလား ပြိုင်ပွဲပြီးဆုံးချိန်တွင် ရော်နယ်ဒိုသည် ပေါ်တူဂီလက်ရွေးစင်အသင်း ကစားခဲ့သည့် ပွဲအချို့တွင် ပါဝင်ကစားခြင်းမရှိခဲ့ဘဲ အနားယူခဲ့ခြင်းကြောင့် ဂိုးသွင်းယူနိုင်မှုအပေါ် ကန့်သတ်မှုများ ရှိလာခဲ့ခြင်းဖြစ်သည်။ **ထက်အောင်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၂/၂၀၁၈-၂၀၁၉)

မအူပင်ခရိုင်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများကို သက်ဆိုင်ရာလုပ်ငန်းခွင်အရောက် (မြန်မာငွေကျပ်ဖြင့်) ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၇-၁-၂၀၁၉ရက်
**တင်ဒါပုံစံပိတ်မည့်ရက်/အချိန်** - ၁၆-၁-၂၀၁၉ရက် မွန်းတည့် ၁၂:၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၈-၁-၂၀၁၉ရက် မွန်းလွဲ ၁:၀၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ မအူပင်မြို့။

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များ၊ အသေးစိတ်အချက်အလက်များကို ကျေးလက်လမ်းဖွံ့ဖြိုးဦးစီးဌာန၊ မအူပင်ခရိုင်ရုံး၊ ဖုန်း-၀၄၅-၃၀၈၄၅၊ ၀၉-၅၁၈၃၀၉၅၊ ၀၉-၂၅၃၇၄၁၃၀၂ တို့သို့ ၇-၁-၂၀၁၉ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သူနာပြုတက္ကသိုလ်-မန္တလေး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သူနာပြုတက္ကသိုလ်-မန္တလေးတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ပစ္စည်းများဝယ်ယူလိုပါသဖြင့် ရောင်းချလိုသည့် တရားဝင်အသိအမှတ်ပြု (လိုင်စင်ရအဖွဲ့အစည်း၊ ကုမ္ပဏီ) များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။
၂။ ဝယ်ယူမည့်ပစ္စည်းများ
(က) လျှပ်စစ်သုံးပစ္စည်းများ
(ခ) အရပ်ရပ်သုံးပစ္စည်းများ (ရေပိုက်/လျှပ်စစ်စသည့်အပိုပစ္စည်း)
(ဂ) ရုံးသုံးစက်ကိရိယာများ
(ဃ) ရုံးသုံးပရိဘောဂများ
(င) e-Government ဆောင်ရွက်ရန်လုပ်ငန်း
(စ) Medical Books & Journals များဝယ်ယူရန်
၃။ တင်ဒါတင်သွင်းသူသည် အထက်ဖော်ပြပါပစ္စည်းများကို တင်ဒါအချက်အလက်ပါ စည်းကမ်းအတိုင်း တင်ဒါခေါ်ယူရေးအဖွဲ့ထံသို့ သတ်မှတ်ရက်အတွင်း တင်ဒါတင်သွင်းရမည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၁-၁၂-၂၀၁၈ရက်
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၂၁-၁-၂၀၁၉ရက်၊ ညနေ ၄:၀၀နာရီ
**တင်ဒါပုံစံရောင်းချမည့်နေရာ** - သူနာပြုတက္ကသိုလ်-မန္တလေး၊ စီမံရေးရာဌာန

လိုအပ်သည့်ပစ္စည်းအမျိုးအစား၊ ပစ္စည်းအသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို သိရှိလိုပါက ရုံးချိန်အတွင်း အတွင်းရေးမှူး တင်ဒါကော်မတီအဖွဲ့ ဖုန်း-၀၂-၈၁၂၇၃ထံသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သူနာပြုတက္ကသိုလ်-မန္တလေး**
